www.burmeseclassic.com

# သတိုးတေဇ

စွယ်နီဆင်ရိုင်း



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၁၇၀၈၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၀၉၀၈၁၀

ထုတ်ဝေသူ - ဦးဝင်းသူရထွင်
(အိပ်မက်အသစ်စာပေ)
၃၈ (၃ လွှာ)၊ ၁၅၃-လမ်း။
တာမွေမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးဇော်မြင့်ဝင်း၊
(ကာလာရှန်ပုံနှိပ်တိုက်)
၁၈၄ (ဘီ)၊ ၃၁ လမ်း၊ (အထက်)
ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးဒီဇိုင်း - Antt Bwere Zin

ပုံနှိပ်ခြင်း - ပထမအကြိမ်
ဩဂုတ်လ၊ ၂၀၁၀ ခုနှစ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၂၀၀၀ ကျပ်

၈၉၅ • ၈၃

သတိုးဓေတ

စွယ်နီဆင်မိုင်း၊/ သတိုးဓေတ ။ - ရန်ကုန် ၊
အိပ်မက်အသစ် ၊ ၂၀၁၀။
၁၆၈ - စာ၊ ၁၂ × ၁၈ • ၅ စင်တီမီတာ။
(၁) စွယ်နီဆင်မိုင်း။


www.burmeseclassic.com

www.burmeseclassic.com

# Eainmakathit presents

**Eainmakathit**

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

www.burmeseclassic.com

www.burmeseclassic.com

# သတိုးတောင

## စွယ်နီသင်ရိုင်း

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအချိန်က ပဲခူးရိုးမ၏ အရှေ့ခြမ်းရော၊ အနောက်ခြမ်းမှာပါ မုဆိုး စံပီးဆိုသူကို မသိသူဟူ၍မရှိ၊ မုဆိုးစံပီးမှာ အသက်အရွယ်အားဖြင့် သုံးဆယ်ကျော်မျှရှိပြီး ကရင်လူမျိုးတစ်ဦးလည်း ဖြစ်ပေသည်။ ကိုယ်လုံးကိုယ်ဟန် ကျစ်လျစ်သန်စွမ်းပြီး လျင်မြန်ဖြတ်လတ်လွန်းသည့် မုဆိုးစံပီးမှာ အတည်တကျနေထိုင်ရာ ဟူ၍မရှိပဲ ရိုးမတောကြီးအနီးမှ ရွာနီးချုပ်စပ်ရွာများတွင် သူပစ်ခတ်ဖမ်းဆီးရသမျှ တောကောင်တို့ကို လှည့်လည်ရောင်းချကာ အသက်မွေးဝမ်းကျောင်း ပြုသူဖြစ်လေသည်။

တစ်ခါတစ်ရံ စံပီးမှာ ရိုးမတောကြီးအစပ်ရှိ ဖဒိုရွာမှ သစ်ထုတ်လုပ်ရေးဆင်ဝိုင်းများတွင်လည်း ဆယ်ရက်တစ်ပတ်ဆိုသလို ပါလာသမျှ သားကောင်တွေကိုရောင်းချရင်း ပျော်သလောက်နေထိုင်လေ့ရှိရာ ဆင်စခန်းမှ ဆင်ခေါင်း၊ ဆင်ဦးစီးတို့နှင့်သာမက လက်အောက်ငယ်ထမ်းဖြစ်သူ "ဆင်ကိုင်"တို့နှင့်ပါ ရင်းနှီးခင်မင်လာလေသည်။

အိပ်မက်အသစ်

www.burmeseclassic.com



လူပုံက ကောနည်းသလောက် တောကျွမ်းခြင်း၊ တော် ကောင်အကြောင်း နားလည်ခြင်း၊ သေနတ်ပစ်ကျွမ်းကျင်ခြင်းတို့ ကြောင့် သူ့ကို ဖဒိုရွာမှ ဆင်ဦးစီးတွေက ရိုးမတောကြီးအတွင်း ဆင်တောက်သွားတိုင်း သားရဲတိရစ္ဆာန်တို့၏ဘေးရန်မှ ကာကွယ်ရန် အားကိုးတကြီးနှင့် ခေါ်သွားလေ့ရှိသည်။

အခုလည်း စံပီးတစ်ယောက် ရိုးမတောကြီးအတွင်းသို့ လက် စွဲတော် တူမီးသေနတ်ကြီးကိုထမ်းပြီး သားကောင်ပစ်ရန် ထွက်လာ ခဲ့သည်မှာ တစ်ရက်နှစ်ရက်ပင် ရှိနေပြီဖြစ်သည်။ သို့သော် စံပီး အတွက် သားကောင်ကြီးကြီးမားမားက ယခုအချိန်ထိ ဟုတ်တိပတ် တိမရသေး။ ဒေါင်းနှင့်တောကြက်တွေသာ ဟိုနေရာ ဖျတ်ခနဲ ဒီနေ ရာ ဖျတ်ခနဲ တွေ့နေရသည်။ တကယ်တော့ စံပီးအဖို့ ကျီ၊ ဆတ်၊ ဖြောင် တို့လို သားကောင်ကြီးမျိုးရပါမှ သူ့အတွက် တွက်ခြေကိုက် မည်ဖြစ်ရာ အချိန်ဖြုန်းမနေတော့ဘဲ ပဲခူးရိုးမပေါ်မှ ကညင်ပင်ကြီး များ၊ သစ်အယ်ပင်နှင့် ဝါးတောကြီးများအတွင်းသို့ တောတိုးဝင် ရောက်လေတော့သည်။

တဖြည်းဖြည်းနှင့် အချိန်က ညနေလေးနာရီခန့်ဖြစ်လာ၏။ စံပီးအဖို့ ဒီရိုးမတောကြီးအတွင်း မနားမနေ လျှောက်လာခဲ့ရ၍ ခြေတွေ က ညောင်းလည်းညောင်း၊ ပင်လည်းအတော်[illegible]င်ပန်းနေပြီဖြစ်ရာ ကျွန်း ပင်မြင့်မြင့်ကြီးများ ကျပ်ကျပ်ညပ်ညပ်[illegible]က်နေသည့် လျိုကြီးတစ် ခုအတွင်းသို့ စိုက်ဆင်းသွားလိုက်သ[illegible]။ ထိုနေရာမှာ အနည်းငယ် မတ်စောက်စောက်ဖြစ်နေပြီး ကျောက်တုံးကျောက်ခဲများ ပေါများသည် ဖြစ်လေရာ စံပီးမှာ သတိဖြင့်ဆင်းနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအချိန်မျိုးမှာ သားကောင်များ အစာရှာထွက်သည့် အချိန်မျိုးဖြစ်နေလေရော့ သူ့အတွက် အကောင်းဆုံးအချိန်မှန်း သိလိုက်ရသည်။

'ခွပ်…ခွပ်…ခွပ်'

စံပီး လျိုကြီးအတွင်းသို့ ဆင်းလာပြီး မကြာမီပင် ဂုံးပင်မှ ဂုံးသီးများကို တခွပ်ခွပ်ကိုက်ဝါးနေသော ဂျီတစ်ကောင်ကို လှမ်းတွေ့ရပေသည်။ ဂျီက အစာမဲနေသဖြင့် စံပီး လျိုကြီးအတွင်း နင်းလျှောက်လာသော အသံဗလံကို ကြားမိပုံမပေါ်ချေ။

စံပီးမှာ အသံမပြည်အောင် ဂရုစိုက်ရင်း ဖြည်းဖြည်းချင်း ရှိနှင့်နီးကပ်အောင် သွားလိုက်၏။ ဂုံးသီးများကို ကိုက်ဝါးစားနေသော ဂျီမှာလည်း စံပီးနှင့် ဆယ့်ငါးကိုက်သာသာလောက်ပင် ရှိနေပြီဖြစ်သည်။ ထို့နောက် စံပီးက နီးနိုင်သမျှနီးအောင် ခြေသံလုံလုံဖြင့် ချဉ်းကပ်သွားပြီး ပခုံးပေါ်မှ ယမ်းထိုးပြီးသား တူမီးသေနတ်ကို အသင့်အနေအထားနှင့် ချိန်ရွယ်လိုက်သည်။

ယခင်ကဆိုလျှင် စံပီးမှာ သားကောင်များကို ပစ်ခတ်ရာတွင် အုံးခနဲလဲသွားမည့်ချက်ကောင်းကိုသာ ဂရုစိုက်ပြီး ချိန်ရွယ်ပစ်ခဲ့ပြီး အခြားဘာကိုမှ ဂရုမစိုက်ခဲ့။ ယခုတော့ စံပီး၏ စီးပွားရေးမျက်စိတွေက ဆင်သမားတွေနှင့် ပေါင်းမိပြီးကာမှ အတော်လေးပင် မျက်စိပွင့် နားပွင့်ဖြစ်လာရာ သူ့ပစ်ကွင်းထဲမှ ဂျီကို အရေလည်းမပျက်စီးစေလို၊ အသားလည်း ကျည်ဆံနောက်သို့ များများစားစား ပါမသွားစေလိုသဖြင့် ခေါင်းကိုသာရွေးပြီးပစ်ရန် ဆုံးဖြတ်လိုက်၏။

"ကလစ်…"



www.burmeseclassic.com

www.burmeseclassic.com



တူမီးမှ မောင်းတံကို ဖြည်းဖြည်းချင်း ဆွဲတင်လိုက်ပြီး ဝုံးသီးတွေကို ပါးစပ်ဖြင့်ဟပ်ကာ ကောက်ယူလိုက်၊ လည်ကိုစင်းပြီး တခွပ်ခွပ်ဝါးလိုက်လုပ်နေသော ဂျီ၏ဦးခေါင်းကို သေချာချိန်ရွယ်လိုက်သည်။

"ဒိန်း…"

တူမီးသေနတ်မှ ဒိန်းကနဲမြည်သံကြီးနှင့်အတူ ဂျီမှာ မြေကြီးပေါ်တွင် ဘိုင်းကနဲကိုင်ရိုက်လိုက်သလို ပစ်ကျသွားကာ အကြောများဆွဲနေတော့သည်။

ချက်ချင်းဆိုသလို စံပီးမှာ လဲကျနေသော ဂျီရှိရာသို့ပြေးသွားပြီး ခါးကြားမှဓားမြှောင်ဖြင့် ညာဘက်ခြေထောက် ဒူးကောက်ကွေးအထက်နားမှ အရေပြားကို ထိုးဖောက်လိုက်သည်။ ထို့နောက် ဘယ်ဘက်လက်၏ ခွာဆစ်အထက်နားမှ အရေပြားကိုလည်း ဓားမြှောင်နှင့် ထိုးဖောက်လိုက်ပြန်သည်။ ထိုအပေါက်အတွင်းသို့ လက်သန်းခန့်တုတ်သော တစ်မိုက်သာသာ သစ်ကိုင်းကလေးတစ်ခုကို လျှိုပြီးသွင်းလိုက်၏။

ခြေနှင့်လက်တို့ကို တုတ်ချည်ပြီးနောက် စံပီးမှာ ဂျီကိုဆွဲလာလျက် အနီးမှသစ်ပင်တစ်ပင်၏ အတက်ကိုင်းတစ်ခုတွင် ချိတ်ဆွဲထားလိုက်လေသည်။

ကိုစံပီးမှာ ဂျီသေကို သစ်ကိုင်းတွင် ချိတ်လိုက်ပြီးကာမှ သူ့အတွေးတွေက ဖဒိုရွာမှ မယ်ခွေ့ကိုသတိရမိသွား၏။

"အသားကောင်းကောင်းလေး တစ်တွဲလောက်ကိုတော့ မယ်ခွေ့တို့အိမ်အတွက် ဖယ်ထားရမယ်၊ နောက်ပြီး ဒီ ဂျီအရေရောင်းပြီးရင် သူ့အတွက် ရှန်တာဘက်ကလေးတစ်ထည်နဲ့ ပုလဲနားကပ်လေးတစ်ရံတော့ ဝယ်ပေးလို့ရတန်ကောင်းပါရဲ့…"



www.burmeseclassic.com

www.burmeseclassic.com



ကိုစံပီးမှာ လူရိုး၊ လူအတစ်ယောက် ဖြစ်ရုံမက သဘော ကောင်းသူဖြစ်သဖြင့် ဖဒိုရွာမှ မိန်းမကြီးတွေ အားလုံးလိုလိုက သူ့ကို အလေးပေးဆက်ဆံကြသည်။ ထိုအထဲမှ မလွတ်မလပ်သူ အိမ်ထောင်သည်ကပင် ကိုစံပီးကို ထိကပါးရိကပါးနှင့် ပြောဆိုဆက် ဆံလာကြသည်။ အခုလည်း ကိုစံပီးတစ်ယောက် မယ်ခွေဆိုသည့် လင်ရှိမယားတစ်ယောက်နှင့် တိတ်တိတ်ပုန်း မလွတ်မကင်းဖြစ်လာ ခဲ့သည်မှာ နှစ်မိုးသုံးမိုးပင်မကတော့။ အဲဒီနောက်ပိုင်း ကိုစံပီး တစ်ယောက် ဖဒိုဆင်စခန်းကို အသွားအလာ ပိုပြီးစိတ်လာသည်။ ခါတိုင်းထက်ပိုပြီး ဈေးကောင်းရမည့် တောကောင်တို့ကိုသာ ရွေး ချယ်ပြီး ဖစ်ဝေ်လာလေသည်။ ကုန်ကုန်ပြောရလျှင်တော့ စံပီးဘဝ မှာ မုဆိုးအလုပ်လုပ်နေရုံမက ကံငါးပါးစလုံး ကျူးလွန်နေသူ တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေခဲ့သည်။

ထိုအချိန်မှာပင်…ထင်းဝါးများ ထူထပ်စွာပေါက်နေသည့် တောကြီးဖက်ဆီမှ တဖြောင်းဖြောင်းနှင့် ဝါးချိုးသံများသာမက ဝါး ရွက်တွေကို ဆွဲချနေသည့်အသံများကို ကြားလိုက်ရလေသည်။

"ဟင်…ဒါ ဝါးတောထဲက ဝါးချိုးသံတွေပဲ၊ မဟုတ်မှ လွဲရော…ဖဒိုဆင်ဝိုင်းထဲက ဆင်တွေပဲဖြစ်မယ်"

ထိုအသံများကို စံပီး နားစိုက်ထောင်နေစဉ်မှာပင်…

"ဖြောင်း…ဖြောင်း…ဝရော…ရော…"

ဟူသော အသံများသာမက ဝါးကိုင်းများကို ဆွဲချသံတွေပါ ကြားလာရသည်။ ထိုအသံများနှင့်အတူ စံပီးမှာ တစ်ကိုယ်လုံး ချွေး စေးတွေပင်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်မှ ဆင်အစစ်ပဲ၊ ဖဒိုဝိုင်းက ဆင်တွေဆိုရင်တော့ ကိစ္စမရှိဘူး။ ဒီအပြင် ရိုးမတောထဲက ဆင်ရိုင်းအုပ်ဆိုရင်တော့ သတိထားမှဖြစ်မယ်၊ ဒီကောင်တွေက ဉာဏ်သိပ်များတယ်၊ ရက်စက်တတ်တယ်"

ထိုအတွေးနှင့်အတူ စံပီးမှာ အသံတွေကြားရာ ထင်းဝါးတောကြီးရှိရာသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်သွားလေသည်။ ထို့နောက် စံပီးတ မြေပြင်ပြောင်ပြောင်ပေါ်မှာ မြက်အဖျားကလေးများကို လက်နှင့်ဆုပ်ကာ ဆွဲဖြတ်လိုက်ပြီး အပေါ်သို့ တအားမြှောက်ပစ်လိုက်၏။ မြက်ဖျားကလေးများက လျှိုမြောင်အစပ်မှ ထင်းဝါးတောကြီးနှင့် ဆန့်ကျင်ဘက်သို့ ဖြည်းဖြည်းညင်းညင်း လွင့်၍သွားလေသည်။

ထိုအခါမှပင် လေမှာ အထက်သို့ သာယာညှင်းပျောင်းပြီး မသိမသာလေးတိုက်နေမှန်း သိရလေသည်။ လေက အဆင်ပြေနေသဖြင့် စံပီးမှာ ဆင်အုပ်များရှိရာ ဝါးတောဆီသို့ စိတ်ချလက်ချပင် ချဉ်းကပ်သွားနိုင်လေသည်။

စံပီး ထင်းဝါးတောကြီးအစပ်ဆီသို့ ရောက်သောအခါ...

"ကျွိ...ကျွိ...အိုင်...အိုင်...ဝေါ"

"ဘုန်း..."

ဟူသော အသံတွေကို ကြားလိုက်ရလေသည်။ ထိုအသံများကြားရာနေရာမှ ဝါးရုံပင်မြင့်မြင့်ကြီးများ၏ အကိုင်းအဖျားများမှလည်း လေတိုက်သကဲ့သို့ပင် ယိုင်၍တုန်၍ လှုပ်ရှားနေလေသည်။ ထိုအချိန်အထိ အကောင်အထည်ကို မမြင်ရသေးသော စံပီးမှာ ဆင်အကောင်ရေ မည်၍မည်မျှ ရှိသည်ကိုလည်း သူ၏ မျက်စိအတွေ့အကြုံ



www.burmeseclassic.com

www.burmeseclassic.com



အရ ခန့်မှန်းပြီးဖြစ်လေသည်။ သူစောစောက ကြားလိုက်ရသော အသံများမှာလည်း ထိုဆင်အုပ်ကြီးအတွင်းမှ ဆင်ပေါက်စလေးတစ်ကောင်၏ အသံဖြစ်မှန်း တွက်ဆကြည့်လိုက်မိလေသည်။

"ဒီဆင်အုပ်စုဟာ ဘယ်နည်းနဲ့မှ ဖဒိုကဆင်တွေ မဖြစ်နိုင်ဘူး၊ ဘာပဲပြောပြော ဆင်ဝိုင်းထဲက ဆင်တွေဆိုရင် အနည်းဆုံးတော့ ခလောက်သံကြားရမှာပဲ၊ ဆင်အုပ်ထဲမှာလည်း ဆင်ပေါက်စ တစ်ကောင်စ နှစ်ကောင်စ ပါမှာသေချာတယ်။ စောစောက ကြားလိုက်ရတဲ့ အသံက စွယ်စုံဆင်ကြီးကို သွားစတဲ့ ဆင်ပေါက်တစ်ကောင်ကို စွယ်စုံဆင်ကြီးက မခံနိုင်ဖြစ်ပြီး နှာမောင်းနဲ့ရိုက်လိုက်တဲ့အသံပဲ..."

ထိုအတွေးများနှင့်အတူ စံပီးမှာ ဝါးရုံပင်များ၏ခြေရင်းတွင် အကာအကွယ်ပြုရင်း တူမီးသေနတ်ပြောင်းအတွင်းသို့ အသင့်ထုပ်ပိုးလာသော လွယ်အိတ်ထဲမှ ယမ်းများကို လောင်းထည့်လိုက်၏။ နှစ်ကြိမ်သုံးကြိမ် ယမ်းများကို လောင်းထည့်ပြီးသောအခါ တူမီးသေနတ်ပြောင်းကို အပေါ်သို့ထောင်ကာ သေနတ်ဒင်ကို မြေကြီးနှင့် သုံးလေးချက်ဆောင့်လိုက်သည်။

ပြောင်းအတွင်းထည့်လိုက်သော ယမ်းများ အတော်ကလေးပင် သိပ်သည်းပြီး ညီညာသွားသောအခါ ပြောင်းဝမှနေ၍ သံချောင်းရှည်တစ်ချောင်းဖြင့်ထောက်ပြီး ယမ်းကို ပြန်စမ်းကြည့်လိုက်လေသည်။

စံပီး၏ တူမီးသေနတ်ထဲတွင်တော့ ယမ်းက လက်လေးလုံးသာသာပင် ရှိနေသေးသည်။ ထို့နောက် ဆင်တစ်ကောင်ကိုပစ်ရန် လုံလောက်နိုင်မည့် ယမ်းပမာ လက်တစ်မိုက်ခန့်ကို မှန်းပြီးထပ်ပြီး ထည့်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယမ်းလောင်းထည့်ပြီးသောအခါ စံပီးမှာ သူ့လွယ်အိတ်အတွင်းမှ ဖျင်အင်္ကျီစုတ်ကို ဆွဲဆုတ်လိုက်ပြီး လက်တစ်ဝါးစာလုံးကာ ပြောင်းအတွင်း ထိုးသွင်းလိုက်၏။ ထို့နောက် သံချောင်းရှည်ဖြင့် အချက်ပေါင်းနှစ်ဆယ်ခန့် ဆောင့်ပြန်သည်။

အားလုံး ပြီးဆုံးသွားပြီဆိုကာမှ ဆင်ကိုထိမှန်လျှင် သေစေနိုင်လောက်သည့် ဆောက်သွားတစ်ချောင်းကို ပြောင်းဝမှ ထိုးသွင်းလိုက်သည်။

"ဘာပဲပြောပြော ဒီဆင်အုပ်ထဲက စွယ်စုံဆင်တစ်ကောင်လောက်ရလိုက်ရင် ငါ့အဖို့ မျိုးမျိုးမြက်မြက်ကလေး ရမှာပဲ၊ နောက်ပြီး ဆင်သားဖျက်ပြီး ဖဒိုနားက တောင်ပေါ်ဆယ့်လေးရွာမှာ လှည့်ရောင်းလိုက်ရရင် ငါ့အတွက် လာမယ့်တစ်မိုးတော့ အေးအေးလူလူနေလို့ရမှာပဲ"

စံပီးမှာ သူ၏ တူမီးသေနတ်အတွင်းသို့ ယမ်းမှုန့်နှင့် ဆောက်သွားတစ်လက်ကို ထည့်ပြီးသောအခါ အင်္ကျီစုတ် လက်တစ်ဝါးစာလုံးပြီး ပြောင်းအတွင်းသို့ နောက်ဆုံးအဆင့် ထိုးသွင်းလိုက်၏။ ထို့နောက် အပေါ်မှနေ၍ သံချောင်းရှည်နှင့် ဆောင့်ချလိုက်ပြန်သည်။

ကိစ္စဝိစ္စတွေ ပြီးသွားသောအခါ စံပီးမှာ အသံဗလံတွေကြားနေရသော ထင်းဝါးတောကြီးဖက်ဆီသို့ နားစိုက်ထောင်နေရင်း လွယ်အိတ်ထဲမှ သနပ်ဖက်ဆေးလိပ်တိုကို မီးညှိပြီး အားရပါးရဖွာနှစ်ဖွာသုံးဖွာ ရှိုက်ဖွာလိုက်သည်။

ထိုအချိန်မှာပင်...

"ဖြောင်း...ဝရော...ဖျော...ဖျော...



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသံကြီးနှင့်အတူ ဝါးရုံပင်များအကွယ်မှ တိုးထွက်လာသော စွယ်စုံဆင်ကြီး၏ ဦးခေါင်းကြီးကို လှမ်းတွေ့လိုက်ရလေသည်။

"ဟင်...နည်းနည်းနောနောကောင်ကြီး မဟုတ်ဘူး"

စံပီးနှင့်ထိုစွယ်စုံဆင်ကြီးမှာ ကိုက်ငါးဆယ်သာသာလောက်ကွာဝေးနေပြီး စံပီးအနီးမှ ဝါးရုံပင်ကြီးက ကွယ်နေသဖြင့် သူ့ကိုဘယ်လိုမှ မြင်နိုင်စရာအကြောင်း မရှိပေ။ တစ်ချိန်တည်းမှာပဲ စံပီး၏ မျက်လုံးတွေက အနီးပတ်ဝန်းကျင်မှ အလွယ်တကူ ပြေးတက်နိုင်ရန် သစ်ပင်မြင့်မြင့်ကြီးများနှင့် ကျောက်တုံးကျောက်ခဲများ ပြည့်နှက်နေသော တောင်ကမ်းပါးကြီးကိုလည်း ကြိုတင်ပြီးကြည့်ထားမိ၏။

စံပီး လှမ်းမြင်နေရသော စွယ်စုံဆင်ကြီး၏ ဝင်းဝါနေသော အစွယ်ကြီးများမှာ ပေါင်ဖျားသာသာရှိပြီး အရှည်က နှစ်တောင်ခန့်ရှိလေသည်။ ပိုပြီးထူးခြားသည်က ဝင်းဝါနေသော အစွယ်ကြီး၏ အဖျားနှစ်ခု၏ ထိပ်ပိုင်းများမှာ အနီရောင်သန်းနေခြင်းပင်ဖြစ်၏။

"ဖြောင်း...ဝရော...ရော...ရော"

ထိုအချိန်မှာပင် စွယ်စုံဆင်ကြီးက ဝါးလုံးကို ဆွဲချိုးလိုက်သံကို ကြားလိုက်ရသည်။ ထို့နောက် နှာမောင်းနှင့်ရစ်ကာ ဝါးရွက်တွေကို တမြိုးမြိုးနှင့် ဆွဲယူနေပြန်သည်။

ဆင်များမှာ မျက်လုံးအမြင်အား မကောင်းသော်လည်း နားပါးပြီး အနံ့ခံနိုင်စွမ်းမှာ အခြားသတ္တဝါများထက်ပင် ပိုပြီးသာသည်ဟုပြောရမည်။ ဒါပေမယ့် အခုလို အစာကို အသဲအမဲအာရုံစိုက်နေချိန်တွင်တော့ အနံ့ခံနိုင်သည့် အာရုံကောင်း၊ တဖြောင်းဖြောင်းဟာဝေါဝေါ



www.burmeseclassic.com

www.burmeseclassic.com



ဆူညံနေသည့် အသံဗလံတွေကြောင့် စံပီးကို ဘယ်လိုမှ အာရုံစိုက်မိမှာမဟုတ်ချေ။

ထို့နောက် စံပီးမှာ လက်ထဲတွင် တူမီးသေနတ်ကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း စွယ်စုံဆင်ကြီးနှင့် နီးနိုင်သမျှနီးအောင် တိုးကပ်သွားလေရာ တဖြည်းဖြည်းနှင့် ကိုက်နှစ်ဆယ်သာသာ အကွာသို့ပင် ရောက်နေပြီဖြစ်သည်။ ထိုသို့ တိုးကပ်သွားတိုင်းမှာလည်း စံပီး၏ မျက်လုံးတွေက စွယ်စုံဆင်ကြီးထံမှ တစ်ချက်ကလေးမှပင် မခွာ...။

အခုအချိန်အထိ စံပီးမြင်နေရသော မြင်ကွင်းထဲတွင် စွယ်စုံဆင်ကြီးတစ်ကောင်မှလွဲပြီး တခြားဘယ်ဆင်ကိုမှ မတွေ့ရ။

"ဟင်...ဆောဆောက တကျိုကျိုနဲ့ အော်နေကြတဲ့ တခြားဆင်တွေလည်း ရှိမနေပါလား၊ ဒီတစ်ခါတော့ ငါ့တွက်ကိန်း လွဲပြီထင်ပါရဲ့"

ထိုအတွေးနှင့်အတူ စွယ်စုံဆင်ကြီး၏ အနီးဝန်းကျင်မှ ဝါးတောထဲသို့ သေချာအောင် လှမ်းကြည့်လိုက်ပြန်လေသည်။ ထိုနေရာတစ်ဝိုက်တွင်တော့ စွယ်စုံဆင်ကြီး တစ်ကောင်မှလွဲပြီး တခြားဘယ်ဆင်ကိုမှ မတွေ့ရချေ။

ထိုအချိန်မှာပင် ဆောဆောက ဝါးလုံးတွေကို တဖြောင်းဖြောင်း ချိုးချနေသော စွယ်စုံဆင်ကြီးမှာ စံပီးကို ကျောပေးပြီး မလှုပ်မယှက် ငြိမ်နေသည်ကို တွေ့လိုက်ရသည်။

စံပီးမြင်နေရသော စွယ်စုံဆင်ကြီး၏ တင်ပါးကြီးပေါ်တွင် သစ်တောကြီးပိုင်းများမှ နိုင်ငံပိုင်ဆင်အဖြစ် ခတ်နှိပ်ထားသော တံဆိပ်



www.burmeseclassic.com

www.burmeseclassic.com



ကို မတွေ့ရသဖြင့် ထိုဆင်ကြီးမှာ ဆင်ရိုင်းကစ်ကောင်ဖြစ်နေမှန်း ပိုပြီးသေချာသွားသည်။ ထိုအချိန်မှာပင် ဆင်ကြီး၏နားရွက်ဖျားများမှ တဖတ်ဖတ် လှုပ်ခတ်နေရာမှ တစ်စုံတရာကို အာရုံစိုက်မိသွားသလို ငြိမ်သက်ပြီး နားထောင်နေလေသည်။

"ဟင်…ငါဒီနားကိုရောက်နေတာ ဒီကောင်ကြီး ရိပ်မိသွားပြီထင်တယ်"

စံပီးမှာ အသက်ပင်မရှူနိုင်လောက်အောင် ဖြစ်နေပြီး ဝါးရုံပင်ကြီးတစ်ပင်ကို အကာအကွယ်ပြုကာ လက်ထဲမှ တူမီးသေနတ်ကို အသင့်အနေအထားနှင့် ချိန်ရွယ်လိုက်သည်။

ထိုစဉ်မှာပဲ ကျောပေးပြီးရပ်နေသော ဆင်ကြီးမှာ တစ်စုံတစ်ယောက်က အမိန့်ပေးခိုင်းစေလိုက်သလိုမျိုး နောက်သို့ ရုတ်တရက် လှည့်ကာ စံပီးရှိရာ ဝါးရုံဆီသို့ အသံကုန်အော်ဟစ်ပြီး ပြေးဝင်လာလေသည်။

"ဝူး…ဝေါင်း"

"ဖြောင်း…ဝုန်း"

သစ်ကိုင်းသစ်ခြောက်တွေကို တက်နင်းသံ၊ ဆင်ကြီး၏ မာန်ဖီပြီးအော်သံနှင့် မြေပြင်ကို နှာမောင်းနှင့်ရိုက်ကာ ရန်သူကိုစိန်ခေါ်ပြီး ပြေးဝင်လာသည့် မောင်းအိုးခွဲသံတွေက တစ်တောအတွင်း ဆူညံသွားကာ ဖုန်လုံးတွေက မဲမှောင်ပြီး အလိပ်လိုက်တက်လာသည်။

ထိုစဉ်မှာ…စံပီး၏မြင်ကွင်းတစ်ခုလုံး အမှောင်အတိ ကျသွားသလို မှုန်ဝါးသွား၏။ တစ်ချိန်တည်းမှာပင် မျက်နှာချင်းဆိုင်မှ တစ်ဟုန်ထိုးပြေးဝင်လာသော စွယ်စုံဆင်ကြီး၏ ဦးကင်းနှင့်ကျောပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



လူနှိုက်နှမ်းယောက်တို့ စီးလာကြသည်ကို တွေ့လိုက်ရသည်။ ထို လူနှိုက် နှမ်းယောက်မှာ လက်ထဲတွင် ချုန်းနှင့်လှံတံတို့ကို ကိုင်ထားကာ စံပီး ရှိရာသို့ ဦးတည်ပြီး စွယ်စုံဆင်ကြီးကို မောင်းသွင်းတိုက်ခိုက်နိုင်းနေ၏။

"ဟင်"

စံပီးမှာ တစ်ကြိမ်တစ်ခါမှ မမြင်ဘူး၊ မကြုံဘူးသော မြင်ကွင်း ကြောင့် ကြက်သေပင်သေနေမိသည်။ စွယ်စုံဆင်ကြီးပေါ်မှ ကွမ်းသွေး ရောင်ကဲ့သို့ တစ်ကိုယ်လုံး နီမြန်းနေသော လူနှစ်ယောက်မှာ လူသား စစ်စစ်ဟုပင် ပြောရခက်နေလေ၏။

တူမီးသေနတ်ကို ဆုပ်ကိုင်ထားသော သူ့လက်တွေကလည်း တစ်စုံတစ်ယောက်က ဖမ်းဆုပ်ဖျစ်ညှစ်ထားသလို တောင့်တင်းနေ၏။

ထို့နောက် ရှိသမျှအားအင်တွေကို ကြိုးစားဖျစ်ညှစ်ပြီး မောင်း ခလုတ်ကို ဖြုတ်ချလိုက်လေသည်။

"ဒိန်း"

"ဖြောင်း...ဝုန်း"

"အား..."

အရာရာကား မှဆိုးစံပီးအဖို့ နောက်ကျသွားပေပြီ။

စံပီး အကာအကွယ်ယူထားသည့် ဝါးရုံပင်များမှာ ဖွာလန် ကျဲပြီး အပိုင်းပိုင်းကျိုးကျေကုန်သည်။ သူ့လက်ထဲမှ တူမီးသေနတ်မှာ လည်း ယမ်းပေါက်ကွဲသံကြီးနှင့်အတူ လေးငါးဆယ်ကိုက်အကွာသို့ လွင့်စင်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စံပီးကတော့ ပြေးလွှားချိန်ပင်မရလိုက်ဘဲ အစိတ်စိတ်အမွှာမွှာ ဖွာလန်ကျဲနေသည့် ဝါးခြမ်းများကဲ့သို့ မြေပြင်မှာသွေးအလိမ်းလိမ်းနှင့် မြားချပ်နေတာ လူရုပ်ပင် ဖမ်းမရအောင် ရုပ်ပျက်ဆင်းပျက်နင်းသတ်ခံလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

နောက်တစ်နေ့နံနက်တွင် ဖဒိုဆင်ပိုင်းတစ်ခုလုံးမှာ မုဆိုးစံပီး၏ အဖြစ်ဆိုးကြီးကို ကြားလိုက်ရသည်နှင့် သွေးပျက်မတတ် ထိတ်လန့်ခြောက်ခြားကုန်ကြလေသည်။ အချို့ ဆင်ဦးစီးများမှာလည်း အမြဲတမ်း ဖျတ်လတ်ပြီး သေနတ်ပစ်ကျွမ်းကျင်သည့် မုဆိုးစံပီးတစ်ယောက် ယခုကဲ့သို့ ဆင်နင်းခံရပြီး အသေဆိုးနှင့်သေခဲ့ရသည်ဆိုသည်ကို မျက်မြင်ဒိဋ္ဌ မတွေ့မမြင်ရသဖြင့် ဘယ်လိုမှပင် မယုံကြည်ကြပေ။

ထိုသော် ဖဒိုဆင်ပိုင်းမှ ဆင်ဦးစီးများဖြစ်ကြသည့် ကိုဒေါင်း၊ ကိုသာစံနှင့် ကိုအုန်းမြင့်တို့မှာ ဒီနေ့မနက် ဝေလီဝေလင်းအချိန်က ရိုးမတောကြီးအတွင်း ဆင်သွားကောက်ရာမှ သူတို့မျက်စိနှင့် တပ်အပ်မြင်တွေ့လာခဲ့သည့် မုဆိုးစံပီး၏အကြောင်းကို ရေပက်မဝင်အောင်ပင် ပြောပြနေလေသည်။ ကိုသာစံက အသံသြကြီးနှင့်...

"ကျုပ်ဖြင့်ဗျာ...ကိုစံပီးတစ်ယောက် ဒီလိုအသေဆိုးနဲ့ သေရလိမ့်မယ်လို့ ဘယ်လိုမှ ထင်မထားခဲ့ဘူးဗျို့"

"ဟုတ်ပါ့...ကိုစံပီးဆိုတာဗျာ ကြေမွနေတဲ့ ဝါးလောကြီးထဲ ရှပ်ပျက်ဆင်းပျက် သေနေပုံများ၊ ကျုပ်တော့ တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ရက်ရက်စက်စက် နင်းသတ်တဲ့ဆင်မျိုး မတွေ့ဘူးပေါင်ဗျာ"

www.burmeseclassic.com



ဆင်ဦးစီး ကိုအုန်းမြင့်မှာလည်း ဝေလီဝေလင်းအချိန်က ရိုးမတောကြီးအတွင်း သူတွေ့လာခဲ့သည့် စံပီး၏အလောင်းကို မျက်လုံးထဲတွင် ပြန်မြင်ယောင်နေရင်း စပ်ဆုပ်သည့်မျက်နှာနှင့် ပြောနေလေသည်။ ထိုအချိန်မှာပင် ဖဒိုဆင်စခန်းမှ ဆင်ခေါင်းဦးသာဒွန်း ရောက်လာပြီး…

"နို…နေကြပါအုံးကွဲ့၊ မင်းတို့မြင်လာခဲ့တာ တို့ ကိုစံပီးဆိုတာရော သေချာရဲ့လား"

"ဟာ…ဘာတွေးသာဒွန်းကလည်း သေချာသမှ ဟိုဖက်စောင်လွှန်သေး၊ သူ့အမြဲဝတ်တတ်တဲ့ ပုဆိုးညိုတိုတိုအကွက်နဲ့ လွယ်အိတ်အစုတ်ကြီးလည်း သွေးတွေစွန်းလို့၊ ပြီးတော့ သူကိုင်တဲ့ တူမီးသေနတ်ကိုလည်း အဲဒီနေရာနဲ့ လေးငါးဆယ်ကိုက်လောက်မှာ တွေ့ခဲ့ရတယ်ဆိုတော့ ကိုစံပီးမှ ကိုစံပီးအစစ်ပါဗျ"

ဆင်ခေါင်း ဦးသာဒွန်းမှ စုတ်တသပ်သပ်နှင့် ကိုသာစံ၏စကားကို နားထောင်နေလေသည်။ ထို့နောက် ဆင်ခေါင်းဦးသာဒွန်းက

"ဒီလိုဆိုရင်ဖြင့် တို့လူတွေ တောထဲမှာ ဆင်သွားကောက်ရင် အထူးသတိထားရတော့မယ့် ကိန်းဆိုက်နေပြီဟေ့၊ ဒါတင်မကသေးဘူး၊ လူသတ်ဖူးတဲ့ ဆင်ဆိုးဟာ နောက်တစ်ခါ လူသတ်ဖို့လည်း ဝန်မလေးတတ်ဘူးဆိုတော့ အမြန်ဆုံး နှိမ်နင်းဖို့တော့ လိုနေပြီ"

ဟု ပြောလိုက်လေရာ အနီးမှ ဝိုင်းအုံနေကြသော လူအုပ်ကြီးမှာလည်း…

"ဟုတ်တယ်ဗျို့…ဟုတ်တယ်၊ အဲဒီဆင်ဆိုးကို အမြန်နှိမ်နင်းမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်ဗျို့၊ ကျုပ်တို့တွေက တောထဲတောင်ထဲ သွားနေရတာဆိုတော့ အန္တရာယ်ဆိုတာ ပြောလို့ရတာမဟုတ်ဘူး"

"ဆင်ဆိုတာ ကိုယ်ကိုင်နေကျဆင်တောင် အမြဲတမ်းစိတ်ချရတာမှမဟုတ်ဘဲ၊ အစုလို ဆင်ဆိုးကိုတော့ နှိမ်နင်းပစ်တာ အကောင်းဆုံးပဲဗျို့"

တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းပြောဆိုနေကြသော လူအုပ်ကြီးမှာ ဖဒိုဆင်ဝိုင်းမှ ဆင်ဦးစီးများနှင့် ဆင်လုပ်သား၊ ထမင်းအိုးသူကြီးပါမကျန် သူတို့၏မိသားစုများကပါ ကျွတ်ကျွတ်ညံနေကြသည်။ ထိုအထဲမှ ဆင်ဦးစီးတစ်ယောက်၏ မိန်းမဖြစ်သူမှာလည်း ကလေးငယ်တစ်ယောက်ကို ခါးထစ်ခွင်ထားလျက်...

"အမလေးတော်...ကိုစံပီးကြီး မရှိတော့မှဖြင့် ကျုပ်တို့လည်း တောကောင်သားလေး စားရဖို့ဝေးပြီပေါ့..."

ဖဒိုဆင်ဝိုင်းမှာ ဆင်ကောင်ရေ ခုနစ်ကောင်ရှစ်ကောင်ဖြင့် နယ်ချဲ့တို့၏ သစ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးတစ်ခု၏ လက်အောက်တွင် မတန်တဆ လခနှင့် လုပ်ကိုင်စားသောက်နေကြရပြီး သူတို့၏ ဘဝများမှာ ခက်ထန်ကြမ်းတမ်းကာ အသက်နှင့်ရင်းရသည့် ဘဝများပင်ဖြစ်လေသည်။

ယောကျ်ားဖောင်စီး၊ မိန်းမစီးနေဆိုသော စကားကဲ့သို့ ဆင်နှင့်ပတ်သက်သော ဆင်ဦးစီး၊ ပဲ့ချိတ်၊ လှံကိုင်နှင့် ဆင်လုပ်သားများမှာ အမြဲလိုလိုပင် သန်မြိုင်းကို မျက်စောင်းထိုးလျက်ရှိနေကြလေရာ ဆင်ခေါင်းဦးသာအုန်းက ဗြိတိသျှတွေ၏ လက်အောက်တွင် ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက်နေကြရသည့် သူ၏လက်အောက်ငယ်သားတွေကို...



www.burmeseclassic.com

www.burmeseclassic.com



"အေးလကွယ်...တို့တွေရဲ့ဘဝဟာ ရှေးပညာရှင်တွေ ဆိုထားခဲ့သလို သမုဒ္ဒရာမြစ်ပြင်မှာ လှေငယ်တစ်စီးနဲ့ ကူးခပ်သူ၊ မြေကြီးထဲ ဆင်းပြီးတွင်းနက်တူးသူ၊ သစ်ပင်ခေါင်ဖျား ထန်းတက်သူ၊ ပြီးတော့ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ တို့ဆင်လုပ်သားတွေရဲ့ ဘဝဟာ သေမင်းနဲ့ အမြဲစစ်ခင်းနေကြရတာဆိုတော့ ကိုယ့်ကိုကိုယ်မပိုင်တဲ့ သင်္ခါရဘဝတူတွေပေါ့ကွယ်။ အခုလည်း ဒီဆင်ဆိုးကြီးဟာ တစ်နေ့ တို့ဘဝတွေကို ဘယ်လိုဖျက်ဆီးလိမ့်မယ်ဆိုတာ တတ်အပ်မပြောနိုင်ဘူးကွဲ့"

ဟု ဆိုဆိုနင့်နင့်ကြီး ပြောရှာလေသည်။

ထိုအချိန်မှာပင် ဆင်ဦးစီးတစ်ယောက်က သစ်ဆွဲဆင်တစ်စီးကိုစီးလျက် ဦးသာဒွန်းတို့ရှိရာသို့ ရောက်လာလေသည်။ ထိုသူမှာလည်း ဦးကင်းနောက်မှ မင်းထိုင်နေရာတွင်ထိုင်လျက် လက်ထဲတွင် ချွန်းတစ်လက်ကိုကိုင်ထားကာ ဆင်ကိုရပ်ခိုင်း ဝပ်ခိုင်းလိုက်လေသည်။

"ဟောင်မ်...ဟောင်မ်"

"မက်...မက်...မက်"

ထိုဆင်ဦးစီး၏ အမိန့်ပေးခိုင်းစေလိုက်သည့် အသံကြောင့် သူစီးလာသည့်ဆင်ကြီးမှာ ဟောင်မ်...ဟောင်မ်...ဟုဆိုလိုက်သည်နှင့် တုန့်ကနဲရပ်သွားပြီး တစ်ဆက်တည်းမှာပင် မက်...မက်...ဟု အော်လိုက်ပြန်ရာ ထိုဆင်ကြီးမှာ မြေပေါ်တွင် ဦးစိုက်လျက် ဝပ်ပေးလိုက်လေသည်။ ထိုအခါမှ ဆင်ဦးစီးမှာ ဆင်ပေါ်မှဆင်းလာပြီး...

"ကြားရတဲ့သတင်းဆိုးကြောင့် စိတ်မကောင်းဘူး ဘဲထွေးသာဒွန်းရာ၊ ကျုပ်ဖြင့် ဒီကောင်ကြီးကို အခုပဲသွားပြီး ဆင်သင်္ချိုင်းသို့ ပို့လိုက်ချင်တော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောတော့ ဝါးခင်က အလုပ္တွအစွတွေနှင့် ဆဲဆိုနေ၏။

"သိပ်လည်းမလောပါနဲ့ ထွန်းကြိုင်ရာ၊ တို့လက်ထဲမှာက ဘာလက်နက်မှ ရှိတာမဟုတ်တော့ သစ်တောဝန်နဲ့ နယ်ပိုင်ဝန်ထောက်တွေကို အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းရအုံးမှာကွ၊ ကဲ…ကဲ…မင်းတို့ လုပ်စရာရှိတဲ့ အလုပ်တွေသာ သွားလုပ်ကြပေရော့"

ဟု ဦးသာဒွန်းက ဆိုလိုက်လေရာ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသော ဖဒိုဆင်ပိုင်းမှ ဆင်လုပ်သားများမှာလည်း တစ်ယောက်တစ်ခွန်း တီးတိုးပြောဆိုရင်း ထိုနေရာမှ လူစုခွဲသွားကြ၏။ ခဏကြာမှ ဆင်ခေါင်း ဦးသာဒွန်းက…

"ထွန်းကြိုင်တို့၊ သာစံတို့၊ ကိုခေါင်းတို့၊ မင်းတို့ ဆင်ဦးစီးတွေ အကုန်လုံး ဒီည ငါ့တဲကိုလာခဲ့ကြဟေ့၊ တိုင်ပင်စရာရှိတာ တိုင်ပင်ရအောင်"

ဟု အော်ဟစ်ရှိန်းဆိုလိုက်ရာ ဆင်ဦးစီးများမှာလည်း…

"ဟုတ်ကဲ့ပါ ဘထွေးသာဒွန်း၊ ကျုပ်တို့ ခပ်စောစောပဲ ရောက်လာခဲ့မှာပါ"

ထိုစကားပြောပြီးနောက် ဖဒိုဆင်ပိုင်းမှ ဦးစီးများဖြစ်ကြသည့် ကိုခေါင်း၊ ကိုသာစံ၊ ကိုအုန်းမြင့်နှင့် ကိုထွန်းကြိုင်တို့မှာ သူတို့၏ဆင်များစီးနင်းလျက် သစ်ထုတ်လုပ်ရေး လုပ်ငန်းခွင်သို့ ထွက်သွားကြလေသည်။ ဦးသာဒွန်းမှာလည်း ဖဒိုရွာမှ သစ်တောအရာရှိနှင့် နယ်ပိုင်တို့သို့ ချက်ချင်းပင်သွားရောက် အကူအညီတောင်းရန် ထွက်သွားလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



ဖဒိုရွာဆင်ဝိုင်းမှ ဆင်ခေါင်းဦးသာဒွန်းမှာ အသက်အရွယ်အားဖြင့် ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ရှိသူဖြစ်ပြီး ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းသန်မာကာ သွေ့ျာင်တစောင်းထုံးထားသော အညာသားကြီးတစ်ယောက် ဖြစ်လေသည်။ ဦးသာဒွန်း၏ တာဝန်မှာလည်း ဖဒိုဆင်ဝိုင်းမှ ဆင်နှင့်ဆင်ဦးစီးများကို ကြီးကြပ်ကွပ်ကဲနိုင်းစေရုံသာမက ရာနှုန်းပြည့်သစ်ထုတ်လုပ်ရေးများကိုလည်း တာဝန်ယူနေရသူဖြစ်လေသည်။ ဒါတင်မကသေး ဦးသာဒွန်းက ဆင်နှင့်ဆင်လုပ်သားများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စ အဝဝကိုပါ သူ၏အထက်လူကြီးများထံသို့ အမြဲတင်ပြ ဖြေရှင်းပေးနေရသူဖြစ်လေသည်။

ထိုနေ့ညတွင် ဆင်ခေါင်းဦးသာဒွန်းနေထိုင်ရာ တဲအတွင်းသို့ ဆင်ဦးစီးများနှင့် ဆင်လုပ်သားများ အားလုံးလိုလို စုရုံးရောက်ရှိလာကြလေသည်။

သို့သော်…

ဆင်ဦးစီးထွန်းကြိုင်တစ်ယောက်မှုကား အခုအချိန်အထိပင် ရောက်မလာနိုင်သေး။ သူ့အဖို့ ဒီလိုအချိန်မျိုးတွင် အရေးကြီးသည်က နှင်းမှုံ၏အနားတွင် စကားတွေဖောင်ဖွဲ့အောင် ပြောနေဖို့သာလျှင်ဖြစ်သည်။ မနှင်းမှုံနှင့် ကိုထွန်းကြိုင်တို့မှာ ငယ်စဉ်ကတည်းက ကစားဖော်ကစားဖက်ဖြစ်ပြီး ချစ်သူရည်းစားတွေ ဖြစ်ခဲ့ကြဖူး၏။ သို့သော် မနှင်းမှုံမှာ သစ်ခုတ်သမားတစ်ယောက်နှင့် အိမ်ထောင်ကျပြီး၊ ထိုသစ်ခုတ်သမားက ပြီးခဲ့သည့်နှစ်က သစ်ပင်ခုတ်ရာမှ သစ်ပင်ပိပြီးအောက်ပိုင်းတစ်ခုလုံးသေသွားကာ ဒုက္ခိတဘဝသို့ ရောက်နေလေသည်။

www.burmeseclassic.com



ဒါတို့ ထွန်းကြိုင်က အခွင့်ကောင်းယူပြီး မနှင်းမှုံကို အခုမှ ပြန်ချဉ်းကပ်နေခြင်းပင်ဖြစ်သည်။

မနှင်းမှုံ၏ ယောက်ျားဖြစ်သူ သစ်ခုတ်သမားမှာလည်း သူကိုယ်တိုင် ဒုက္ခိတဘဝရောက်နေရုံသာမက တစ်အိမ်လုံးကို ရှာဖွေကျွေးမွေးနိုင်ဖို့ပင် အနိုင်နိုင်ဖြစ်နေရာ သူ့မျက်စိရှေ့တွင် ဖြစ်ပျက်နေကြသော မနှင်းမှုံနှင့် ထွန်းကြိုင်တို့ကို ရင်နာနာနှင့်ပင် ကြည့်နေရလေသည်။

ထို့နောက်…ဦးသာဒွန်းက သူ့အိမ်သို့ရောက်လာကြသော ဆင်သမားများကို…

"ကဲ…အားလုံးပဲ နားထောင်ကြပါ၊ ဒီနေ့ပဲ သစ်တောအုပ်ကော၊ နယ်ပိုင်ဝန်ထောက်နဲ့ပါ ငါသွားတွေ့လာခဲ့ပြီးပြီ၊ နယ်ပိုင်ဝန်ထောက်ကလည်း ဒီဆင်ဆိုးကြီးကို နှိမ်နင်းဖို့သဘောတူ ခွင့်ပြုလိုက်ပြီကွ၊ ပြီးတော့ သူ့ဆီက လက်ဖြောင့်တဲ့ သေနတ်ကိုင်နှစ်ယောက်ကိုပါ တို့နဲ့အတူ တစ်ပါတည်းထည့်ပေးလိုက်မယ်လို့ ပြောလိုက်တယ်ဟေ့"

ဟု ဝမ်းသာအားရနှင့် ဆိုလိုက်လေရာ ဦးသာဒွန်း၏တဲအတွင်း စုရုံးရောက်ရှိနေကြသော ဆင်လုပ်သားများမှာ ဟေးကနဲဝါးကနဲပင် အော်ပစ်လိုက်ကြလေသည်။ ထို့နောက် ဦးသာဒွန်းက…

"အေး…ဒါပေမယ့် သူက တစ်ခုတော့ တောင်းဆိုလိုက်တယ်ကွ၊ အဲဒါ ဘာလဲဆိုတော့ ရလာတဲ့ ဆင်ရိုင်းကြီးရဲ့ အစွယ်စုံချောင်းကိုတော့ သူ့လက်ကိုအပ်ရမယ်တဲ့"

ထိုအခါမှ ဆင်လုပ်သားများမှာလည်း စေတနာမရင်းစ်နှင့် ကူညီပေးမည့်သူ မဟုတ်သော နယ်ပိုင်ဝန်ထောက်ကို…



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဒါဟာ တို့တွေရဲ့ အခက်အခဲကို ကူညီချင်လို့မှ မဟုတ်ဘဲ"

"အေး…ဟုတ်တယ်၊ ငါတို့အပေါ် အမြဲတမ်းဂုတ်သွေး စုတ်နေတဲ့ ဒီနယ်ချဲ့ကုလားဖြူတွေဟာ နိုင်ငံပိုင်ကျွန်းသစ်တွေအပြင် တခြားဟာတွေကိုပါ မက်မောလာကြပြီ"

"အေး…ဒါပေမယ့် တို့တွေ ဒီအချိန်မှာ ဒါတွေပြောနေဖို့ အချိန်မဟုတ်သေးဘူးဟေ့၊ အခုကက ဆင်ရိုင်းကြီးအန္တရာယ်က ဝေးဖို့ပဲ"

ဟု တစ်ယောက်တစ်ပေါက်နှင့် ဆူဆူညံညံတွေ ဖြစ်ကုန်သည်။ စောစောက ဟေးကနဲဝါးကနဲ ဝမ်းသာအားရနှင့် အော်လိုက်ကြသော သူတို့၏မျက်နှာတွေမှာလည်း အနည်းငယ်ပင်ပျက်ကုန်ကြလေသည်။

ထိုအချိန်မှာပင် ဆင်ခေါင်းဦးသာဒွန်းက…

"ကဲ…ဒါတွေ ထားလိုက်ကြပါကွာ၊ တို့တွေလက်ထဲမှာကလည်း ဆင်တစ်ကောင်ကို နှိမ်နင်းဖို့ လက်နက်က ရှိတာမှမဟုတ်ဘဲ၊ ဒီအချိန်မှာ သူတို့တောင်းဆိုသမျှ လိုက်လိုက်ရောရော နေရတော့မပေါ့၊ အခုက က ငါတို့တွေ ကျင်လည်နေရတဲ့ ယောဒီရိုးမတောကြီးထဲက ဆင်ဆိုးကြီးကို နှိမ်နင်းပစ်ဖို့ပဲ မဟုတ်လား"

ဟု ထိန်းထိန်းသိမ်းသိမ်းနှင့် ဝင်ပြောလိုက်လေရာ ဆင်ဦးစီးကိုထွန်းကြိုင်က…

"ဒါဆို အဲဒီလူတွေက ကျုပ်တို့ဆီ ဘယ်တော့လာမှာတဲ့လဲ ဘထွေးသာဒွန်း"



www.burmeseclassic.com

www.burmeseclassic.com



"အေး ချောက်နှစ်ရက် သုံးရက်လောက်ဆို ရောက်မယ်ပြောတာပဲ"

ဆင်ခေါင်း ဦးသာဒွန်း၏စကားကြောင့် အားလုံးက ကိုယ့်အတွေးနှင့်ကိုယ်တွေ ဖြစ်ကုန်ကြကာ ရိုးမတောကြီးအတွင်းမှ ဆင်ဆိုးကြီးကို စိတ်ကူးနှင့်ပင် နှိမ်နင်းနေမိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

နောက်တစ်နေ့ နံနက်တွင်တော့...ရိုးမတောကြီးအတွင်း ဆင်ကောက်သွားသော ဆင်ဦးစီးကိုထွန်းကြိုင်နှင့် ကိုဒေါင်းတို့၏ အဖြစ်ဆိုးကြီးကြောင့် ဖဒိုဆင်စခန်းတစ်ခုလုံးမှာ အုံးအုံးကျွက်ကျွက် ညံကာ ပိုပြီးခြောက်ခြား တုန်လှုပ်သွားကြရလေသည်။

ဆင်ဦးစီးကိုဒေါင်းမှာလည်း တောထဲမှ သေပြေးရှင်ပြေး ပြေးလာခဲ့ရသဖြင့် အလွန်တရာမှ မောဟိုက်နေလေရာ ဘာစကားမှ ဝင် မပြောနိုင်ရှာဘဲ ဖြစ်နေ၏။ သူ့တစ်ကိုယ်လုံးမှာလည်း ရေလိုလို၊ ချွေးလိုလိုတွေက တစ်ကိုယ်လုံး ရွှဲရွှဲစိုနေ၏။ ခဏကြာတော့ ကိုဒေါင်း က မောဟိုက်နေသော လေသံကြီးဖြင့်...

"ထွန်း...ထွန်း...ထွန်းကြိုင် ဆင်နင်းလို့သေပြီဗျ"

ရုတ်တရက်ကြားလိုက်ရသော စကားကြောင့် ဖဒိုဆင်ဝိုင်းမှ လူအုပ်ကြီးမှာ ဟာကနဲ ဟင်ကနဲပင် ဖြစ်သွားကြကာ တစ်ယောက် မျက်နှာကိုတစ်ယောက်ကြည့်ရင်း ကြက်သေသေသွားကြသည်။

"ဟင်..."

"ဘာ...ထွန်းကြိုင် ဆင်နင်းလို့သေပြီ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အုံ့ညြဘန့်နှန်းတွေဖြစ်ပြီး ဝိုင်းမေးနေကြသည့် အသံတွေက လည်း တစ်ခဏအတွင်းမှာပင် ဆူဆူညံညံ ဖြစ်ကုန်ကြသည်။ လူအုပ် ကြီးအတွင်းမှ တောက်ခေါက်သံများ၊ မကျေမနပ် အော်ဟစ်လိုက်သံများ နှင့် အခုချက်ချင်းပင် ရိုးမတောကြီးအတွင်းမှ ဆင်ရိုင်းကြီးကိုသွားပြီး နှိမ်နင်းလိုကြသော အသံဗလံတွေက ဖဒိုဆင်ဝိုင်းတစ်ခုလုံးထဲတွင် ကျွတ်ကျွတ်ညံညံဖြစ်ကုန်ကြသည်။

"တောက်…ချီးထဲမှ၊ ဟိုသေနတ်ကိုင်လူတွေကို စောင့်နေ မယ့်အစား ငါတို့ဘာသာ တောထဲဝင်ပြီး ရှိတဲ့လက်နက်နဲ့ သွားသတ် ချင်စမ်းပါဘိကွာ"

"ဒီအတိုင်းဆို မလွယ်ဘူးဟေ့၊ ဒီအကောင်ကြီး သိပ်အတင့် ရဲလာပြီ"

ထိုစဉ်မှာပင် ဆင်ခေါင်းဦးသာဒွန်း ရောက်လာပြီး မျက်စိ ပျက်မျက်နှာပျက်နှင့်…

"ဖြစ်မှဖြစ်ရလေကွာ၊ ဒီအတိုင်းဆို တို့ဝိုင်းကဆင်တွေကို တောထဲကိုမလွှတ်ကြနဲ့တော့ဟေ့…"

ထို့နောက် ဦးသာဒွန်းမှာ အမောအပန်းပြေစ ပြုသွားသော် လည်း အခုအချိန်အထိ ကြောက်လန့်တုန်လှုပ်နေသေးသည့် မျက်လုံး တွေနှင့် ဧကြောင်တီးကြောင်တောင် ဖြစ်နေသော ကိုဒေါင်းဆီသို့သွား ကာ ပခုံးနှစ်ဖက်ကို ဆွဲကိုင်လှုပ်ယမ်းလိုက်ရင်း…

"ဘယ်လိုဖြစ်ခဲ့ကြတာလဲကွာ၊ ငါတို့ကိုလည်း ပြောပြစမ်းပါ အုံး၊ ကြားရတာ ကိုယ့်နားတောင် ကိုယ်မယုံနိုင်အောင်ဘဲ"

ကိုဒေါင်းမှာ တစ်ကိုယ်လုံး ချွေးဒီးဒီးကျလျက် တုန်ရင်နေ သောအသံဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



"ဒီ...ဒီလိုပါ ဘထွေးသာဒွန်း၊ မနက်က ကျုပ်နဲ့ထွန်းကြိုင်တို့နှစ်ယောက် ရိုးမတောထဲကိုရောက်တော့ ရောင်နီတောင်သန်းစပြုနေပြီ၊ ကျုပ်တို့လည်း ရေကြမ်းချောင်းအစပ်ကို ရောက်ရော ဆင်ခြေရာတွေ့တာနဲ့ ချောင်းရိုးအတိုင်း စုန်ပြီးလိုက်သွားလိုက်တာ ကညင်တောအစပ်မှာ ထွန်းကြိုင်ရဲ့ဆင်ကို တွေ့တော့တာပဲ"

ဖဒိုဆင်စခန်းမှ လူကြီးလူငယ်ရော ကလေးပါမကျန် ဆင်ဦးစီးကိုဒေါင်း ပြောပြနေသည်များကို အသက်ပင်မရှူဘဲ နားစိုက်ထောင်နေကြသည်။

"ဒီလိုနဲ့ ကညင်တောအစပ်ကို တဖြည်းဖြည်းချင်းကပ်သွားတော့ ကျုပ်ဆင်ကိုပါ ထွန်းကြိုင်ဆင်နဲ့ မလှမ်းမကမ်းမှာ တွေ့လိုက်ရတယ်။ ကျုပ်တို့လည်း ကိုယ့်ဆင်ရဲ့အထာကို ကိုယ်သိပြီးသားဆိုတော့ ကိုက်နှစ်ဆယ်လောက် အကွာကို ခါတိုင်းလိုပဲ အေးအေးဆေးဆေးနဲ့ တိုးကပ်သွားလိုက်တာ...အဲဒီမှာပဲ ကညင်တောကြီးထဲက တောတိုးသံကြီး ကြားလိုက်ရလို့ လှမ်းကြည့်လိုက်တော့...အစွယ်နှစ်ဖက်နဲ့ အဖျားပိုင်းနီနေတဲ့ စွယ်စုံဆင်ကြီးတစ်ကောင်ကို တွေ့လိုက်ရတော့တာပဲ"

ကိုဒေါင်း၏မျက်နှာပေါ်မှာလည်း ပြန်ပြောပြနေရင်းနှင့်ပင် ခြောက်ခြားတုန်လှုပ်နေရှာလေသည်။ ထို့နောက် ကိုဒေါင်းက...

"အဲဒီအချိန်မှာ အစွယ်ဖျားနီနေတဲ့ ဆင်ကြီးက ကျုပ်တို့နှစ်ယောက်နဲ့ ဆယ့်လေးငါးကိုက်သာသာလောက်ပဲ ဝေးတော့တယ်၊ ကျုပ်တို့ ဆင်နှစ်ကောင်လည်း အဲဒီဆင်ကြီးကို တွေ့လိုက်တာနဲ့ ဝရုန်းသုန်းကားတွေ ဖြစ်ကုန်ကြပြီး ပြေးမိပြေးရာတွေ တောတိုးပြေးကြတော့တာပဲ၊ ပိုဆိုးတာက ကျုပ်တို့မြင်နေရတဲ့ စွယ်စုံဆင်ရိုင်းကြီးရဲ့

www.burmeseclassic.com



ဈေးပေါ်မှာ လူနီနီနှစ်ယောက်က ရှေ့တစ်ယောက်နောက်တစ်ယောက် ထိုင်နေကြတာပဲဗျ"

"ဘာ…လူနီနီနှစ်ယောက် ဟုတ်လား"

ကိုခေါင်း ပြောပြလိုက်သည့်စကားကြောင့် ဦးသာဒွန်းမှာ ပါးစပ်အဟောင်းသားနှင့် တစ်စုံတရာကို သတိထားမိသွားဟန်ဖြင့် မျက်လုံးပြူးမျက်ဆံပြူးနှင့် ဖြစ်သွား၏။ ကျန်သူများအားလုံးမှာလည်း ကိုခေါင်းပြောပြသည့် ဆင်ရိုင်းကြီးပေါ်မှာ လူနီနီနှစ်ယောက်ကြောင့် ပိုပြီးစိတ်ဝင်တစားနှင့် ဖြစ်ကုန်ကြလေသည်။

"ဟုတ်တယ် ဘထွေးသာဒွန်း၊ ကျုပ်လည်း တစ်ခါမှ အဲဒီလို အသားအရေနဲ့လူမျိုး မတွေ့ဖူးဘူး၊ ဒီလိုနဲ့ အဲဒီလူတွေစီးထားတဲ့ ဆင်ရိုင်းကြီးက ကျုပ်တို့နှစ်ယောက်ရှိတဲ့နေရာကို တွေတွေကြီးစိုက်ကြည့်နေရာကနေ တဟုန်ထိုးပြေးဝင်လာတော့တာပဲဗျို့၊ ဒီမှာတင် ကျုပ်တို့လည်း ပြေးမိပြေးရာကို အသက်လုပြီး ပြေးရတာပေါ့။ ထွန်းကြိုင်က မြောက်ဖက် ကညင်တောဖက်ကိုပြေးတယ်၊ ကျုပ်က ရှေ့ကြမ်းချောင်းထဲကို ဘယ်လိုဆင်းပြီး ပြေးမိမှန်း စဉ်းစားလို့မရဘူး၊ နောက်လှည့်ကြည့်လိုက်တော့ ထွန်းကြိုင်နောက်ကို ဆင်က အသဲအမဲလိုက်နေတာ တွေ့ရတယ်၊ မကြာပါဘူးဗျာ၊ ထွန်းကြိုင်တစ်ယောက် ဆင်နင်းခံရပြီး မရှုမလှနဲ့ အသေဆိုးသေရတော့တာပဲ"

ကိုခေါင်း ဆက်ပြီးပြောပြနေသည့် စကားတွေက ဆင်ခေါင်း ဦးသာဒွန်း၏နားတွင် မကြားတစ်ချက် ကြားတစ်ချက်ပင် ဖြစ်နေကာ ခေါင်းကို ဖြည်းဖြည်းချင်း ရမ်းခါလိုက်ရင်း…

"မင်းတို့ အဲဒီအစွယ်ဖျားနီနဲ့ ဆင်ရိုင်းကြီးကို သတိဖွံ့မကြီးစားကြနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ…"

"ဟင်…"

မထင်မှတ်ဘဲ ကြားလိုက်ရသည့် ဦးသာဒွန်း၏စကားကြောင့် ကိုဒေါင်းအနီးတွင် နားထောင်နေကြသော လူအုပ်ကြီးမှာ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်သွားကြလေသည်။ ထိုသူတွေအားလုံး၏ မျက်နှာများမှာ တအံ့တဩနှင့် ဖြစ်သွားကြပြီး ဦးသာဒွန်းထံမှ နောက်ထပ်ကြားရမည့် စကားတို့ကို အလောတကြီးနှင့်…

"ဘယ်လို…ဘတွေးသာဒွန်း၊ ဒီဆင်ကြီးကို သတ်ဖို့မကြိုးစားနဲ့ ဟုတ်လား…"

"ဘာဖြစ်လို့လဲဗျ၊ ဒီလောက် အရိုင်းစိတ်ဝင်နေတဲ့ဆင်ကို မသတ်ဘဲထားရင် ကျုပ်တို့အကုန်လုံး ဒုက္ခရောက်ကုန်မှာပေါ့ဗျ"

ကိုဒေါင်းဘေးနားမှ အခြားဆင်ဦးစီးတွေ ဆင်လုပ်သားတွေ မှာလည်း ဦးသာဒွန်း၏ ကန့်ကွက်စကားကြောင့် မကျေမနပ်တွေ ဖြစ်ကုန်ကြသည်။

ခဏကြာမှ ဦးသာဒွန်းက…

"ဒီဆင်ရိုင်းကြီးဟာ သာမန်ဆင်ရိုင်းတစ်ကောင် မဟုတ်ဘူး၊ နှစ်ပေါင်းများစွာကတည်းက ဒီတောကြီးထဲမှာ သွားလာနေထိုင်ခဲ့ ပြီး အစောင့်အရှောက်တွေ ရှိနေတဲ့ စွယ်နီဆင်ရိုင်းကြီးပဲ၊ အခု ထွန်းကြိုင်နဲ့ ကိုဒေါင်း မြင်လိုက်ရတယ်ဆိုတဲ့ လူနီနီနှစ်ယောက်ဟာ သဲသရာရဲ့ အကျိုးအကြောင်းအဆက်တွေကြောင့် အဲဒီဆင်ရိုင်းကြီးကို စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်တွေပဲကွယ့်"

ဟု ပြောလိုက်လေရာ အားလုံးက ဦးသာဒွန်း၏စကားကို

www.burmeseclassic.com



ဘယ်လိုမှတင် လက်မခံနိုင်ကြဘဲ ရှိလေရာ တစ်ယောက်တစ်ပေါက် ဆွေးနွေး ဖြစ်တုန်ကြပြန်၏။ ထိုအထဲမှ ဆင်ဦးစီးကိုအုန်းမြင့်က…

"ဒီလိုဆို စက်ရချေရဲ့ဗျာ၊ ဘယ်နှယ် ကျုပ်တို့တွေတောထဲမှာ ဆင်သွားကောက်တိုင်း ဒီဆင်ကြီးနဲ့သာ ပက်ပင်းတိုးတိုးနေရရင် ဆင်ရိုင်းကဆင်သမားတွေ အကုန်လုံး သေကြဖို့ပဲရှိတယ်"

ထိုအချိန်မှ ဦးသာဒွန်းကလည်း…

"ဒီလိုလည်း မဟုတ်သေးဘူး…ကိုအုန်းမြင့်ရဲ့၊ ဆင်ဆိုတဲ့ သတ္တဝါဟာ အရမ်းထူးဆန်းတယ်၊ သူ့နဲ့ ဘယ်လောက်ပဲဝေးဝေး သူ့ အကြောင်းပြောနေရင် သူမှာ သိနိုင်ကြားနိုင်တဲ့ အာရုံရှိတယ်။ ကုန်ကုန်ပြောမယ်ကွာ၊ အခု မင်းပြောနေတဲ့ အကြောင်းတွေကိုတောင် သူမသိဘူးလို့ မပြောနိုင်ဘူး။ အခု ထွန်းကြိုင်နဲ့ ကိုဒေါင်းတို့နှစ်ယောက် ကိုပဲကြည့်၊ အတူတူချင်းသွားတာ ထွန်းကြိုင်မှရွေးပြီး ဘာဖြစ်လို့ ဆင်နင်းခံရသလဲ…သိလား၊ ပြီးခဲ့တဲ့ရက်က ထွန်းကြိုင် အဲဒီဆင်ကို သချိုင်းပို့မလေး ဘာလေးနဲ့ စိတ်လိုက်မာန်ပါတွေ ဆဲဆိုကြိမ်းမောင်းခဲ့တာကိုးကွ၊ ပိုဆိုးတာက အဲဒီဆင်ဟာ သက်ဆိုင်တဲ့အစောင့်အရှောက်တွေ ရှိနေတဲ့ ဆင်ဆိုတော့ တခြားဆင်တွေထက်ပိုပြီး သိနိုင်ကြားနိုင်နေလို့ပဲ"

အလိုလိုမှ ထွန်းကြိုင်တစ်ယောက် ဆင်အနင်းခံရပြီး အသေဆိုးနှင့်သေခဲ့ရသဖြင့် အုံးအုံးကျက်ကျက် ဖြစ်နေကြသော လူအုပ်ကြီးမှာ ဆင်ခေါင်းဦးသာဒွန်း၏ စကားတွေကို နည်းနည်းမှပင် လက်မခံနိုင်ကြဘဲ ထိုဆင်ရိုင်းကြီးကို နှိမ်နင်းပစ်ကြဖို့သာ စိတ်စောနေမိကြသည်။ ထို့နောက် ဦးသာဒွန်းက သူ့စကားကိုဆက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ပထမတော့ မုဆိုးကိုစ်ပီးကို နင်းသတ်တဲ့ဆင်ဟာ ရိုးရိုးဆင်ရိုင်းတစ်ကောင်လောက်ပဲ ထင်ထားခဲ့တာ၊ အခု ကိုဒေါင်းပြောမှ ဒီဆင်ဟာ ငါငယ်ငယ်က တွေ့ဖူးကြုံဖူးတဲ့ ဆင်တစ်ကောင်ဖြစ်နေမှန်း သိလိုက်ရတာ"

"ဘာ...ဘယ်လို၊ ဘထွေးသာဒွန်းက အဲဒီဆင်ကြီးနဲ့ ကြုံဖူးတွေ့ဖူးခဲ့တယ် ဟုတ်လား"

ထိုအထဲမှ တစ်နေ့တွင် ဆင်ဦးစီးဖြစ်လာမည့် ဆင်လုပ်သားမောင်ဘတူဆိုသူက ဦးသာဒွန်း၏ တွေ့ကြုံဖူးခဲ့သည့် အဖြစ်အပျက်တွေကို စိတ်ဝင်တစားနှင့် မေးလိုက်လေရာ ဦးသာဒွန်းက...

"ဟုတ်တယ် မောင်ဘတူ၊ ငါငယ်ငယ်က အဲဒီလူနီနီနှစ်ယောက်စီးထားတဲ့ စွယ်နီဆင်ကြီးတစ်ကောင်နဲ့ ဒီတောကြီးထဲမှာ ပက်ပင်းတွေ့ခဲ့ရဖူးတယ်"

ဦးသာဒွန်းအနီးမှ အခြားဆင်သမားများမှာလည်း ဦးသာဒွန်းလို ဆင်နှင့် အတွေ့အကြုံများခဲ့ရသူတစ်ယောက်၏ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို နားထောင်ချင်ကြသော်လည်း ယခုကဲ့သို့ ဆင်ရိုင်းကြီးအား ပစ်ခတ်နှိမ်နင်းရန် တားဆီးနေသည်ကိုတော့ ဘယ်လိုမှ သဘောမကျဘဲ ဖြစ်နေကြလေသည်။

ထို့နောက် ဦးသာဒွန်းက...

"အေး...တစ်ခုတော့ရှိတယ်၊ မင်းတို့အားလုံး ယုံချင်ယုံ၊ မယုံချင်လည်း နေကြပေါ့ကွာ၊ ငါ တကယ်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်ကို ပြောပြမယ်၊ အဲ...ပြီးရင်တော့ မင်းတို့ဦးနှောက်နဲ့ချင့်ချိန်ပြီး ဒီဆင်ကြီးကို ပစ်သင့်မပစ်သင့် စဉ်းစားကြ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေရာ…

ဦးသာခွန်းမှာ လွှန်ခဲ့သော နှစ်ပေါင်းလေးဆယ်နီးပါးက သူ အရွယ်တကာယ် တောကြီးအတွင်း တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်တို့ကို အသည်းတယားယားနှင့် ပြန်ပြောပြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

စံကွန်းနှင့်သာဒွန်းမှာ ညီအစ်ကိုနှစ်ယောက်ဟု ဆိုသော်လည်း အငယ်ဖြစ်သူ သာဒွန်းမှာ စံကွန်းထက် အရပ်အမောင်းကော ကိုယ်လုံးကိုယ်ပေါက်ပါ ထွားကြိုင်းသန်မာသူဖြစ်သည်။ သူတို့နှစ်ယောက် ရိုးမတောကြီးအတွင်း သစ်ခုတ်၊ ထင်းခွေသွားတိုင်းလည်း လူကောင်သေးကွေးပိန်လှီသလောက် အလုပ်မတွင်ကျယ်လှသော စံကွန်းကို သာဒွန်းကပင် ဦးဆောင်ဦးရွက်ပြုရလေသည်။

သူတို့ ညီအစ်ကိုနှစ်ယောက် ရိုးမတောကြီးအတွင်း သစ်ခုတ်၊ ဝါးခုတ်ထွက်လာကြသည်မှာ တစ်ရက်နှစ်ရက်ပင် ရှိနေပြီဖြစ်ရာ ခုတ်ထား လှဲထားသမျှ ဝါးများ၊ ထင်းများမှာလည်း အတော်အတန်ပင် ရှစ ပြုလာ၏။ ဒါကိုပင် သာဒွန်းက အားမရနိုင်သေးဘဲ…

“ကိုစံကွန်း၊ ဟောဟိုက ကညင်ပင်ကြီးဟာ ဖြောင့်လည်းဖြောင့်၊ သေးကဖြာထွက်နေတဲ့ အကိုင်းတွေကလည်း မီးစိုက်ဖို့ အရွယ်တော်လေးတွေဗျ၊ ကျုပ်တို့ ဒီကညင်ပင်တစ်ပင် လှဲပြီးရင်တော တော်ကြစို့ဗျာ”

ပြောပြောဆိုဆို သာဒွန်းက ကညင်ပင်ကြီး၏ ပင်ခြေရင်းကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ကြည့်ကာ လွယ်အိတ်ကို မြေကြီးပေါ်ပစ်ချလိုက်ပြီး ခါးကြားတွင် ထိုးညှပ်လာသော ဓားမကိုဆွဲထုတ်ယူလိုက်လေသည်။

ထိုအချိန်မှာပင် သာဒွန်း၏အတွေးတွေက တစ်ချိန်က မုဆိုးနောက်လိုက်လုပ်ပြီး ဒီတောကြီးထဲ ရောက်ခဲ့စဉ်ကအကြောင်းကို မဆီမဆိုင် သတိရသွားမိ၏။ ထိုစဉ်က ဒီလိုကညင်ပင်ကြီး၏ အခေါင်းပေါက်အတွင်းသို့ တိုးဝင်သွားသော ဖွတ်ကြီးတစ်ကောင်ကို သူကိုယ်တိုင် ဖမ်းမိခဲ့ဖူး၏။

ဖွတ်ကြီးမှာ သစ်ခေါင်းပေါက်အတွင်း သူ့ခေါင်းကြီးကို တိုးဝင်နေရာ သာဒွန်းက အပြင်မှာကျန်နေခဲ့သည့် အမြီးကို ဖမ်းဆုပ်ပြီး အားကုန်ဆွဲထုတ်လေသည်။ သို့သော် သစ်ခေါင်းအတွင်း ကုတ်တွယ်ထားသော ဖွတ်ကြီးမှာ ဘယ်လိုမှထွက်မလာ။ ထိုအချိန်မှာပင် ကြံရာမရဖြစ်သော သာဒွန်းက အနီးမှဓားမနှင့် ထိုဖွတ်မြီးကြီးကို ပိုင်းခုတ်လိုက်လေသည်။ ထိုအခါမှ သာဒွန်းနှင့်အဖော်မုဆိုးတို့မှာ ဖွတ်မြီးကြီးကို မီးကင်ပြီး စားသောက်ခဲ့ကြသည်။

အခုလည်း ဒီကညင်ပင်ကြီးကို ဓားနှင့်ခုတ်တော့မည်ဆိုကာမှ ပေါ်လာသည့်အတွေးတွေကြောင့် သာဒွန်းတစ်ယောက် ပြုံးပင်ပြုံးမိလိုက်သည်။ စံကွန်းမှာလည်း အခုအချိန်အထိ ဟုတ်တိပတ်တိ ဘာတစ်ခုကိုမှ ကူညီလုပ်ကိုင်ပေးဖော်မရဘဲ ခါးပုံစအတွင်း ထိုးကြိတ်လိပ်ယူလာသည့် ကွမ်းယာတွေကိုသာ တစ်ယာပြီးတစ်ယာ ဝါးနေကာ...

"တစ်ခုတော့ရှိတယ် သာဒွန်းရ၊ ဒီအပင်ကြီးဟာ မြင့်ကလည်းမြင့်၊ လုံးပတ်ကလည်း မသေးဘူးဆိုတော့ တို့ညီအစ်ကိုနှစ်ယောက်တည်း လှဲလို့ဖြစ်ပါ့မလားကွ...တော်ကြာ"



www.burmeseclassic.com

www.burmeseclassic.com



"အို…ကိုစံကွန်းကလည်း၊ ကြံဖန်ပြီး စိုးရိမ်တတ်ရန်ကော ဗျာ၊ ခါတိုင်းလည်း ကျူပ်တို့ဒီလိုပဲ လုံလာခဲ့တာပဲ၊ ဘာမဖြစ်နိုင်စရာ ရှိလဲ"

ဟုဆိုကာ…

သာဒွန်းမှာ ချက်ချင်းဆိုသလို သူ့လက်ခုပ်ထဲသို့ တံတွေးကို ထွီခနဲထွေးချလိုက်ပြီး လက်ဝါးနှစ်ဖက်ကို တရှမ်းရှမ်းပွတ်သပ်ကာ ဓားမကြီးနှင့် ပင်စည်ကို စပြီးခုတ်တော့သည်။

တကယ်တော့ ဒီပဲရူးရိုးမကြီးတစ်ခုလုံးမှာ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်နှင့်အခြားသစ်မာများအပြင် ဝါးတောကြီးများ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် သာဒွန်းတို့ စံကွန်းတို့လို ရွာနီးချုပ်စပ်မှ ရွာ သားများက တစ်နှစ်တစ်ခါနှစ်ခါဆိုသလို သစ်တွေဝါးတွေကို အိမ် ဆောက်ရန် လာခုတ်လေ့ရှိသည်။ ထိုတောကြီးအတွင်းသို့ သစ်ခုတ် ဝါးခုတ် လာကြသူတွေ အများစုမှာ သားရဲတိရစ္ဆာန်တို့၏ အန္တရာယ် ကြောင့် လေးငါးဆယ်လောက်ထက်မနည်း အဖွဲ့ဖွဲ့ပြီးလာကြသော်ပါ လည်း သာဒွန်းတို့ညီအစ်ကိုမှာ အဖော်အပေါင်းမပါဘဲ နှစ်ယောက်တ တည်းသာ တောခုတ်လာလေ့ရှိ၏။

"ဒုတ်…ဒုတ်…ဒုတ်"

တိတ်ဆိတ်နေသော တောကြီးထဲတွင် သာဒွန်း၏ ကညင် ပင်ကြီးကို ခုတ်ထစ်နေသည့်အသံက ကျယ်ကျယ်လောင်လောင်ကြီး ဖြစ်နေသည်။ ထိုအချိန်မှာပင် စံကွန်းထံမှ တခွမ်းခွမ်းဖြင့် ဓားခုတ်သံ များကိုလည်း ကြားနေရသည်။ ထို့နောက် ဝါးပင်လဲကျသံ၊ ဝါးလုံးကို ဖြတ်တောက်နေသံများ ကြားရပြီး ပေါင်လုံးခန့်တုတ်ကာ တပ်တောင်



www.burmeseclassic.com

www.burmeseclassic.com



သာသာရှည်သော ဝါးပိုးအဆစ်တစ်ခုကို စံကွန်းထမ်းပြီး ပြန်လာလေသည်။

စံကွန်းမှာ သာဒွန်းနှင့်အတူ တောထဲသို့ သစ်ခုတ်ဝါးခုတ်လာတိုင်း တခြားဘာတစ်ခုမှ ကူဖော်လောင်ဖက် မရသော်လည်း ယခုကဲ့သို့ တောကြီးမျက်မည်းထဲတွင် ဖြစ်သလို ဝါးကျည်တောက်နှင့် ထမင်းချက်ဖို့ ပြင်ဆင်နေသည်ကို တွေ့ရလေရာ သာဒွန်းမှာ ဘာတစ်ခွန်းမှ အပြစ်မပြောသာဘဲ ဖြစ်ရပြန်လေသည်။

တဖြည်းဖြည်း နေစောင်းလာသည်နှင့် သာဒွန်းခုတ်ထစ်နေသော ကညင်ပင်ကြီးမှာလည်း ဓားသွားများအောက်တွင် ထက်ဝက်ကျော်ကျော်လောက် ပိုင်းပြတ်နေပေပြီ။ စံကွန်းမှာလည်း သစ်ကိုင်းသစ်ခြောက်တွေစုပုံကာ မီးမွေးဖို့ပြင်ဆင်နေလေသည်။ ခဏအကြာ ဒုတောက်များ အရှိန်ကောင်းလာသည်နှင့် စံကွန်းက ပေါင်လုံးခန့် ထုတ်သော ဝါးပိုးအဆစ်ကို ဓားမနှင့်အကြောသပ်ဖို့ လုပ်တော့၏။ ဤသို့ အကြောသပ်ရာတွင်လည်း ဝါးပိုး၏တစ်ဖက်သာသပ်၍ တစ်ဖက်အကြောကိုတော့ မသပ်ဘဲထားရလေသည်။ ထိုအခါမှ အကြောသပ်ထားသည့် ပါးနေသည့်ဖက်ကို မီးဖိုပေါ်တွင် တင်လိုက်လျှင် မြန်မြန်ဆူလွယ်ကျက်လွယ်မည်ဖြစ်၏။

သူတို့နှစ်ယောက် အလုပ်ရှုပ်နေကြချိန်တွင်တော့ ခပ်လှမ်းလှမ်းတောအုပ်ဆီမှ မျောက်အုပ်ကြီးမှာ ဆူဆူညံညံ အော်ဟစ်နေကြလျက် သစ်ပင်သစ်ကိုင်းများပေါ်တွင် ခုန်ပေါက်ပြေးလွှားနေကြလေသည်။

ထိုအချိန်မှာပင်...

"ဝေါင်း...ဝေါင်း..."



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တောင်ရိုးဆီမှ တစ်တောင်လုံး ပဲ့တင်ထပ်ကာ ဟိန်း ၍တက်သွားသော အသံကြီးကို ကြားလိုက်ရ၏။ ထိုအသံကြီးကြောင့် စောစောက သစ်ကိုင်းတွေပေါ် ဆူဆူညံညံနှင့် အော်ဟစ်ခုန်ပေါက် နေကြသော မျောက်အုပ်ကြီးမှာလည်း ချက်ချင်းပင် ငြိမ်ကျသွား၏။ စံကွန်းနှင့်သာဒွန်းတို့မှာလည်း ထိုအသံကြီးကြားရာ တောင်ရိုးဆီသို့ အာရုံစိုက်ကာ ငြိမ်သက်ပြီး နားစွင့်နေလိုက်ကြသည်။

"ဝေါင်း…"

နောက်တစ်ကြိမ် ဟိန်းဟောက်သံကြီးကို ကြားလိုက်ရမှ သူတို့နှစ်ယောက်စလုံး ပြိုင်တူသက်ပြင်းချမိလိုက်ကြသည်။ ထိုအသံကြီးမှာ သူတို့ထင်ထားသလိုမဟုတ်ဘဲ ဂျီတစ်ကောင်ဟောက်သံပင် ဖြစ်နေလေသည်။

ထို့နောက် သာဒွန်းမှာ တဖြည်းဖြည်း လှုပ်ရမ်းစပြုလာသော ကညင်ပင်ကြီးကို လေးငါးဆယ်ချက် အားစိုက်ပြီး ခုတ်လိုက်လေရာ…

"ဂျွတ်…ဂျွတ်…ဂျုံး…အုန်း…"

ဟူသော မြည်သံကြီးနှင့်အတူ ကညင်ပင်ကြီးမှာ မြေပြင်ပေါ်သို့ အရှိန်နှင့်လဲကျလေသည်။ တစ်ချိန်တည်းမှာပဲ အရှိန်နှင့်လဲကျလာသည့် ကညင်ပင်ကြီး၏ အကိုင်းတစ်ခုက မြေကြီးပေါ်ထောက်ကာ ဖြောင်းခနဲကျိုးပြီး သာဒွန်း၏ခါးကို ဖြတ်ရိုက်လိုက်သလို ဖြစ်သွား၏။

"ဖြောင်း…"

"အား…"

သာဒွန်းမှာ ခါးလယ်ကိုအရှိန်နှင့် ပြေးရိုက်လိုက်သော သစ်ကိုင်းကြီးကြောင့် ရှောင်ချိန်ရှားချိန်ပင် မရလိုက်ဘဲ ထိုနေရာမှာ ပင် ခွေကနဲပစ်လဲသွား၏။

www.burmeseclassic.com



"တော...သာဒွန်း...သာဒွန်း..."

ထိုမြင်ကွင်းကို မြင်လိုက်ရသောစံကွန်းမှာ ထိတ်လန့်တကြား အော်ဟစ်ရင်း သာဒွန်းရှိရာသို့ ပြေးသွားပြီး ဆွဲပွေ့ထူလိုက်လေသည်။ သို့သော် သာဒွန်းတစ်ယောက်ကတော့ ရှုံ့မဲ့နေသော မျက်နှာနှင့်အတူ တဆတ်ဆတ်တုန်ရင်နေသော ခန္ဓာကိုယ်ကြီးက စံကွန်းလက်ထဲတွင် ပျော့ခွေညွတ်ကျနေ၏။

"အား...သေပါပြီ၊ ခါးရိုးတွေကျိုးကုန်ပြီထင်ပါရဲ့ ကိုစံကွန်း ရယ်၊ ဘယ်လိုမှ မလှုပ်နိုင်တော့ဘူးဗျ"

"ဒုက္ခပါပဲကွာ"

စံကွန်းမှာ ဒုက္ခပါပဲကွာဟူသော စကားတစ်လုံးမှလွဲပြီး ဘာမှ မပြောတတ်တော့။ နောက်ပြီး သာဒွန်း၏ခန္ဓာကိုယ်ကြီးကို ပွေ့ချီထား ရ၍လည်း သူ၏ပိန်လှီသေးကွေးသော လက်တွေက အလိုလိုနေရင်း တုန်ရင်နေ၏။ ထို့နောက် သာဒွန်းက ကြိုးစားပြီး ထထိုင်ကြည့်သော် လည်း သူ့ခါးတွေက ဘယ်လိုမှ မတောင့်တင်းနိုင်ဘဲ ဖြစ်နေလေရာ မြေပြင်ပေါ်တွင် ပက်လက်အနေအထားဖြင့် ချွေးဒီးဒီးကျနေ၏။

"ကိုစံကွန်း ကျုပ်အခြေအနေကတော့ မဟန်တော့ဘူးဗျို့၊ ဒီအတိုင်းဆို ရွာကိုပြန်ဖို့ တော်တော်ခက်လိမ့်မယ်"

"ငါ...ငါ ဘယ်လိုလုပ်ရမလဲ သာဒွန်း၊ မင်းကို ကုန်းပိုးပြီး ထမ်းခေါ်သွားရမလား"

ပြောသာပြောနေရသော်လည်း သာဒွန်း၏ခန္ဓာကိုယ်ကြီးကို ကုန်းပိုးဖို့က စံကွန်း ဘယ်လိုမှမတတ်နိုင်။ သူတို့ရွာနှင့် ဝေးနေရာက လည်း အနည်းဆုံး လမ်းပုံမှန်လျှောက်လျှင်ပင် တစ်ရက်သာသာ



www.burmeseclassic.com

www.burmeseclassic.com



ဆောက် တောလမ်းခရီးကို လျှောက်ရမည်ဖြစ်သဖြင့် ဘယ်လိုမှ မဖြစ်နိုင်မှန်းသိကာ သာဒွန်းက…

"ကိုစံကွန်း ကုန်းပိုးပြီးခေါ်သွားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ နောက်ပြီးတော့ တောက လျှိုတွေ၊ ချောက်ကမ်းတွေပေါတော့ ခရီးတစ်ဝက်လောက်ကိုတောင် မနည်းသွားရမှာ"

ထို့နောက် သာဒွန်းမှာ ဘယ်လိုမှမတတ်နိုင်သည့် အဆုံးတွင် စိတ်ကိုဒုံးဒုံးချကာ…

"ဒီလိုလုပ်ဗျာ ကိုစံကွန်း၊ ကျုပ်ကို ဒီကနေ လုံခြုံစိတ်ချရတဲ့နေရာရောက်အောင် ဆွဲပြီးခေါ်သွားပေး၊ ပြီးတာနဲ့ ကိုစံကွန်း ရွာကိုအမြန်ဆုံးပြန်၊ ရွာကလူ သုံးလေးယောက်နဲ့အတူ ထမ်းဖို့ပုခက်တစ်လုံးပါဆင်လာခဲ့"

ထိုစကားကြောင့် စံကွန်းမှာ ချက်ချင်းပင် မျက်စိမျက်နှာပျက်သွားပြီး…

"ဟာကောင်ရ…ဒီတောကြီးထဲမှ မင်းတစ်ယောက်တည်းထားခဲ့လို့ ဘယ်ဖြစ်မလဲကွ၊ တော်ကြာ တစ်ခုခုဖြစ်နေမှဖြင့်"

"ရပါတယ် ကိုစံကွန်းရာ၊ သွားမှာသာ သွားစမ်းပါ၊ ကျုပ်တစ်ယောက်တည်း နေရဲပါတယ်"

ဒဏ်ရာက တဆစ်ဆစ်နာကျင်နေရသည့်အထဲ စံကွန်းကိုစကားအပိုတွေ ထပ်ပြီးမပြောချင်တော့။ စံကွန်းမှာလည်း ကြံရာမရသည့်အဆုံးတွင် သာဒွန်း၏ချိုင်းနှစ်ဖက်မှ မနိုင်မနင်းမကာ ဒရွတ်တိုက်ဆွဲလာပြီး ကျောက်တုံးကြီးများပေါ်များရာ စိတ်ချရသည့်နေရာသို့ရွှေ့ထားလိုက်၏။ ထို့နောက် သာဒွန်း၏အနီးနားတွင် ဓားမနှင့်လှံအိတ်

www.burmeseclassic.com



တို့ကိုပါ ချထားပေးပြီး ဝါးကျည်တောက်နှင့် ချက်ထားသည့် ထမင်းနှင့်အတူ သောက်ဖို့ရေတို့ကိုပါ အရံအသင့် ပြင်ဆင်ပေးလေသည်။

ထိုကိစ္စတွေ ပြီးသောအခါ စံကွန်းမှာ သာဒွန်းရှိရာနေရာ ပတ်ပတ်လည်မှ မြေပြင်ကို စည်းဝိုင်းတစ်ခုတားလျက် ပါးစပ်ကလည်း ဂါထာမန္တန်တွေကို တတွတ်တွတ်နှင့် ရွတ်ဆိုလေသည်။ သူတို့အရပ်သူတို့ဓလေ့တွင်လည်း ဤကဲ့သို့သော ဘီလူးစည်း၊ လူ့စည်း၊ စည်းဝိုင်းကြီးတစ်ခုကို ရေးခြစ်ပြီးလျှင် ထိုစည်းဝိုင်းအတွင်းသို့ သားရဲတိရစ္ဆာန်မှအစ မကောင်းဆိုးဝါးများပင် ဝင်မလာနိုင်ဟု ယုံကြည်ကြလေသည်။

ထို့နောက် စံကွန်းမှာ အချိန်ဖြုန်းမနေတော့ဘဲ...

"ကဲ...သာဒွန်းရေ၊ သတိဝီရိယနဲ့သာ နေရစ်ခဲ့ပေတော့"

ဟုဆိုကာ ရိုးမတောကြီးအတွင်းမှ ခပ်သုတ်သုတ်ခြေလှမ်းများနှင့် တောတိုးပြီးသွားလေကော့သည်။

●

ဦးသာဒွန်းပြောပြနေသည့် အတွေ့အကြုံတွေက ဖဒိုရွာမှ ဆင်သမားတွေအဖို့ မထူးဆန်းသော်လည်း အားလုံးက လူနီနီနှစ်ယောက်စီးထားသည့် ဆင်ရိုင်းကြီးနှင့် ဘယ်လိုကြုံဆုံတွေ့ရပုံကိုသာ စိတ်စောပြီး နားထောင်ချင်နေမိကြ၏။

စောစောက ဆင်ရိုင်းကြီးကို ပစ်ခတ်ဖမ်းဆီးရန် စိတ်အားထက်သန်နေကြသော ဆင်ဦးစီးတချို့မှာ ဦးသာဒွန်းပြောပြနေသည်များကို နားထောင်နေမိကြသော်လည်း တကယ်တမ်းတော့ သူတို့၏စိတ်တွေက ထွန်းကြိုင်နှင့် မှဆိုးစံပီးတို့ကို ရက်ရက်စက်စက် နင်းသတ်ခဲ့သည့် ဆင်ရိုင်းကြီးအား မြန်မြန်ကိစ္စတုံးပစ်ချင်နေမိကြ၏။ ဒါတင်


www.burmeseclassic.com

www.burmeseclassic.com



စောသေး၊ ထိုအထဲမှ အချို့ဆင်ဦးစီး နှစ်ယောက်သုံးယောက်မှာ ဦးသာဒွန်းပြောပြနေသည့် စကားတွေကို မဟုတ်မဟတ်ကိစ္စတွေဟု ထင် သဘောထားကာ သူတို့နေထိုင်ရာတဲငယ်ဆီသို့ လှည့်ပြန်သွားကြသည်။

ထို့နောက် ဦးသာဒွန်းက သူ့စကားကို ပိုပြီး လေးလေးနက်နက် ဖြစ်စေရန် စကားအစချီလျက်…

“တောထဲ တောင်ထဲဆိုတာ ကိုယ်မမြင်နိုင်တဲ့ အကြောင်းကိစ္စတွေ အမျိုးမျိုးအဖုံဖုံ ရှိတယ်ကွဲ့၊ ဒါ့ကြောင့်မို့ ငါ့အစ်ကို ကိုစံကွန်းဟာ တခြားအရာတွေမှာသာ သူ့ကိုအားကိုးလို့ မရချင်နေရမယ်၊ အဲဒီတုန်းက သူမြေပြင်မှာ စည်းဝိုင်းချထားခဲ့လို့ ငါ့အသက်မသေခဲ့တာလို့ ဝဲပြောရမယ်”

ဟုဆိုကာ သူ့အဖြစ်အပျက်ဆိုးကြီးကို ဆက်ပြီးပြောပြန်လေသည်။

●

လရောင်က ငွေ့ငွေ့လေးကျနေသည်ဟု ဆိုသော်လည်း အုံ့ဆိုင်းနေသည့် သစ်ရိပ်ဝါးရိပ်တွေကြောင့် သာဒွန်းရှိရာ အနီးတစ်ဝိုက်တွင် အလင်းရောင် ပြောက်တိပြောက်ကြားနှင့် ရှိနေ၏။ တစ်ခါတစ်ခါ ဂျီဟောက်သံ၊ တောကြက်တွန်သံ၊ တောဝက်များ တောတိုးပြေးလွှားသံတွေကလည်း ဟိုမှဒီမှ ကြားနေရ၏။

အချိန်တွေကြာလာသည်နှင့် တောကြီးတစ်ခုလုံးမှာ နှင်းငွေ့မြူမှုန်တွေ ဖြည်းဖြည်းချင်းကျလာလေရာ သာဒွန်းမှာ အေးစိမ့်လာသော အထက်ကိုအံတုရင်း ခါးပေါ်မှပုဆိုးကို ရင်ခေါင်းအထိ ဆွဲခြုံထားရသည်။



www.burmeseclassic.com

www.burmeseclassic.com


ခါးရှအထိရောမှာလည်း ဘယ်လူ့ညာလိုမှ်ျ၍ပင် မလှုပ်ရှားနိုင်အောင် တဆစ်ဆစ်နှင့် နာကျင်နေ၏။

သာခွန်းအဖို့ ယောက်ျားရင့်မာကြီးဖြစ်သော်လည်း ယခုကဲ့သို့ ညကြီးမင်းကြီး တောကြီးမျက်မည်းထဲတွင် မလှုပ်မယှက်နှင့် တစ်ကိုယ် တည်း နေခဲ့ရသည့်အဖြစ်ကြောင့် အားငယ်သလိုလို၊ ကြောက်ရွံ့သလိုလို လည်း ဖြစ်လာလေသည်။ တစ်ခါတစ်ခါ လေတိုက်လိုက်တိုင်း တရှဲရှဲ မြည်သွားကြသည့် သစ်ကိုင်းသစ်ခက်တွေကိုပင် ဘာရယ်မဟုတ်ဘဲ စိတ်က ထိတ်လန့်နေမိသည်။

ပြီးတော့ သူတစ်ချိန်က ဓားဖြင့် ရက်ရက်စက်စက် ခုတ်ပိုင်း ခဲ့သော ဖွတ်ကြီးတစ်ကောင်၏အကြောင်းက ခေါင်းထဲသို့ဝင်လာပြန် လေရာ ယခုကဲ့သို့ ဒုက္ခတဖြစ်နေရသော ဘဝကို ဝဋ်ကြွေးတစ်ခုများ ဖြစ်လေမလားဟူ၍ တွေးမိလေသည်။ ထိုစဉ်က မုဆိုးနောက်လိုက် ဘဝနှင့် သာခွန်းမှာ တစ်ကြိမ်တစ်ခါ မှားခဲ့ဖူးသော အမှားကြောင့် သူ့စိတ်ကိုသူမလုံမလဲနှင့် ဖြစ်နေရာ ဒီအချိန်မှာ အတွေးတွေက သူ့ကို အခြောက်ကြီးခြောက်လှန့်၍ နေပေပြီ။

ရိုးမတောကြီးအတွင်း ပိုးကောင် မွှားကောင်များ၏ တစီစီ မြည်သံ၊ မြွေတွန်သံ၊ ချေဟောက်သံ၊ ညငှက်မျိုးစုံတို့၏ အသံတွေ ကလည်း ပကတိ တောကြီးသဘာဝအတိုင်း ရှိနေသော်လည်း သာခွန်း အဖို့ တစ်ချက်ကလေးမျှပင် မအေးရဲ မအိပ်ရဲဘဲ ဖြစ်နေလေသည်။

ခဏအကြာ သာခွန်းမှာ ဗိုက်ထဲမှ တကျုတ်ကျုတ်ဆူလာ လာသည်နှင့် သူ့အစ်ကို စံကျွန်းချပေးသွားသည့် ဝါးကျည်တောက်ထဲ မှ ထမင်းတွေကို ဆားနှင့်လုံးကာ ရေနှင့်မျှောချလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင်…

"ကိုသာဒွန်းရေ…၊ ဟေး…ကိုသာဒွန်း"

ရုတ်တရက်ကြားလိုက်ရသော အသံကြောင့် သာဒွန်းမှာ ဆား နှင့်လုံးပြီး ဝါးနေသော ထမင်းလုပ်ကြီးများကိုပင် ခဏရပ်ကာ အသံ လာရာဆီသို့ နားစိုက်ထောင်လိုက်မိသည်။

"ဟင်…ဒါ ငါ့မိန်းမ လှခင်ရဲ့အသံပဲ၊ သူတို့ ရောက်လာ ကြပြီလား၊ ကိုစံကွန်းကလည်း ဘယ့်နှယ့် ထမ်းဖို့ယောကျ်ားတွေ ခေါ်ခိုင်းလိုက်ပါတယ်ဆိုမှ၊ ဘာကြောင့်များ လှခင်ကိုခေါ်လာရတာလဲ"

ထိုအတွေးနှင့်အတူ သာဒွန်းမှာ ခေါင်းထောင်ပြီး ဟိုဟိုဒီဒီကို ကြည့်လိုက်လေ၏။ ထိုအချိန်မှာပင် လှခင်၏ခေါ်သံကို ပီပီပြင်ပြင် ထပ်ပြီး ကြားလိုက်ရပြန်သည်။

"ကိုသာဒွန်းရေ…ကိုသာဒွန်းရေ…ကျုပ်ပါတော့… ဒီမှာ …ဒီမှာ"

သာဒွန်းမှာလည်း ဒီမှာ ဒီမှာဟူသောအသံကြောင့် ထိုအသံ ကိုကြားနေရသည့် သူနှင့် မလှမ်းမကမ်းမှ ဆီးဖြူပင်၊ သစ်စေးပင်ကြီး များ အုံ့ဆိုင်းနေရာ အမှောင်ထုထဲသို့ သေချာစိုက်ကြည့်လိုက်၏။ သို့သော် ထိုအသံက တသမတ်တည်းမဟုတ်ဘဲ သာဒွန်း၏ တောင် ဘက်ကလိုလို မြောက်ဖက်ကလိုလို ကြားနေရပြန်သည်။

"ဟင်…ဒါ…လှခင်ရဲ့အသံ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ပြီးတော့ ကိုစံကွန်းလည်း ဒီလောက်အချိန်တိုကလေးနဲ့ ရွာကနေ ဒီကို ပြန်ရောက်လာစရာ အကြောင်းမရှိဘူး၊ မဟုတ်မှလွဲရော၊ ဒီအသံဟာ တောထဲက မကောင်းဆိုးရွားတွေရဲ့ အသံတွေပဲဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဆိုသလို သာဒွန်းတစ်ယောက် ခေါင်းနပန်းတွေ ကြီးသွား၏။ ပြီးတော့ သူ့လက်နှစ်ဖက်မှာလည်း ဘေးနားမှ ကျောက်တုံးကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိလေသည်။

"ကိုသာဒွန်းရေ…ကိုသာဒွန်း"

အသံက တဖြည်းဖြည်း ဝေးသွားပြန်သည်။

သာဒွန်းမှာ အသက်ပင် ပြင်းပြင်းမရှူရဲဘဲ ထိုအသံကြီး ကြားနေရာဆီသို့ မမှိတ်မသုန် စိုက်ပြီးကြည့်နေမိသည်။ မဲမှောင်နေသော ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ဘာအရိပ်အယောင်မှ မတွေ့ရဘဲ လေတိုက်တိုင်း လှုပ်ရှားနေသည့် သစ်ကိုင်းသစ်ခက်တို့ကသာ မှုန်မွှားမွှားကျနေသော လရောင်အောက်တွင် ယိမ်းထိုးလှုပ်ယမ်းနေကြသည်။

သိပ်မကြာလိုက်…ထိုခေါ်သံကြီးက သာဒွန်းနှင့်ဝေးရာ ရိုးကြီးတစ်ခုဖက်ဆီမှ ခပ်သဲ့သဲ့သာ ကြားရတော့သည်။

"ဟူး…"

သာဒွန်းမှာ ထိုအခါမှ သက်ပြင်းကိုချကာ နဖူးပေါ်မှ ချွေးစတွေကို လက်ဖြင့်သပ်ချလိုက်မိတော့သည်။ ပြီးတော့ သူ့အစ်ကို ကိုစံကွန်း စည်းချရေးခြစ်ထားသော မြေပြင်ကိုကြည့်ကာ ထိုစည်းဝိုင်း အတွင်းမှ အပြင်သို့ မထွက်လိုက်နိုင်သည့်အဖြစ်ကိုပင် ကံကောင်းသည် ဟု ထင်မှတ်မိလေသည်။ ပြီးတော့ တကယ်တမ်းသာ သာဒွန်းတစ်ယောက် အခုလို အခြေအနေမျိုးတွင် ခါးမှဒဏ်ရာက ဆိုးဆိုးဝါး ဖြစ်မနေခဲ့လျှင် မကောင်းဆိုးရွားတစ်ကောင်၏ ထင်ယောင်ယောင်မှား ခေါ်ဆိုရာနောက်သို့ ကောက်ကောက်ပါသွားမိမည်မှာ အမှန်ပင်ဖြစ် တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် တစ်တောလုံးတစ်တောင်လုံး တိတ်ဆိတ်နေရာမှ မျောက်ညိုတစ်အုပ်၏ အာခေါင်ခြစ်ပြီး အော်လိုက်ကြသည့် အသံများနှင့်အတူ သစ်ပင်မြင့်မြင့်ကြီးများပေါ်မှ သစ်ကိုင်းများ လှုပ်ရှားသံ၊ အိပ်တန်းတက်နေကြသည့် တောကြက်တွေ၏ အထိတ်တလန့် ကတော်လိုက်ကြသည့် အသံတွေက ဆူဆူညံညံနှင့် ဖြစ်ကုန်သည်။

သိပ်မကြာလိုက်၊ သာဒွန်းနှင့်မျက်နှာချင်းဆိုင် သစ်အယ်တောအစပ်မှ တောတိုးသံကြီးနှင့်အတူ တောကောင်တစ်ကောင်ကို ရိပ်ကနဲ လှမ်းမြင်လိုက်ရလေသည်။ ထိုတောကောင်မှာ လရောင်မှုန်ဝါးဝါးအောက်တွင် ဘာကောင်ဟူ၍ ထင်ထင်ရှားရှား မမြင်ရ၊ အနည်းဆုံးတော့ ဝံတစ်ကောင်လောက်ပင် ကြီးမားသော ခန္ဓာကိုယ်ရှိ၏။

သာဒွန်းမှာ သူမြင်လိုက်ရသည့် မထင်မရှား မြင်ကွင်းကြောင့်ဘေးမှ သစ်ခုတ်ဓားမကို အလိုလို ဆုပ်ကိုင်မိလျက်သား ဖြစ်သွားသည်။

ထိုစဉ်မှာပင်...

"ဝေါင်း..."

ဟူသော ဝမ်းခေါင်းသံကြီးနှင့်အတူ သာဒွန်းနှင့် ဝါးနှစ်ရိုက်စာအကွာမှ အင်ပင်ကြီးတစ်ပင်အောက်တွင် ကျားကြီးတစ်ကောင်ကို ဘွားကနဲတွေ့လိုက်ရ၏။

"ဟင်..."

သာဒွန်း၏ တစ်ကိုယ်လုံးမှာ သွေးတို့အေးခဲမတတ်ဖြစ်သွား၏။ သေလုမျောပါး ခံစားနေရသည့် သူ့ခါးမှ ဒဏ်ရာကိုပင် သူဂရုမစိုက်နိုင်တော့ဘဲ တဆတ်ဆတ်တုန်ရင်နေသည့် သူ့ခန္ဓာကိုယ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ချောက်တွေမှာ ကျောက်တုံးကြီးတွင် ပြားနေအောင် ကပ်မှီထားမိ၏။

သားကောင်နှင့်ရသွားသော ကျားကြီးမှာလည်း သာဒွန်းထင်ထားသလို ဝံတစ်ကောင်ထက်ပင် ပိုကြီးနေပြီး ရှေ့သို့ တစ်လှမ်းချင်း ချောင်းမြောင်းတိုးကပ်လာနေရာ...တဖြည်းဖြည်း သာဒွန်းရှိရာနေရာနှင့် ဝါးတစ်ရိုက်သာသာသို့ပင် ရောက်လာလေသည်။ မီးဝင်းဝင်းတောက်နေသော ကျားကြီး၏မျက်လုံးအစုံနှင့် ကြီးမားတုတ်ခိုင်သော ခြေသံလက်သံတွေကလည်း သူ့ကို ခုန်အုပ်လိုက်ရန် အသင့်အနေအထားနှင့် ဖြစ်နေပေပြီ။ သာဒွန်းမှာလည်း ဒီတစ်ကြိမ်တော့ ရွာသို့ အသက်နှင့်ကိုယ်တွဲလျက် ပြန်မရောက်နိုင်ပေ သူ့ကိုယ်သူ ထင်လိုက်လေသည်။

တစ်ကိုယ်လုံး ချွေးများဒီးဒီးကျလျက် ကွေးညွတ်ထားသော ဒူးနှစ်ဖက်မှာလည်း အချင်းချင်း တဖြောင်းဖြောင်းနှင့် ရိုက်နေကာ အလွန်အမင်း တုန်ရင်နေသည်။ မကြာမီ...

သာဒွန်းနှင့် မျက်လုံးချင်းဆုံကာ စိုက်ကြည့်နေသော ကျားကြီးမှာ တဖြည်းဖြည်းချောင်းမြောင်းတိုးကပ်လာရင်း စံကွန်းစည်းတားရေးဖြစ်ထားသော နေရာအရောက်တွင် ရပ်တန့်သွား၏။ ထို့နောက် ဖြူဖွေးနေသော အစွယ်များကိုဖြဲလျက် တဝေါင်းဝေါင်းနှင့် မာန်ဖီနေလေသည်။

သာဒွန်းမှာ ခန္ဓာကိုယ်ကို အသင့်အနေအထားနှင့် နေလိုက်ပြီး ကျောကိုလည်း ကျောက်တုံးကြီးတွင် ပြားကပ်နေအောင် မှီထား၏သည်။ ထိုအချိန်မှာပင် သူ့ခါးမှဒဏ်ရာကလည်း သွေးလောက်အောင်ပင် နာကျင်နေလေ၏။

"ဝေါင်း...ဂရား"



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးမှာ သာခွန်းနှင့် လေးငါးဆယ်ကိုက်အကွာမှာ စည်းဝိုင်း၏အပြင်ဖက်တွင် လှည့်ကာပတ်ကာနှင့် မာန်ဖီနေလေသည်။ တစ်ခါတစ်ခါ နောက်သို့ လေးငါးဆယ်လှမ်း ဆုတ်သွားပြီး အရှိန်နှင့် ပြေးပြီး ခုန်အုပ်တော့မလို အမျိုးမျိုး ချောင်းမြောင်းနေလေသည်။

"ဒီကောင်ကြီး အချိန်မရွေး ငါ့ကိုခုန်အုပ်နိုင်တယ်၊ နောက်ပြီး ကိုစံကွန်းရဲ့စည်းကရော ဘယ်လောက်အထိ အာမခံနိုင်လို့လဲ၊ မဖြစ်ဘူး..."

ထိုအတွေးနှင့်အတူ သာခွန်းမှာ တစ်စုံတရာကို ဖျတ်ကနဲသတိရသွားမိပြီး လွယ်အိတ်ထဲမှ အင်ဖက်နှင့်ထုပ်ထားသော ကွမ်းယာနှစ်ယာနှင့်အတူ သနပ်ဖက်ဆေးလိပ်နှစ်လိပ်ကို ကပျာကယာထုတ်ယူပြီး မီးညှိလိုက်၏။ သူ၏လက်ချောင်းများမှာလည်း တဆတ်ဆတ်တုန်ရင်နေသဖြင့် ဆေးလိပ်နှင့် မီးခြစ်မှ မီးစာဆို့မှာ မထိတထိနှင့်ပင် ဖြစ်နေသည်။

ထို့နောက် ဝါးကျည်ထောက်အတွင်းမှရေကို ဝါးဆစ်ခွက်ငယ်လေးနှစ်ခွက်ထဲသို့ထည့်ကာ ဒီတော ဒီတောင်ကို စောင့်ရှောက်နေကြသည့် ပသီမောင်နှမကို ပူဇော်ပသလေသည်။

တကယ်တော့ ထိုအယူအဆမှာ သာခွန်းတို့ ငယ်စဉ်ကပင် တစ်ရွာလုံးက ယုံကြည်ထားခဲ့ကြသော အလေ့အထတစ်ခုဖြစ်ပြီး ယခုကဲ့သို့ တောထဲတောင်ထဲတွင် ဘေးဒုက္ခရောက်နေခဲ့လျှင် ပသီမောင်နှမကို ကွမ်း၊ ဆေးနှင့် ရေချမ်းတို့ကို မြေပြင်ပေါ်တွင်ချကာ ပူဇော်ပသလိုက်သည်နှင့် ဘေးဒုက္ခရန်အပေါင်းမှ ချက်ချင်းပင် လွတ်ကင်းသွားသည်ဟု ယုံကြည်ထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သာဒွန်းမှာ ဝါးစဝ်က တတွတ်တွတ်နှင့် ရွတ်ဖတ်ပူဇော်နေရသော်လည်း သူ့မျက်လုံးများက စည်းအပြင်မှ လှည့်ပတ်ချောင်းမြောင်းနေသော ကျားကြီးထံမှမခွာ…။ ကျားက သူ့နောက်ကျောဖက်သို့ လှည့်ချောင်းလျှင် သာဒွန်းကပါ ကျားနှင့်မျက်နှာချင်းဆိုင်သို့ ခန္ဓာကိုယ်ကို လိုက်ပြီးလှည့်နေရသည့်အတွက် ခါးမှဒဏ်ရာက ပိုပြီးနာကျင်လာသည်။

တောချွေးများမှာလည်း အချိန်ကြာလာသည်နှင့်အမျှ သူ့တစ်ကိုယ်လုံး မြင်မကောင်းတော့။ ကျားကြီးမှာလည်း မြေပြင်ကို အမြီးနှင့် တဘုန်းဘုန်းရိုက်လိုက်၊ ခပ်လှမ်းလှမ်းမှ သစ်အယ်ပင်ကြီးကို လက်သည်းများနှင့် တဗျင်းဗျင်းကုတ်ခြစ်လိုက်နှင့် ဒေါသအကြီးအကျယ်ပင် ထွက်နေလေသည်။

"ဝေါင်း…ဝေါင်း…"

တစ်ချက်တစ်ချက် ဟိန်းဟောက်လိုက်သည့် အသံကြီးကလည်း တစ်တောလုံးတစ်တောင်လုံးပင် သိမ့်သိမ့်တုန်မတတ်ဖြစ်သွားသည်။

ထိုအချိန်မှာပင်…

"ဝေါ…ဝရော…ဗြုန်း…ဖြောင်း"

ဟူသော ရိုးမတောကြီးအတွင်းမှ တောတိုးသံ၊ သစ်ကိုင်းကျိုးသံ၊ ဝါးရုံပင်မှဝါးများကို တဖြောင်းဖြောင်း ရိုက်ချိုးသံတွေကို ကြားလိုက်ရသည်။

"ဟင်…ဘာသံတွေလဲ"

အလိုလိုမှ အသက်ဘေးနှင့် ရင်ဆိုင်နေရသော သာဒွန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံတွေကို ကြားလိုက်ရသည်နှင့် တစ်ကိုယ်လုံး ဆောက်တည်ရာ မရဖြစ်ကာ ပိုပြီးခြောက်ခြား တုန်လှုပ်သွားရလေသည်။

စောစောက မာန်ဖီကာ တဝေါင်းဝေါင်းဟိန်းဟောက်နေသော ကျားကြီးမှာလည်း ထိုအသံကြီးကို ကြားလိုက်သည်နှင့် ကိုယ်ကို တစ်ဖက်သို့ရိုကာ မြေပြင်ပေါ်တွင် ဝပ်စင်းလျက် နားရွက်အဖျားများက အပေါ်သို့ထောင်ကာ အာရုံစိုက်မိသွား၏။

အသံက တောခွေးများ သားကောင်လိုက်လာကြသံသော အသံမဟုတ်သည်မှာ ထင်ရှားလှသည်။ ပြီးတော့ တဂျမ်းဂျမ်း၊ တဝေါဝေါ မြည်နေသည့်အသံကြီးမှာ တစ်တောလုံးပင် ပြိုလိုက်လာသံလို မြည်ဟီးလာသည်။ ထိုအသံကြီး၏ အထူးခြားဆုံးအချက်က ပွဲတင်မပြန်ဘဲ တစ်သမတ်တည်း၊ တစ်ကြောင်းတည်း၊ တစ်နေရာက မြည်ဟီးလာနေသံပင်။

သာဒွန်းမှာ ပါးစပ်က တတ်သမျှမှတ်သမျှ ဂါထာတွေကို ရွတ်လိုက်၊ ထိုအသံကြီးကြားရာဖက်ဆီသို့ သွေးပျက်နေသော မျက်လုံးတွေနှင့် ကြည့်လိုက်ဖြစ်နေကာ တစ်ကိုယ်လုံး တုန်ရင်နေလေ၏။

ထိုအချိန်မှာပင် . . .

“ဝူး”

“ဖြောင်း . . . ဝုန်း . . . ဂျုံး”

ဟူသော မြည်သံကြီးနှင့်အတူ အုံ့ဆိုင်းနေသော ရိုးမတောကြီးအတွင်းမှ စွယ်စုံဆင်ကြီးတစ်ကောင် တောတိုးပြီးထွက်လာလေသည်။ ထိုဆင်ရိုင်းကြီးမှာ ကြီးမားတုတ်ခိုင်သော ခန္ဓာကိုယ်နှင့် လိုက်ဖက်သည့် အစွယ်နှစ်ချောင်းမှာလည်း ပေါင်ဖျားသာသာရှိပြီး အစွယ်၏



www.burmeseclassic.com

www.burmeseclassic.com



အဖျားနှစ်ဖက်မှာ ထူးထူးခြားခြား အနီရောင်သန်းနေ၏။

"ဟာ"

သာခွန်းမှာ ထိုနေရာမှာပင် သတိလစ်မေ့မျော မသွားမိအောင် ကိုယ့်ကိုကိုယ် အားတင်းရင်း အနီးမှကျောက်တုံးကြီးကို ကုတ်တွယ်ဖက်ထားမိသည်။

စွယ်စုံဆင်ကြီးမှာလည်း တစ်စုံတရာကြောင့် စိတ်ဆိုးမာန်ဆိုး ဖြစ်နေသလို သို့ရှေ့မှ သစ်ကိုင်းသစ်ခက်မှန်သမျှကို နှာမောင်းနှင့် တဖြောင်းဖြောင်းရိုက်ချိုးရင်း သာခွန်းရှိရာသို့ ဦးတည်ပြေးလာနေ၏။

"ဝေါင်း..."

ထိုစဉ်မှာပင် သာခွန်းကို လှည့်ပတ်ချောင်းမြောင်းနေသည့် ကျားကြီးမှာအစွယ်နီနီနှင့် ဆင်ရိုင်းကြီးကို တွေ့လိုက်သည်နှင့် နောက်သို့ လေးငါးကိုက်သာသာ ဆုတ်သွားပြီး တဝေါင်းဝေါင်းနှင့် မာန်ဖီနေလေသည်။

စွယ်စုံဆင်ကြီးမှာ သာခွန်းနှင့် တဖြည်းဖြည်းနီးကပ်လာသည်နှင့် မြင်ကွင်းက ပိုပြီး သဲသဲကွဲကွဲဖြစ်လာသည်။ ထိုအခါမှ သာခွန်း ထင်ထင်ရှားရှား မြင်လိုက်ရသည့် မြင်ကွင်းကြောင့်...

"အလို...ဆင်ရိုင်းကြီးပေါ်မှာ...လူ...လူ"

ဟူ၍ ပါးစပ်မှ အသံပင်ထွက်...အောင် ရေရွတ်မိလိုက်လေသည်။

သာခွန်းမြင်နေရသော ...ကြီး၏ကျောပေါ်တွင် တစ်ကိုယ်လုံး နီမြန်းနေသော လူနှစ်ယောက်မှာ ရှေ့တစ်ယော... နောက်တစ်ယောက်ထိုင်လျက် လက်ထဲတွင်လည်း လှံတိုတစ်ချောင်းစီ ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားကြသည်ကို တွေ့လိုက်ရသည်။

"ဟင်…ဘယ်လိုလူတွေပါလိမ့်၊ တစ်ကိုယ်လုံး အသားအရေ တ·နီမြန်းနေပြီး သူတို့ဝတ်ထားတဲ့ အဝတ်အစားတွေက ရှေးခေတ်တုန်းက စစ်သည်တော်တွေဝတ်တဲ့ အဝတ်အစားတွေနဲ့ပါလား၊ ဒါ…ဒါဟာ ဘယ်လိုမှ မရိုးသားဘူး…ကေနှ"

ထိုအချိန်မှာပင် ဆင်ရိုင်းကြီး၏ကျောပေါ်မှ လူနီနီနှစ်ယောက်မှာ သာဒွန်း ပုန်းအောင်းနေရာဆီသို့ စူးစူးစိုက်စိုက် လှည့်ကြည့်လိုက်ကြလေရာ သူတို့၏မျက်လုံးများမှာလည်း ရဲရဲနီလျက်ရှိ၏။

"ဟင်…သူတို့…ငါ့…ငါ့ကို မြင်သွားကြပြီ…ဘုရား…ဘုရား"

ဆင်ရိုင်းကြီးမှာလည်း စံကွန်း စည်းချထားသည့် နေရာအရောက်တွင် ခြေစုံရပ်လျက် ဝမ်းခေါင်းသံကြီးနှင့် ဟစ်အော်လိုက်လေရာ တစ်တောလုံး တစ်တောင်လုံး သိမ့်သိမ့်တုန်မတတ်ပင် ဖြစ်သွား၏။

"ဝူး…"

ထို့နောက် ဆင်ပေါ်မှ လူနီနီက ဆင်ရိုင်းကြီးကို တစ်စုံတရာ အမိန့်ပေးခိုင်းစေလိုက်သလို မြေပြင်တစ်ခုလုံး သိမ့်ကနဲပင်ဖြစ်သွားကာ မလှမ်းမကမ်းမှ မာန်ဖီချောင်းမြောင်းနေသည့် ကျားကြီးဆီသို့ အဟုန်ထိုးပြေးပြီး တိုက်ခိုက်လေတော့သည်။

"ဟာ…"

ထိုမြင်ကွင်းကို လရောက်အောက်တွင် ထင်ထင်ရှားရှား မြင်လိုက်ရသည့် သာဒွန်းမှာ ပါးစပ်အဟောင်းသားနှင့် ကြက်သေပင် သေနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း…"

"ရူး…"

"ဖြောင်း…ဂျုံး…အုန်း"

ဟူသော အော်သံကြီးတွေ၊ သစ်ကိုင်းကျိုးကျသံတွေ သောသောညံကာ မြေပြင်မှာ သိမ့်သိမ့်ခါနေတော့သည်။ တစ်ခဏအတွင်းမှာပင် သာဒွန်းမြင်နေရသော မြင်ကွင်းတစ်ခုလုံးမှာ ဖုန်လုံးကြီးများ အလိပ်လိုက်တက်လာပြီး မဲမှောင်သွားတော့၏။

အချိန်က သိပ်မကြာလိုက်၊ ဟီးဟီးထ တုန်ခါနေသော မြေပြင်မှာ ငြိမ်သက်သွားပြီး မာန်ဖီအော်ဟစ်နေကြသည့် အသံကြီးတွေပါ တိတ်ဆိတ်သွား၏။

သာဒွန်းက ထိုနေရာသို့ ခေါင်းထောင်ပြီးကြည့်လိုက်လေရာ သူနှင့် ကိုက်နှစ်ဆယ်သာသာလောက်ဝေးသော တောအစပ်တွင် စွယ်စုံဆင်ရိုင်းကြီးကို တွေ့လိုက်ရသည်။

စောစောက သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေသော ကျားကြီးမှာလည်း ရိုးမတောကြီးအတွင်း တိုးဝင်သွားသည်လားမသိ၊ အရိပ်အယောင်ပင် မတွေ့ရတော့။ ထိုအချိန်မှာပင် ဆင်ရိုင်းကြီးမှာ နှာမောင်းကြီးကို အပေါ်သို့မြှောက်ကာ တစ်တောလုံး တစ်တောင်လုံး သိမ့်သိမ့်တုန်မတတ် ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ်လိုက်လေသည်။

"ရူး…"

ထို့နောက် တောအစပ်တွင် ထီးထီးကြီးတွေ့နေရသော ဆင်ရိုင်းကြီးမှာ ချက်ချင်းဆိုသလို သာဒွန်း၏မြင်ကွင်းထဲမှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

●

ဦးသာဒွန်း ပြောပြနေသည့် အဖြစ်အပျက်တွေကို နားထောင်နေကြသော ဖဒိုဆင်ဝိုင်းမှ ဆင်ဦးစီးများနှင့် ဆင်လုပ်သားတချို့မှာ...

"ဘထွေးသာဒွန်း ပြောပုံအရဆိုရင် အဲဒီဆင်ကြီးဟာ 'ပသီ' ဆောင်နမရဲ့ အစောင့်အရှောက်တွေများ ဖြစ်နေမလား"

"သေချာတာပေါ့၊ အဲဒီတုန်းက ဆင်ရိုင်းကြီးဟာ ငါ့ကို ထူညို့ပတ်ချောင်းမြောင်းနေတဲ့ ကျားဆိုးကြီးကို မောင်းထုတ်တိုက်ခိုက်ပေးပြီးတာနဲ့ ဘာအန္တရာယ်မှမပေးဘဲ တောအစပ်မှာ ပျောက်ခြင်းမလှ ပျောက်သွားတာကိုသာကြည့်၊ ဒါ့ကြောင့်မို့ အဲဒီလူနီနီနဲ့စပ်ယောက်စီးထားတဲ့ ဆင်ရိုင်းကြီးက သာမန်ဆင်ရိုင်းတစ်ကောင်တော့ မဟုတ်ဘူး၊ ငါ့လူတို့...မင်းတို့ စဉ်းစားချင့်ချိန်ပြီးမှ လုပ်ကြပါလို့ ငါ အကြံပေးချင်တယ်"

အားလုံးမှာ ဦးသာဒွန်းစကားကြောင့် တွေတွေဝေဝေတွေ ဖြစ်သွားကြပြီး ဆင်ရိုင်းကြီးကို ပစ်သင့်မပစ်သင့် တစ်ယောက်တစ်ပေါက် ပြောဆိုရင်း ထိုနေရာမှ လူစုခွဲသွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

နောက်တစ်နေ့နံနက်တွင် နယ်ပိုင်ဝန်ထောက်ဆီမှ ဆင်းဗဟာဒူ နှင့် ဆင်းဗွတ်ပဒါးဆိုသူ လက်နက်ကိုင် ဂေါ်ရခါးစစ်ပုလိပ်နှစ်ယောက် ဖဒိုဆင်ဝိုင်းသို့ ရောက်လာလေသည်။ သူတို့နှစ်ဦး ရောက်လာသည်မှ ဆင်ဦးစီးနှင့် ဆင်လုပ်သားများမှာ မနေ့က ဆင်ခေါင်းဦးသာဒွန်း တားမြစ်ထားသည့် စကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ဘယ်စကားကို ဘယ်လိုစပြောရမှန်း မသိဖြစ်နေကြလေ သည်။

ထိုအထဲမှ ဆင်ဦးစီးကိုအုန်းမြင့်က…

"ကဲ…ဆရာတို့၊ ရောက်တုန်းရောက်ခိုက် ကျူပ်တဲမှာ ထန်းရည်လေး ဘာလေးလိုက်သုံးဆောင်ကြပါအုံး"

ဂေါ်ရခါးစစ်ပုလိပ်နှစ်ယောက်မှာလည်း သူတို့၏ ... စည် စလှယ်များနှင့်အတူ ခရီးရောက်မဆိုက် ကိုအုန်းမြင့်ခေါ်ရာနောက်သို့ လိုက်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေါ်ရခါးနှစ်ယောက်အနက် ဆင်းဗဟာဒူးဆိုသူမှာ အရပ်ထောင်ထောင်မောင်းမောင်းဖြစ်ပြီး မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးထူထူများက သူ့မျက်နှာပေါ်တွင် အလွှမ်းအမင်း ရှုပ်ထွေးနေ၏။ နောက်တစ်ယောက် ဆင်းဂွတ်ပဒါးဆိုသူကတော့ အရပ်မနိမ့်မမြင့်နှင့်ဖြစ်ပြီး မျက်လုံးများက ဆင်းဗဟာဒူးထက်ပင် အပြင်သို့ ပိုပြီးပြူးထွက်နေသယောင်ရှိလေသည်။ သူတို့၏ ပခုံးပေါ်တွင် ချိတ်လွယ်ထားသော သေနတ်များမှာ ဂျာမနီလုပ် မော်ဇာရိုင်ဖယ်အမျိုးအစားနှင့် ဒသမလေးငါးနှစ်လုံးပြူးမောင်းဖုံး သေနတ်တွေဖြစ်နေသဖြင့် မုဆိုးစံပီးတိုင်ဆောင်သော တူမီးသေနတ်ထက်စာလျှင် ဆင်ကိုကောင်းကောင်းစစ်ခတ်နိုင်သည့် လက်နက်များပင် ဖြစ်လေသည်။

ကိုအုန်းမြင့်မှာ သူနှင့်အတူ လျှောက်လာကြသော ဝေါ်ရခါးစစ်ပုလိပ်နှစ်ယောက်မှာ ခြေသံလုံအောင် လျှောက်နိုင်ကြပုံ၊ ခါးတွင်ချိတ်ဆွဲထားသည့် ရေဘူး၊ ဓားမြှောင်၊ ခါတ်မီးတို့ကအစ အချင်းချင်းရိုက်ပွတ်ထိခတ်သံတို့ပင် မကြားရအောင် လျှောက်နိုင်ကြသည်ကိုကြည့်ခြင်းအားဖြင့် သူတို့မှာ တောနှင့်ပတ်သက်ပြီး အထူးကျင်လည်ဘာ အတွေ့အကြုံများသည် စစ်ပုလိပ်များ ဖြစ်လိမ့်မည်ဟု တွေးမိလိုက်သည်။

သူတို့လျှောက်လာရာ လမ်းတစ်လျှောက်တွင်လည်း တဲငယ်များအတွင်းမှနေ၍ ချောင်းမြောင်းကြည့်ရှုနေကြသည့် ဖဒိုဆင်ဝိုင်းမှ လူတွေမှာလည်း ကိုအုန်းမြင့်တစ်ယောက် ယခုကဲ့သို့ ဝေါ်ရခါးစစ်ပုလိပ်နှစ်ယောက်ကို ခေါ်ဆောင်သွားသည်ကို အမျိုးမျိုးထင်ကြေးတွေ ပေးနေမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုအုန်းမြင့်နေထိုင်ရာ တဲငယ်အတွင်းသို့ ရောက်သောအခါ ဆင်းစပဟာဒူးဆိုသူ ဂေါ်ရခါးက မြန်မာသံပီပီသသနှင့်…

"ကဲ…ဘယ်လိုလဲ၊ ခင်ဗျားတို့ဆင်ဝိုင်းက ကျုပ်တို့နဲ့အတူ ဆင်ပစ်လိုက်မယ့်သူ ဘယ်နှယောက်ရှိလဲ၊ သိပ်အများကြီးတော့ လိုက်ဖို့မလိုဘူး၊ တောကျွမ်းတဲ့လူ တစ်ယောက်နှစ်ယောက်ပါရင် ရတယ်"

ထိုအခါမှ…

ကိုအုန်းမြင့်မှာ အစောကြီးကတည်းက ဦးသာဒွန်းပြောပြနေသည့် ကိစ္စတွေကို အယုံအကြည် မရှိသူပီပီ…

"ဆရာတို့နဲ့အတူ ကျုပ်ရယ်…ကျုပ်ညီ သာဖဲရယ် နှစ်ယောက်လိုက်မယ်ဗျာ"

ဟု သူ့ညီဆင်ဦးစီးသာဖဲကိုပါ စာရင်းထဲထည့်ပြီး ခပ်ကြွားကြွားလေသံနှင့် ဆိုလိုက်လေသည်။ ကိုအုန်းမြင့်၏ညီဖြစ်သူ သာဖဲမှာလည်း ကိုအုန်းမြင့်နည်းတူ ရိုးမတောကြီးအတွင်း တောကျွမ်းရုံမျှမက ဦးသာဒွန်း၏စကားများကို နည်းနည်းမှ အယုံအကြည် ရှိသူမဟုတ်ပေ။

မကြာမီ ကိုအုန်းမြင့်နှင့် ဂေါ်ရခါးစစ်ပုလိပ်တို့ ဝိုင်းဖွဲ့ပြီး ထန်းရည်သောက်နေကြရာဆီသို့ ဆင်ဦးစီးသာဖဲ အပြေးအလွှားနှင့် ရောက်လာပြီး…

"ဘယ်လိုလဲ ကိုအုန်းမြင့်၊ ဆင်ပစ်သွားဖို့အဖွဲ့ထဲ ကျုပ်ကော ပါရဲ့လားဗျ"

"ပါပါ့ကွာ…အခုဟာက တို့ဆင်ဝိုင်းက လူဗွေတော်တော်များများဟာ ဦးသာဒွန်းကြီးစကားကို နားယောင်ပြီး တောထဲကို မလိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့ဘူးကွ၊ အလကားလူတွေပါကွာ၊ ဘာမဟုတ်တဲ့ အကြောင်းခြေကလေးနဲ့ သတ္တိကြောင်နေကြတာ၊ ငါတော့ ဘယ်သူ့မှ အဖော်ညှိမနေတော့ဘူး"

ထိုနောက် သာဖိုးမှာ ပိုင်းအလည်တွင် တည်ထားသော ထန်းရည်အိုးထဲမှ တစ်ခွက်တစ်ဖလား ကောက်ယူမော့သောက်လိုက်ပြီး…

"နို…နေစမ်းပါအုံး၊ ဒါဆိုရင် ကျုပ်တို့က ဘယ်အချိန်ဆင်ပစ်ထွက်ကြမှာလဲ"

"ဒီနေ့တော့ ဒီကဆရာတွေ အေးအေးလူလူ အနားယူပါစေအုံးကွာ၊ မနက်အာရုံ မတက်မီတော့ ဒီကထွက်မယ်၊ ကဲ ဆရာတို့လည်း ကျုပ်တဲမှာ ဘာမှအားမနာနဲ့၊ လွတ်လွတ်လပ်လပ်သာနေပါ"

ကိုအုန်းမြင့်၏စကားကြောင့် အရှိန်ရနေသော ဆင်းဗဟာဒူးနှင့် ဆင်းဂွတ်ပဒါးတို့နှစ်ယောက်မှာ ပါးစပ်ပြဲကြီးတွေနှင့် တဟားဟားရယ်နေကြရင်း ထန်းရည်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်ကာ အမြည်းပန်းကန်ထဲမှ ကြက်ကြော်တွေကို အားရပါးရ စားသောက်နေကြသည်။

နယ်ပိုင်ဝန်ထောက် လွှတ်လိုက်သော ဂေါ်ရခါးစစ်ပုလိပ်နှစ်ယောက်တို့ ကိုအုန်းမြင့်အိမ်တွင် ပိုင်းဖွဲ့ပြီး ပျော်ပါးစားသောက်နေကြသည်ဆိုသောသတင်းမှာ ဖဒိုရွာတွင်သာမက အနီးနားမှ တောင်ပေါ်ဆယ့်လေးရွာအထိပင် တမဟုတ်ချင်း ပျံ့နှံ့သွားတော့သည်။

ကိုအုန်းမြင့်၏ တဲငယ်ရှေ့တွင်လည်း ရွာနီးချုပ်စပ်မှ ယောက်ျားများက ရဲရဲတင်းတင်း လာရောက်ကြည့်ရှုကြရုံသာမက မိန်းမငယ်အလေးများကလည်း ဆင်ရိုင်းကြီးကို ပစ်ခတ်ရန် ရောက်လာကြသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆင်သယောင်ရှုးနှင့် ဆင်းဖွတ်ပဒါးတို့ကို အဝေးမှပင် တစေ့တစောင်း ချောင်းမြောင်းကြည့်ရှုနေကြသည်။

ဖဒိုရွာမှ ဆင်သမားတချို့နှင့် ဆင်ဦးစီးမိသားစုများကမူ ကိုအုန်းမြင့်နှင့် သာဖ်တို့ညီအစ်ကိုနှစ်ယောက်ကို ဆင်ပစ်ထွက်ရန် မတားမြစ်ကြသော်လည်း အစစအရာရာ သတိ ဝီရိယရှိဖို့တော့ ပြောဆို ကြလေသည်။

ဆင်ခေါင်းဦးသာဒွန်းမှာ ပထမတော့ နယ်ပိုင်ဝန်ထောက် လွှတ်ပေးလိုက်သော ဂေါ်ရခါးစစ်ပုလိပ်နှစ်ယောက်ကို တားမြစ်ကြည့် သေးသော်လည်း မိမိ၏လက်အောက်ငယ်သားများဖြစ်သည့် ကိုအုန်းမြင့် နှင့် သာဖ်တို့ကိုယ်တိုင်က ဆင်ရိုင်းကြီးကို ပစ်ခတ်သတ်ဖြတ်ပစ်ကြရန် စိတ်အားထက်သန်နေကြသဖြင့် ဘာတစ်ခွန်းမှ မပြောသာဘဲ ဖြစ်နေ သည်။

ဒါတင်မက ဂေါ်ရခါးစစ်ပုလိပ်နှစ်ယောက်မှာလည်း သူတို့ ၏ အထက်လူကြီးဖြစ်သူ နယ်ပိုင်ဝန်ထောက်က ထိုဆင်ရိုင်းကြီး၏ အစွယ်ကို လွန်စွာမှ လိုချင်နေသည်ဖြစ်ရာ ဦးသာဒွန်း၏ ကန့်ကွက် စကားကို ဘယ်လိုမှပင် လက်မခံနိုင်ဘဲ ဖြစ်နေလေသည်။

ထိုအချိန်မှာပင် ကိုအုန်းမြင့်၏ တဲရှေ့မှ ဆင်လုပ်သား မောင်ဘတူက ဆင်ရေချဖို့ အသွားလမ်းမှ လှမ်းအော်သွားပြန်၏။

"ဗျို့...ကိုအုန်းမြင့်၊ ခင်ဗျားတောထဲသွားရင် ကျုပ်အတွက် ဂျီသား၊ ဆတ်သားလေးများ ရအောင် ပစ်ခဲ့စမ်းပါဗျာ"

"ရ ရစေ့မယ် ဘတူရေ၊ မင်းသာ မီးအဆင့်သင့်မွေးထား ပေ့၊ ကံကောင်းရင် ဆင်သားပါ စားရမှာ မဖြေမရှိနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖဒိုတစ်ရှာလုံး ဟိုးလေးတစ်ကျော်ဖြစ်နေသည့် ကိုအုန်းမြင့်တို့ ညီအစ်ကိုနှစ်ယောက်မှာ ဆင်ပစ်မထွက်ခင်ကတည်းက လေသံကစပ်ကြွားကြွားတွေနှင့် ဖြစ်နေကြသည်။ ထို့နောက် တဖြည်းဖြည်းရောင်းလာသည်နှင့် သူတို့နှစ်ယောက်မှာ မနက်ဖြန်မနက် တောထွက်ရန် ဝေယျာဝစ္စတွေကို ပြင်ဆင်ဖို့လုပ်ကြတော့သည်။

"ကဲ…ယောကောင် သာဇံရ၊ ဒေးထက်ထက်တစ်ချောင်းတော့ ပါအောင်ထည့်ခဲ့ဖို့ မမေ့နဲ့ယော၊ ပြီးတော့ ဆန်နှစ်ပြည်လောက်နဲ့ ဆားကိုလည်း ထည့်ခဲ့ဖို့မမေ့နဲ့"

ကိုအုန်းမြင့်မှာ ပါးစပ်ကပြောလည်းပြော သူကိုယ်တိုင်လည်းလွယ်အိတ်ကြီးတစ်လုံးထဲသို့ ဆန်နှင့်ဆားထုပ်ကို ထည့်ယူနေ၏။

"ဓောင်ကလေးဘာလေးကော မယူရတော့ဘူးလား အစ်ကိုအုန်းမြင့်ရဲ့"

တောကြီးထဲ ယခုလို ခိုက်ခိုက်တုန်နေသော ရာသီတွင် စောင်မပါဘဲသွားရမည်ကို သာဇံက တွေးရှုံ့နေမိ၏။

"မင်းကလည်းကွာ…မင်းစောင်က မီးဖိုလောက်နွေးတာမှတ်လို့၊ အလကားရှုပ်တယ်၊ မယူခဲ့နဲ့"

သူတို့နှစ်ယောက် စကားတပြောပြောနှင့် လိုအပ်သည့် ပစ္စည်းများကို ထည့်သိုနေကြချိန်တွင်တော့ ဆင်းဗဟာဒူးနှင့် ဆင်းဂွတ်ပဒါးတို့နှစ်ယောက်မှာလည်း သူတို့၏သေနတ်များကို ဖြုတ်၊ တတ်၊ ဆေးကြောတိုက်ချွတ်နေကြရင်း ကိုအုန်းမြင့်တို့ နားမလည်နိုင်သော ဘာသာစကားများနှင့် ပြောဆိုနေကြလေသည်။ ထို့နောက် သူတို့၏ ဝန်စည်စလွယ်များဖြစ်ကြသည့် ရေဘူး၊ မှန်ပြောင်း၊ ခေတ်မီးနှင့် အခြားတို့လိ



www.burmeseclassic.com

www.burmeseclassic.com



မိုလီများကိုပါ ခါးပတ်လွယ်ကြိုးတွင် သေသပ်ကျနစွာ ချိတ်တွယ်ထား လိုက်ကြပြီး ကျောပိုးအိတ်ထဲသို့လည်း လိုအပ်သည့် အခြားပစ္စည်းတို့ကို ထည့်သိုလိုက်ကြသည်။

ထို့နောက် ကိုအုန်းမြင့်က တဲ၏ထရံတွင် ချိတ်ဆွဲထားသော တောင်းတစ်လုံးထဲမှ သနပ်ဖက်ဆေးလိပ်တွေကို လက်ဖြင့်ဆုပ်ကာ သူ့ လွယ်အိတ်အတွင်းသို့ ထည့်လိုက်သည်။ ပြီးတော့ မီးခတ်ကျောက် နှင့် မှို့တို့ထည့်ထားသော သံဘူးကိုလည်း လွယ်အိတ်အတွင်းသို့ ထည့် လိုက်ပြန်သည်။ သည်လိုနှင့် သူတို့အားလုံးမှာ မနက်ဖြန်မနက် တော တက်ရန် အဆင့်သင့်အနေအထားနှင့် ဖြစ်ကုန်ကြသည်။

ထိုနေ့ည တစ်ညလုံးမှာလည်း ကိုအုန်းမြင့်ရော သာစံပါ ကောင်းကောင်းအိပ်မပျော်ကြ၊ မနက်ဖြန်မနက် တောထဲသွားပြီး ဆင် ပစ်ဖို့က သူတို့အာရုံထဲတွင် အချိန်ပြည့်ဖြစ်နေမိကြသည်။ ပြီးတော့ ဦးသာဒွန်းပြောပြနေသည့် အစောင့်အရှောက်တွေ ရှိသည်ဆိုသော စွယ်နီဆင်ရိုင်းကြီး၏ရန်ကို ဖနိုရွာတွင်မက အနီးပတ်ဝန်းကျင်မှ ရွာများမှပါ သိအောင် နှိမ်နင်းပြလိုသည့် ဆန္ဒတွေက တဖွားဖွားပေါ် ပေါက်နေမိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

နောက်တစ်နေ့ အာရုံမတက်မီကပင် ကိုအုန်းမြင့်၊ သာဖံနှင့် ဂေါ်ရခါးစစ်ပုလိပ်နှစ်ယောက်တို့မှာ ဖဒိုရွာမှ ထွက်လာခဲ့ကြတော့သည်။ ကိုအုန်းမြင့်နှင့် သာဖံတို့မှာလည်း လွယ်အိတ်ကိုယ်စီလွယ်လျက် ခေါင်းတွင် လုံချည်အဟောင်း တစ်ထည်ဆီကိုပေါင်းကာ ခါးတွင်လည်း ဟောင်းနွမ်းပြီး မြေနီရောင်များ ပေကျံနေသည့် ဖျင်လုံချည်၊ ဖျင်အင်္ကျီတို့ကို ဝတ်ဆင်ထားကြလေရာ သူတို့နှစ်ယောက်၏ အဝတ်အစားများမှာ ဆင်တူလိုဖြစ်နေကြပြီး ဖိနပ်များမပါကြဘဲ ခြေတုံးလုံးများနှင့် ဖြစ်နေကြသည်။

"ဓားမြှောင်ယူခဲ့သေးလား"

ရွာ၏အရှေ့တောင်ဘက်ဆီမှ တဖြည်းဖြည်း နိမ့်ဆင်းသွားသော မြေနီလမ်းကလေး အရောက်တွင် ကိုအုန်းမြင့်က သာဖံကို မေးလိုက်၏။ သာဖံမှာလည်း သူ့အတွေးနှင့်သူ လျှောက်နေရာမှ ဘာတစ်ခွန်းမှ ပြန်မဖြေမနေတော့ဘဲ သူ့လွယ်အိတ်ကို လက်နှင့်ပုတ်ပြပြီး ပြန်ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့်အတူ လျှောက်လာကြသော ဂေါ်ရခါးနှစ်ယောက်မှာလည်း သေနတ်များကို ပခုံးပေါ်တွင် ထမ်းထားကြလျက် ပတ်ဝန်းကျင်တစ်ခုလုံးကို အကဲခတ်ရင်း လိုက်ပါလာကြလေရာ တစ်ခါတစ်ရံ ကိုအုန်းမြင့်တို့ နားမလည်သော ဂေါ်ရခါးဘာသာစကားတွေ တစ်ယောက်နှင့်တစ်ယောက် ပြောဆိုရင်း ရယ်လိုက်မောလိုက်ပင် လုပ်လာကြလေသည်။

ရွာမှထွက်ပြီး တစ်မိုင်သာသာခန့်အထိ မြေသားများဖြစ်ရာ အဆင်းအတက်တွေမှာလည်း ခပ်ပြေပြေပင်ဖြစ်နေသည်။ တောမှာကား အချို့နေရာများတွင် မိုးအထိအောင် မြင့်မားသော အပင်ကြီးများရှိနေပြီး ကညင်ပင်၊ အင်ပင်၊ သစ်စေးပင်တွေက သူတို့လေးယောက်အပေါ်မှ အုပ်မိုးထားသဖြင့် ဆီးနှင်းပေါက်တွေက ကိုယ်ပေါ်သို့ တဖျောက်ဖျောက်နှင့် ကျနေသည်။

တဖြည်းဖြည်း တောတိုးဝင်ရောက်လာသည်နှင့် ဒေါင်းတွန်သံ၊ ရှဉ့်ပေါ်စုတ်ထိုးသံနှင့် အာရုံတက်ကာစ ငှက်မျိုးစုံတို့၏ အသံတွေက တောကြီးတစ်ခုလုံး ဟိုမှဒီမှ ကြားလာရသည်။ တောကြီး၏ တချို့နေရာများတွင်လည်း ဂုံးပင်၊ သစ်အယ်ပင်၊ ညန့်ပင်၊ ယင်းတိုက်စသည်တို့မှာ လူတိုး၍မပေါက်အောင် ပြွတ်သိပ်ပြီး ပေါက်နေကြသဖြင့် ထိုနေရာတွင် ခရီးက သိပ်မတွင်လှ။ ယခုလိုအချိန်မျိုးတွင် ဂုံးသီးများ၊ သစ်အယ်သီးများ ကြွေကျချိန်ဖြစ်လေရာ တောဝက်၊ ဝံနှင့်ဂျီများက တောအတွင်းပေါလှသည်။ သူတို့အဖို့ ညင်ညင်သာသာ ချောင်းတတ်ပါက ဂုံးသီးနှင့် သစ်အယ်သီးတို့ကို မဲပြီးစားနေသော တောဝက်၊ ဝံနှင့်ဂျီများကို အနားသို့ကပ်ပြီး အပိုင်ပစ်ယူနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုအုန်းမြင့်တို့လိုချင်သည်မှာ ထိုသားကောင်များမဟုတ်၊ စွယ်နီဆင်ရိုင်းကြီးသာလျှင် ဖြစ်သောကြောင့် အချိန်ကုန်ခံမနေတော့ဘဲ ဆင်ရိုင်းနှင့်တွေ့နိုင်မည့်နေရာကိုသာ တက်သုတ်ရိုက်ပြီး သွားနေမိကြသည်။

ထိုအချိန်မှာပင်…

"ဖြောင်း…ဝရော…ရှော…"

ဟူသော တောတိုးပြေးသွားသော သားကောင်တစ်ကောင်၏ အသံကိုကြားလိုက်ကြရသည်။ ထိုအသံကြားလိုက်သည်နှင့် ကိုအုန်းမြင့်၏ ဘေးတွင် ကပ်လျက်လိုက်ပါလာသည့် ဆင်းဗဟာဒူးဆိုသူ ဂေါ်ရခါးမှာ ပန်းပေါ်မှာ လွယ်ထားသည့် မော်စာရိုင်ဖယ်ကို ထိုနေရာသို့ အသင့်ချိန်ရွယ်လိုက်၏။ ကျန်သူများအားလုံးမှာလည်း ခြေလှမ်းများကို တုံ့ကနဲရပ်လိုက်ကာ အသံလာရာဆီသို့ ရပ်ကြည့်နေမိကြသည်။

ဘာကိုမှမမြင်ရ။ ထိုတောတိုးသံမှာ ကြမ်းလွန်းနေ၍ ဂျီတော့ မဟုတ်နိုင်။ ဂျီထက်ပိုကြီးသော သားကောင်ပင် ဖြစ်ရမည်ဟု ဆင်းဗဟာဒူးက ကိုအုန်းမြင့်ကို လေသံနှင့်ပင် ပြောဆိုလိုက်သည်။

"ဒီတောတိုးသံက ပြေးတာလည်းမြန်တယ်၊ အကောင်လည်း ကြီးပုံထောက်ရင် ဝက် ဒါမှမဟုတ် ဝံတစ်ကောင်ပဲ ဖြစ်လိမ့်မယ်"

ဟု သူ့ထင်မြင်ချက်ကို ပြောပြနေ၏။ ကိုအုန်းမြင့်တို့ ညီအစ်ကို နှစ်ယောက်မှာလည်း တစ်ကြိမ်တစ်ခါမှ တောမပစ်ဘူးသော်လည်း မုဆိုးစံပီးနှင့်အတူ ဒီတောကြီးထဲ သွားလာခဲ့ဖူးသဖြင့် တောအကြောင်း နားလည်ထားကြသူများ ဖြစ်လေရာ ဂေါ်ရခါးပြောပြသည့် ထင်မြင်ချက်ကို ခေါင်းငြိမ့်ပြလိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့လေးယောက်မှာ ခရီးဆက်ပြီး နှင်ကြပြန်သည်။ မကြာမီ ကညင်ပင်မြင့်မြင့်ကြီးများ ထူထပ်စွာပေါက်နေသော နေရာသို့ ရောက်သောအခါ မိုးက စင်စင်ပင်လင်းနေပြီး နှင်းမှုန်ကျနေသည်မှလွဲ၍ မြင်ကွင်းက ရှင်းရှင်းလင်းလင်းဖြစ်လာသည်။

ထိုစဉ်…

"ဗျမ်း…ရှဲ…ရှဲ…ရှဲ…"

သူတို့လေးယောက်နှင့် ကိုက်သုံးဆယ်အကွာမှ သစ်ကိုင်းတစ်ကိုင်းကို ချိုးလိုက်သံကြားလိုက်ရပြီး သစ်ကိုင်းလှုပ်သံ တရှဲရှဲကိုလည်း ကြားလိုက်ရသည်။ ချက်ချင်းပင် သူတို့အားလုံး အသွားအလာရပ်လိုက်ပြီး အပင်ပေါ်သို့ မော့ကြည့်လိုက်ရာ သစ်ခွဆုံတွင် မည်းမည်းသဏ္ဍာန်တစ်ခုကို သစ်ရွက်များကြားတွင် မသဲမကွဲမြင်လိုက်ကြရသည်။ ထိုမြင်ကွင်းကို ပီပီပြင်ပြင် မမြင်ရခင်မှာပင် ကိုအုန်းမြင့်က…

"ဝံပဲ ဖြစ်မယ်ထင်တယ်ဗျ၊ ခရီးဖင့်ပါတယ်ဗျာ၊ လာပါ ဆက်သွားကြစို့"

ဟုဆိုကာ ရှေ့မှ ခပ်သုတ်သုတ် ခြေလှမ်းများဖြင့် ဆက်သွားလေသည်။ သူတို့လေးယောက် အတန်ကြာအောင် ဆက်ပြီးလျှောက်သွားသောအခါ တောက တဖြည်းဖြည်း အဆင်းတွေချည်း ဖြစ်လာရုံမက ပိုပြီးမတ်စောက်လာသည်။ မြေသားကလည်း မရှိတော့သလောက်နည်းပါးလာပြီး ကျောက်တုံးကျောက်ခဲတွေက တစ်စထက်တစ်စ ပိုပြီးပေါ်များလာသည်။

ထိုမတ်စောက်စောက် အဆင်းကြီးကို အတန်ကြာအောင် ခက်ခက်ခဲခဲ ဆင်းလာကြပြီးသောအခါ လျှိုကြီးတစ်ခုကို ဘွားကနဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေသည်။ ထိုနေရာသို့ ရောက်သောအခါ သူတို့ဆင်းလာသည့် တောင်ကြောကမ်းပါးရှိ မြင့်မြင့်ကြီးပေါ်မှ နေရောင်နေပြောက်တွေက ဖြာပြီးကျနေသည်ဖြစ်ရာ အချိန်က နံနက်ဆွမ်းခံပြန်ချိန်နီးနီးပင် ဖြစ်နေပြီဖြစ်၏။

"ကဲ…ဆရာတို့၊ ဒီနေရာကနေ လူစုနှစ်စုခွဲပြီး သွားကြမယ်၊ ကျုပ်ရယ် ဒီက ဆရာဗဟာဒူးရယ်က ဟောဒီလျှိုကြီးရဲ့ လက်ယာဘက်က တောင်ကြောအတိုင်း ဆက်သွားမယ်။ ကျုပ်ညီ သာစံနဲ့ ဥတ်ပဒါးတို့က ဒီလျှိုကြီးဘေးက ချောင်းရိုးအတိုင်း ဆက်လိုက်သွားကြပါ"

ကိုအုန်းမြင့်မှာ အချိန်ကို တန်ဘိုးရှိရှိ အသုံးချကာ ဆင်ရိုင်းကြီးကို မြန်မြန်တွေ့နိုင်အောင် လူစုခွဲလိုက်ကြဖို့ ကောက်ကာငင်ကာ စီစဉ်လိုက်၏။

"ကောင်းပြီ…ဒါဆိုရင် ကျုပ်တို့ဒီနေရာမှာ ဘယ်အချိန် ပြန်ဆုံကြမယ်ဆိုတာကိုသာ ပြောပါ ကိုအုန်းမြင့်"

သာစံနှင့်အတူလိုက်ပါမည့် ဆင်းဥတ်ပဒါးဆိုသူမှာ ဘောင်းဘီ အိတ်ထဲမှ စတီးကြိုးလေးနှင့်တွဲလျက် နာရီအဝိုင်းလေးကို ထုတ်ယူပြီး ကြည့်လိုက်၏။ ထိုနာရီမှာ သံလိုက်အိမ်မြှောင်တစ်ခုပါပြီး နာရီပေါ်မှ လက်တံများမှာလည်း နံနက်ဆယ်နာရီ လေးဆယ့်ငါးသာသာ ဖြစ်နေပြီ ဖြစ်၏။

"ဘယ်လိုအခြေအနေမျိုးမှာမဆို ဒီနေရာမှာ နေမဝင်မီ ပြန်ဆုံကြမယ်"

"ကောင်းပြီ ကိုအုန်းမြင့်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ထိုလျှိုကြီးအနီးမှပင် လူစုခွဲပြီး ဆင်ရိုင်းကြီးကို တောနင်းရှာဖွေကြတော့လေသည်။

●

တောကနက်သည်ထက် နက်လာပြီး လျှိုကြီးအတွင်းလည်း ဖြစ်နေလေရာ အအေးဒဏ်က ပိုပြီးစိမ့်လာ၏။ အထူးသဖြင့် ကိုအုန်းမြင့်တို့နှစ်ယောက် တောတိုးဝင်ရောက်နေသောနေရာမှာ ဝါးတောကြီးများပေါများရာနေရာဖြစ်ပြီး ဆင်တွေအရိပ်ခိုနားရာ နေရာလည်းဖြစ်နေလေရာ အစစအရာရာ ခြေသံလုံလုံနှင့် သတိထားပြီး သွားနေရသည်။

ကိုအုန်းမြင့်နှင့်အတူ ပါလာသော ဆင်းဗဟာဒူးမှာ မော်စာရိုင်ဖယ်ကို ကျည်အသင့်ထိုးထားလျက် လက်ထဲတွင် အသင့်ကိုင်ထားကာ သူ့မျက်လုံးတွေက ပတ်ဝန်းကျင်တစ်ခုလုံးကို လမ်းလျှောက်ရင်းနှင့်ပင် အလွတ်မပေးဘဲ ချောင်းမြောင်းကြည့်ရှုနေသည်။

သူတို့နှစ်ယောက် ဝါးတောကြီးထဲမှ အတန်ကြာအောင် လျှောက်လာကြပြီးသောအခါ ရှေ့မှသွားနေသော ဆင်းဗဟာဒူးက ရုတ်တရက် ခြေလှမ်းများရပ်တန့်သွားပြီး သူ့နောက်ကျောမှ ကိုအုန်းမြင့်ကို လက်ထောင်ပြပြီး ငြိမ်ခိုင်းလိုက်၏။ ကိုအုန်းမြင့်မှာလည်း ဘာရယ်ကြောင့်မှန်းမသိဘဲ ရောက်သည့်နေရာတွင် ခြေစုံရပ်ကာ ငြိမ်နေလိုက်ရတော့သည်။ ထို့နောက် ဆင်းဗဟာဒူးက သူ့ရှေ့သုံးလေးကိုက်အကွာ မြေပြင်ပေါ်မှ ဝါးကိုင်းနှင့်ဝါးရွက်တွေ သန်ကျဲနေသည့် အဖြစ်ကို အသံတိတ်လက်ညှိုးထိုးပြနေ၏။

"ဟင်"

ကိုအုန်းမြင့်မှာ လျှောက်သာလျှောက်လာသော်လည်း ဂေါ်ရခါး



www.burmeseclassic.com

www.burmeseclassic.com



စစ်ပုလိပ် ဆင်းဗဟာဒူးလောက် တောကောင်၏ အသွားအလာနှင့် ခြေရာတို့ကို စေ့စေ့စပ်စပ်သိသူမဟုတ်၊ စံပီးနှင့်ထွန်းကြိုင်တို့ကို ရက်ရက်စက်စက် နင်းသတ်သွားသည့် စွယ်နီဆင်ရိုင်းကြီးကို ပစ်ခတ်ဖို့လောက်သာ စိတ်စောနေမိသည်။

"တွေ့လား ကိုအုန်းမြင့်၊ ဒီဝါးပင်တွေက ဆင်အုပ်တစ်အုပ် ဝင်စားသွားတဲ့ လက္ခဏာပဲ၊ ဒီကောင်တွေ ခပ်ဝေးဝေးတော့ ရောက်အုံးမှာမဟုတ်ဘူး"

လေသံတိုးတိုးနှင့် ပြောနေသည့် ဆင်းဗဟာဒူး၏ စကားကြောင့် ကိုအုန်းမြင့်မှာ အစုမှပင် ထိုနေရာတစ်ဝိုက်ကို သေချာကြည့်လိုက်မိ၏။ ဝါးရုံများမှာ အကောင်းပကတိအတိုင်း ရှိမနေဘဲ ကျိုးကြေနေကာ မြေပြင်ပေါ်မှ ဝါးရွက်၊ ဝါးကိုင်းအကျိုးများမှာလည်း စိမ်းစိုနေမြဲ ရှိနေသေးသည်။ သို့သော် ကိုက်ဖြတ်ထားသော အရာများမှာကား ဖြူရော်ရော်ဖြစ်ပြီး အရည်များစမ်းခြောက်၍ နေလေသည်။ ထို့နောက် ဆင်းဗဟာဒူးမှာ မြေပြင်မှအနေအထားများကို အကဲခတ်သလိုနှင့် ကပ်ပြီးကြည့်နေ၏။ သို့သော် ရွှပ်ထွေးများပြားလှသော ဆင်ခြေရာတွေမှာ မထင်မရှားနှင့် ဖြစ်နေသဖြင့် ဘယ်ကိုဦးတည်ပြီး လိုက်ရမှန်းမသိ ဖြစ်နေလေသည်။

ထိုနေရာတွင် ကိုအုန်းမြင့်တို့နှစ်ယောက် ကိုက်သုံးဆယ်လောက်အရောက်တွင် တစ်ဖက်တောင်ရိုးကြီးဆီမှ ဝမ်းခေါင်းသံကြီးနှင့် အော်လိုက်သည့်အသံကြီးကို ကြားလိုက်ရသည်။

"ဝူး...ဝေါင်း..."

"ဟင်...ဒါ ဆင်တစ်ကောင် အော်လိုက်တဲ့အသံပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုအုန်းမြင့်မှာ ဆင်ဦးစီးတစ်ယောက်ပီပီ ဆင်တစ်ကောင် အော်လိုက်သည့်အသံကို အဝေးမှပင်ခွဲခြားပြီး သိလေသည်။ ထို့နောက် သူတို့နှစ်ယောက်မှာ တစ်ဖက်တောင်ကြောကို လှမ်းမြင်ရသည့် နေရာသို့ရောက်အောင် တိုးကပ်သွားလိုက်ကြ၏။

စိမ်းညို့နေသော တစ်ဖက်မှ တောင်ရိုးမှာ ကိုအုန်းမြင့်တို့နှစ်ယောက်ရှိရာ တောင်ကြောနှင့် တစ်ဆက်တည်းရှိနေပြီး ဝါးတောကြီးများမှာလည်း ထူထပ်စွာပေါက်နေသည်ကို လှမ်းတွေ့လိုက်ရ၏။ ကိုအုန်းမြင့်ဘေးမှ ဆင်းဗဟာဒူးမှာ သူ့လည်ပင်းတွင် ချိတ်ဆွဲထားသော မှန်ပြောင်းကို မျက်စိနှင့်ကပ်ကာ အသံလာရာဆီသို့ ကြည့်လိုက်လေရာ…

"ကိုအုန်းမြင့်ရေ…တွေ့ပြီဗျို့…ဒီကောင်တွေ အုပ်စုလိုက်ကြီး ဒီဘက်တောင်ကြောဘက်ကို တဖြည်းဖြည်း တက်လာနေကြတယ်၊ ပြီးတော့ ခင်ဗျားပြောတဲ့ အစွယ်နီဆင်ကြီးကလည်း ဘေးကနေ ထပ်ကြပ်မကွာ ပါလာတယ်ဗျ"

ကိုအုန်းမြင့်မှာ အစွယ်နီဆင်ကြီးဟု ဆိုလိုက်သည်နှင့် ဆင်းဗဟာဒူးထံမှ မှန်ပြောင်းကို တောင်းယူပြီး ကပျာကယာပင် ကြည့်လိုက်မိသည်။

"ဟင်…"

ကိုအုန်းမြင့် မြင်နေရသည့် ဆင်အုပ်ဘေးမှ ဆင်ရိုင်းကြီးတစ်ကောင်မှာ အမှန်တကယ်ပင် အစွယ်ဖျားနှစ်ဖက်က အနီရောင်သန်းလျက် အပေါ်သို့ ကော့ပျံနေလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



လှိုကြီးဘေးမှ စီးဆင်းနေသည့် တောင်ကျချောင်းမှာ သာဓံတို့ ဒူးဆစ်သာသာလောက်သာနက်ပြီး ကျောက်တုံးကျောက်ခဲတို့ ပေါများသည့် ချောင်းငယ်လေး တစ်ခုဖြစ်သည်။ ချောင်း၏တစ်ဖက်တစ်ချက်တွင်လည်း သစ်ပင်ဝါးပင်များက အုံ့ဆိုင်းနေသဖြင့် နေရောင်နေပျောက်တို့က ချောင်းကလေးအပေါ် ဖြာပြီးကျနေသည်မှာ တဖျတ်ဖျတ်လှုပ်ခတ်နေသည့် ငွေပုဝါစတစ်ထည်နှင့်ပင် ပိုပြီးတူနေလေသည်။

သာဓံတို့နှစ်ယောက်မှာ ကိုအုန်းမြင့်တို့နှင့် လူစုခွဲလိုက်ပြီးကတည်းက မနားတမ်း လျှောက်လာခဲ့သည်မှာ ခရီးပင်အတော်လေးပေါက်လာပြီဖြစ်သော်လည်း အခုအချိန်အထိ စွယ်နီဆင်ရိုင်းကြီး၏အရိပ်အရောင်က ဘာတစ်ခုမှ မတွေ့ရသေးချေ။

သာဓံနှင့်အတူ လိုက်ပါလာသော ဆင်ဥတ်ပဒါးမှာလည်း သူ၏ဒသသမလေးငါး နှစ်လုံးပြူးမောင်းဖုံး သေနတ်ကြီးကို စိတ်ချလက်ချပင် ပခုံးပေါ်တွင် ချိတ်ဆွဲထားလျက် ချောင်းရိုးအတိုင်း မှန်မှန်ဝင်လျှောက်လာလေသည်။

ထိုအချိန်မှာပင် သူတို့နှင့် မလှမ်းမကမ်း ချောင်းရေအထက်စက်ဆီမှ ရေသံတဗွမ်းဗွမ်း မြည်သံကြီးကို ကြားလိုက်ရလေသည်။

"ဖရူး...ဖရူး...ဗွမ်း...ဗွမ်း"

"ဟင်"

ထိုအသံကြီးကြားလိုက်မိသည်နှင့် သာဓံနှင့် ဆင်ဥတ်ပဒါးတို့နှစ်ယောက်မှာ ချောင်းရိုးဘေးမှ အုံ့ဆိုင်းနေသည့် တောကြီးအတွင်းသို့ ချက်ချင်းပင် ပြေးဝင်ပုန်းအောင်း လိုက်မိကြ၏။ ထို့နောက် တစ်ယောက်မျက်နှာကိုတစ်ယောက် အမိပ္ပာယ်ပါပါနှင့် ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြပြီး အသံကြားရာချောင်း၏ အထက်ဖျားဆီသို့ တောကြီးထဲ
တဖြည်းဖြည်းချဉ်းကပ်သွားကြလေသည်။

ဆင်းဂွတ်ပဒါးမှာလည်း ထိုအချိန်မှ သူ့နှစ်လုံးပြူး
ကြီးထဲသို့ ကပျာကယာ ကျည်ထိုးသွင်းပြီး ခြေသံကို လုံနိုင်
အောင် နင်းလျှောက်နေ၏။ သာဓကတော့ ချောင်းရိုးအထက်
တွင် မကြာမီတွေ့ရတော့မည့် သားကောင်မှာ သူတို့ထင်ထာ
စွယ်နီဆင်ရိုင်းကြီး ဖြစ်ပါစေဟုပင် ကြိတ်ပြီးဆုတောင်းနေ

●

"ကိုအုန်းမြင့်ရေ…ကျုပ်တို့တော့ အခုကတည်းက ဒီ
ကြီးလာမယ့်လမ်းကို ကြိုပြီးစောင့်နေရအောင်၊ ပြီးတော့
အတွက် အကာအကွယ်လည်း လုံခြုံမယ့်နေရာတစ်ခု မြန်မြန်
မှဖြစ်မယ်၊ မကြာခင် ဒီနေရာကို ဒီကောင်တွေ အုပ်စုကြီးရော
တော့မှာဗျ"

ကိုအုန်းမြင့်နှင့်အတူ မော်ဓာရိုင်ဖယ်ကြီး တကားထ
ထားသော ဆင်းဗဟာဒူးမှာ အရပ်ရှစ်မျက်နှာလုံး ကပျာက
လှည့်ပတ်ကြည့်ရင်း ဆင်ရိုင်းကြီးကို အလွယ်တကူ ပစ်ခတ်
ပစ်ကွင်းကောင်းကောင်းကို ရှာဖွေနေ၏။

မကြာမီ ကိုအုန်းမြင့်တို့ အကာအကွယ်ယူထားသည့်
ထဲမှနေ၍ စွယ်နီဆင်ရိုင်းကြီးကို မြင်နေရပြီဖြစ်၏။ ထိုနေရာမှ
နှစ်ယောက်နှင့် ကိုက်ငါးဆယ်သာသာလောက် ကွာဝေးပြီး
က ပြတ်ပြတ်ထင်ထင် ရှိနေ၍ ချက်ကောင်းသို့ တစ်ချက်
ပစ်ခတ်လိုက်နိုင်ရန်လည်း လွန်စွာမှ လွယ်ကူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ရိုင်းကြီးမှာ ကိုအုန်းမြင့်တို့ ကြည့်နေစဉ်အချိန်မှာပင် ဆင်အုပ်ထဲမှ တစ်ကောင်တည်း အပြင်သို့ခွဲထွက်လာရာ ဦးကင်းကြီးက သူတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်သို့ လှည့်လာသည်ကို တွေ့ရ နေရသည်။

ကိုအုန်းမြင့်နှင့် ဆင်းဗဟာဒူးတို့နှစ်ယောက်မှာလည်း သူတို့ ရှိရာဘက်သို့ ဦးတည်ကာ ဖြည်းဖြည်းချင်း တိုးကပ်လာနေသော ဆင်ရိုင်း ကြီးကို အသက်ပင်မရှူမိကြဘဲ ချောင်းမြောင်းနေလေသည်။

ထိုစဉ်မှာပင်...

"ဝူး...ဝေါင်း"

ဟူသော အော်သံကြီးနှင့်အတူ နှာမောင်းကြီးကို အပေါ်သို့ မြှောက်ကာ သူတို့ရှိရာနေရာဆီသို့ တွေတွေကြီးစိုက်ကြည့်နေလေသည်။

"ဟာ...တို့နှစ်ယောက်ရှိတဲ့နေရာကို မြင်သွားပြီထင်တယ် ဗျို့"

ထိုအချိန်မှာပင် ဆင်းဗဟာဒူးလည်း မော်စာရိုင်ဖယ်ကို သစ်ဆုံခွကြားတွင်တင်ကာ ဆင်ရိုင်းကြီး၏ ဦးကင်းတည့်တည့်ဆီသို့ ချိန်ရွယ်ပြီးသားဖြစ်နေပေပြီ။ ကိုအုန်းမြင့်မှာ သူတို့ရှိရာကို မြင်သွား ပြီဖြစ်သော ဆင်ရိုင်းကြီးအား အချိန်ဆွဲမနေတော့ဘဲ မြန်မြန်ပင် ပစ် ခတ်လိုက်စေချင်နေမိ၏။

"ကလစ်..."

မောင်းတင်လိုက်သည့် အသံကိုကြားလိုက်ရသည့် အချိန်မှာ ပင် ဆင်ရိုင်းကြီးမှာ ရှေ့သို့ နှာမောင်းကြီးကို ဆန့်တန်းကာ သူတို့ နှစ်ယောက်ရှိရာသို့ တဟုန်ထိုးပြေးလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပစ်...ပစ်...ဆရာ၊ ပစ်တော့"

ကိုအုန်းမြင့်၏ တုန်လှုပ်ခြောက်ခြားနေသော အသံနှင့်အတူ ဂေါ်ရခါးစစ်ပုလိပ်ဗဟာဒူးမှာ မော်စာရိုင်ဖယ်၏ မောင်းခလုတ်ကို ဆွဲဖြုတ်လိုက်လေရာ...

"ချောက်..."

"ဟင်..."

ဂေါ်ရခါးစစ်ပုလိပ် ဆင်ဗဟာဒူး၏လက်ထဲမှ မော်စာရိုင်ဖယ်မှာ ပြောင်းဝသာခါယမ်းသွားပြီး ကျည်ဆံက ထွက်မလာ။ နောက်တစ်ကြိမ် မောင်းခလုတ်ကို ဆွဲပြီးပစ်ပြန်သည်။

"ချောက်"

"ပြေး...ပြေး...ကိုအုန်းမြင့်ရေ...ပြေး"

သေနတ်မောင်းဆုံမှ ကျည်ရိုက်သံ ချောက်ကနဲမြည်သံနှင့် အတူ ဆင်းဗဟာဒူးထံမှ ပြေး...ပြေး ဟူသော အော်သံကိုကြားလိုက်ရသည်နှင့် ကိုအုန်းမြင့်မှာ နောက်သို့ ချာကနဲလှည့်ကာ ပြေးတော့၏။

"ဖြောင်း...ဝရော...ရွှော"

သစ်ကိုင်းသစ်ခက်တွေ ကျိုးသံ၊ တောတိုးသံတွေနှင့်အတူ ပြေးသံလွှားသံတွေက တောကြီးအတွင်း ဆူညံသွားတော့သည်။ ဆင်ရိုင်းကြီးမှာလည်း တွေ့သမျှသစ်ကိုင်းတွေကို နှာမောင်းနှင့်ရိုက်ချိုးနေရင်း ချေကာ ကိုအုန်းမြင့်တို့နှစ်ယောက်နောက်ကို သဲကြီးမဲကြီးလိုက်တော့သည်။ ထိုသို့ အသက်လုပြီးပြေးနေချိန်မှာပင် စွယ်နီဆင်ရိုင်းကြီးပေါ်မှ လူနီနီနှစ်ယောက်ကိုလည်း သူတို့တွေ့လိုက်ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဂူး…"

ပြေးရင်းလွှားရင်း ဗဟာဒူးနှင့် ကိုအုန်းမြင့်တို့မှာ မကြာခဏ အပိုင်းပိုင်းနှင့် ပစ်လဲနေ၏။ တောကြီးအတွင်းမှ ဆူးခြုံ ဝါးခြုံတွေက သူတို့၏မျက်နှာနှင့် ခန္ဓာကိုယ်တွေကို ရစရာမရှိအောင် ပွတ်မိခြစ်မိသဖြင့် တစ်ကိုယ်လုံး သွေးချင်းချင်းရဲလျက် အဝတ်အစားတွေသည်း စုတ်ပြတ်သတ်ကုန်သည်။

"ဖောင်း…"

"အား…"

ရုတ်တရက် အရှိန်နှင့်ပြေးတိုက်မိလိုက်သည့် ကျောက်တုံးတစ်ခုကြောင့် ဆင်ဗဟာဒူးမှာ ရှေ့သို့ ဒလိမ့်ခေါက်ကွေးလဲကျသွားသရာ ဗွယ်နီဆင်ရိုင်းကြီးနှင့် လေးငါးဆယ်ကိုက်သာသာပင် ကွာဝေးတော့၏။

ကိုအုန်းမြင့်နှင့် ဆင်ဗဟာဒူးတို့မှာ တစ်ယောက်ကိုတစ်ယောက် လှည့်၍ပင်မကြည့်နိုင်အောင် အသက်လုပြီးပြေးနေရ၏။ တောကြီးတစ်ခုလုံးမှာလည်း သစ်ပင်သစ်ကိုင်းတွေ ကျိုးကျသံ၊ ဆင်ရိုင်းကြီး၏ တဂျွမ်းဂျွမ်းနင်းခြေသံတွေနှင့်အတူ မြေပြင်တစ်ခုလုံးမှာ ဟီးထချက် တသိမ့်သိမ့်တုန်ခါနေလေ၏။

ဆင်ဗဟာဒူးမှာလည်း တဖြည်းဖြည်း သူနှင့်နီးကပ်လာသော ဆင်ရိုင်းကြီးကြောင့် သွေးရူးသွေးတန်းဖြစ်သွားကာ လက်ထဲမှ ရိုင်ဖယ်သေနတ်ကြီးကို မိုးပေါ်သို့ထောင်ပြီး ကြောက်ကြောက်လန့်လန့်နှင့် ပါရခါးလို့တွေဆဲဆိုရင်း ပစ်လိုက်လေသည်။

"ဒိန်း…"

●



www.burmeseclassic.com

www.burmeseclassic.com



လျှိုကြီးဘေးမှ ချောင်းရိုးအတိုင်း စုံဆင်းသွားကြသော သာစံနှင့် အခြားဂေါ်ရခါးတို့နှစ်ယောက်မှာလည်း ရေသံတဗွမ်းဗွမ်းမြည်ရာ ချောင်းအထက်နားဆီသို့ ရောက်သောအခါ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများပင် ထသွားမိကြသည်။

သူတို့မြင်နေရသည့်မြင်ကွင်းက ချောင်းရေတွင် ကိုယ်လက်သန့်စင်နေကြသော အနီရောင်လူနှစ်ယောက် ဖြစ်နေပြီး ထိုနေရာနှင့် မလှမ်းမကမ်းတွင်တော့ စွယ်နီဆင်ရိုင်းကြီးမှာ ချောင်းရေကို နှာမောင်းနှင့်စုပ်ယူပြီး သူ့ခန္ဓာကိုယ်ကြီးကို ပက်ဖျန်းနေလေသည်။

"ဟာ…အဲ့ဒါ ဘထွေးသာဒွန်းပြောတဲ့ စွယ်နီဆင်ရိုင်းကြီးမှ အစစ်ပဲ ဆရာဂွတ်ပဒါးရေ၊ ဟို ရေချိုးနေတဲ့ လူနီနီနှစ်ယောက်ကလည်း အဲဒီဆင်ကြီးရဲ့ အစောင့်အရှောက်ဆိုတာတွေပဲဖြစ်မယ်"

သာစံ၏ရှေ့မှ ဒူးတစ်ဖက်ထောက်ကာ ချောင်းမြောင်းနေသော ဆင်းဂွတ်ပဒါးမှာလည်း သူမြင်နေရသည့် မြင်ကွင်းထဲမှ ဆင်ရိုင်းမှာ သာစံတို့ပစ်ခတ်စေလိုသော ဆင်ဟုတ်မဟုတ် တွေတွေဝေဝေနှင့် ဖြစ်နေ၏။

လေသံတိုးတိုးနှင့် ပြောနေသော သာစံ၏စကားတွေကြောင့် ဆင်းဂွတ်ပဒါးမှာ သူ၏ ဒသသမလေးငါး နှစ်လုံးပြူးသေနတ်ဒင်ကြီးကို ပခုံးတွင် ထောက်မိုလိုက်ရင်း မောင်းတင်ချိန်ရွယ်လိုက်၏။

ထိုအချိန်မှာပင် ချောင်းရေအတွင်းမှ လူနီနီနှစ်ယောက်မှာ သာစံတို့ ချောင်းမြောင်းနေရာဆီသို့ ဖျတ်ကနဲ လှမ်းကြည့်လိုက်ပြီး ဆင်ရိုင်းကြီးကို တစ်စုံတရာ လှမ်းပြောလိုက်လေသည်။

ဂေါ်ရခါးစစ်ပုလိပ် ဆင်းဂွတ်ပဒါးမှာလည်း အချိန်ဆွဲမနေ



www.burmeseclassic.com

www.burmeseclassic.com



ဘာ့တဲ သူနှင့်မဝေးကွာလှသော နေရာမှ ဆင်ရိုင်းကြီး၏ ဦးကင်းဆီ ချိန်ရွယ်ပြီး မောင်းခလုတ်ကို ဖြုတ်ချလိုက်လေသည်။ ဘေးမှ ကိုမှာ လက်နှစ်ဖက်ကို နားပေါ်တွင်အုပ်လျက် ကညင်ပင်ကြီးကို ဖိကာ ဝပ်ထိုင်ချမိလိုက်လေသည်။

"ချောက်"

ကျည်က အပြင်သို့ထွက်မလာဘဲ သေနတ်ပြောင်းဝသာ လှုပ် သွား၏။

ရုတ်တရက်ကြားလိုက်ရသည့် ဆင်းဂွတ်ပဒါး၏ သေနတ်မှ ကန်ကနဲပလူသော အသံကြောင့် သာဖံတစ်ယောက် ပြူးပြူးပြာပြာ သွား၏။ တစ်ချိန်တည်းမှာပဲ ဆင်ရိုင်းကြီးမှာ ချောင်းရေထဲမှ ဝုန်းဝုန်းပြေးတက်လာပြီး သာဖံတို့ရှိရာ တောအုပ်ထဲသို့ ဝရုန်းသုန်း ပြေးဝင်လာလေတော့သည်။

"ပြေး...ပြေး...ပြေး"

"ဖြောင်း...ဖြောင်း...ဂျွမ်း...အုံး..."

ဆင်ရိုင်းကြီး၏ တောတိုးသံနှင့်အတူ သာဖံတို့နှစ်ယောက်၏ မတတ် အော်လိုက်ကြသည့် အသံတွေက တစ်တောလုံး တွက်ညံကုန်သည်။ ချောင်းဘေးမှ ကျပ်ကျပ်ညပ်ညပ်ပေါက် သည့် ဝါးရုံတွေမှာလည်း တဝုန်းဝုန်းလဲပြိုလျက် ဆင်ရိုင်းကြီး၏ ခြေထောက်များအောက်တွင် စိစိညက်ညက် ကြေမွကုန်သည်။

သာဖံတို့နှစ်ယောက်မှာလည်း တောကြီးအတွင်း လှည့်ပတ် ပြေးမိပြေးရာကို ပြေးကြရာ တစ်ခါတစ်ခါ သစ်ကိုင်းတွေနှင့် ဖြောင်းဖြောင်းရိုက်မိပြီး နောက်သို့ပက်လက်လန်ကာ လဲကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြေးရင်းလွှားရင်းနှင့် နောက်သို့ မကြာမကြာ လှည့်ကြည့်တိုင်း အစွယ်နီနှစ်ချောင်းကို ရှေ့သို့ထိုးစိုက်ထားကာ တရိပ်ရိပ်ပြေးလိုက်လာသော ဆင်ရိုင်းကြီးကို အသည်းတယားယားနှင့် တွေ့လိုက်ရသည်။

ထိုသို့ သူတို့နှစ်ယောက် အသက်လုပြီး ပြေးနေရချိန်တွင် ကိုအုန်းမြင့်တို့ တောတိုးသွားသည့် တောင်ရိုးကြီးပေါ်မှ 'ဒိန်း'ကနဲ သေနတ်သံတစ်ချက်ကိုလည်း ကျယ်ကျယ်လောင်လောင်ကြီး ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ကိုအုန်းမြင့်နှင့် ဂေါ်ရခါးစစ်ပုလိပ် ဗဟာဒူးတို့နှစ်ဦး လှိုဏ်ကြီး အနီးသို့ ပြန်ရောက်လာကြချိန်တွင်တော့ နေရောင်က ရိုးမတောင်ကြီး ပေါ်တွင် တဖြည်းဖြည်း ငုတ်လျှိုးစပင်ပြုနေပြီဖြစ်၏။ သူတို့နှစ်ယောက် စလုံးမှာလည်း ခြေပစ်လက်ပစ်တွေနှင့် အသက်ကို မနည်းရှူနေရကာ အလွန်အမင်း မောဟိုက်နေကြသည်။

"ကံကောင်းပေလို့ပေါ့ ကိုအုန်းမြင့်ရာ၊ ကျုပ်ဖြင့်ဆင်ရိုင်းကြီး ရဲ့ ခြေထောက်အောက်မှာ အသက်ပျောက်ပြီအောက်မေ့တာ"

ဆင်ဗဟာဒူးမှာ ရေဘူးထဲမှရေကို အလုအယက်ပင် မော့ သောက်လိုက်ပြီး သူတို့နှစ်ယောက်၏ သေပြေးရှင်ပြေး ပြေးလာခဲ့ရ သည့် အဖြစ်အပျက်တွေကို ပြန်ပြောပြနေ၏။ ထို့နောက် ဆင်ဗဟာဒူး က သူ့သေနတ်မှ မော်ဇာရိုင်ဖယ်ကြီးကို ဆွဲကိုင်လိုက်ကာ...

"တောက်...အရေးထဲမှ ဟောဒီသေနတ်က ဘာကြောင့်များ ကျည်မထွက်ရတာလဲမသိဘူး၊ နောက်တစ်ချက် မိုးပေါ်ထောင်ပြီး ဖောက်လိုက်တော့မှ အသုံးမကျတဲ့ကျည်က ထွက်တော့တာယ်"

ဟုဆိုကာ သေနတ်ကျောက်တုံးပေါ် ဆောင့်ပြီး ပစ်တင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ ကိုအုန်းမြင့်ကတော့ သစ်ကိုင်းသစ်ခက်တွေနှင့် ရိုက်မိမှတ်မိသော ဒဏ်ရာဒဏ်ချက်တွေကို ကြပ်ထုပ်ထိုးနေရာမှ…

"အေးဗျာ…ကျုပ်တော့ ဒီကောင်ကြီးကို နည်းနည်းမှ အခဲမကျေဘူး…ဆရာ"

ထိုအချိန်မှာပင် သူတို့ရှိရာသို့ သာစံနှင့်အတူ ဆင်းဂွတ်ပဒါးတို့မှာလည်း ချွေးသံတရွှဲရွှဲနှင့် ရောက်လာကြသည်။ သူတို့နှစ်ယောက်၏ ကိုယ်ပေါ်မှ အဝတ်အစားများမှာလည်း ရစရာမရှိအောင် စုတ်ပြတ်နေကာ မျက်နှာတွေက အလွန်အမင်း ကြောက်လန့်နေကြသည်ကို တွေ့လိုက်ရလေသည်။

"ဟင်…မင်းတို့နှစ်ယောက်က ဘာဖြစ်လာကြတာလဲ"

သာစံမှာ ကိုအုန်းမြင့်၏ အမေးစကားကို ချက်ချင်းမဖြေနိုင်သေးဘဲ လွယ်အိတ်ထဲမှ ရေဘူးကိုထုတ်ကာ အငမ်းမရ မော့သောက်လိုက်ပြီး…

"ဟာ…မပြောပါနဲ့တော့ ကိုအုန်းမြင့်ရာ၊ ကျုပ်တို့တော့ သေပြီအောက်မေ့တာ"

ဟုဆိုကာ သူ[illegible]အပျက်တွေကို အသည်းတယားယားနှင့် ပြန်ပြောပြတော့၏။ ထိုအချိန်မှာပဲ ကိုအုန်းမြင့်နှင့်အတူ လိုက်ပါသွားသည့် ဂေါ်ရခါးဗဟာဒူးမှာလည်း အံ့ဩသည့်မျက်လုံးများနှင့် ဖြစ်သွားကာ…

"အလို…ဒါဆိုရင် မောင်ရင်တို့လည်း ကျုပ်တို့လို ဆင်ရိုင်းကြီးနဲ့ ရင်ဆိုင်ခဲ့ရတယ်ဆိုပါတော့"

"ဟုတ်ပ့ါဗျာ…အဲဒီလို သေမြွေရှင်ပြေး ပြေးနေရတဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ကိုအုန်းမြင့်တို့တက်ကလည်း သေနတ်သံကြီးတစ်ချက် ကြားလိုက်ရတယ်၊ အဲဒါနဲ့ နောက်ကို မသိမသာ ပြန်လှည့်ကြည့်လိုက်တော့ ဒီကောင်ကြီးကို မတွေ့ရတော့ဘူး"

သာစံ၏စကားကြောင့် ကိုအုန်းမြင့်မှာ နားမလည်နိုင်အောင် ဖြစ်သွားပြီး…

"ဟင်…ဒါဆိုရင် မင်းတို့တွေ့လာခဲ့တဲ့ ဆင်က ရိုးရိုး ဆင်ရိုင်းတစ်ကောင် ဖြစ်ချင်ဖြစ်နေမှာပေါ့"

"မဟုတ်ဘူး…မဟုတ်ဘူး ကိုအုန်းမြင့်၊ စွယ်နီဆင်ရိုင်းကြီးမှ အစစ်ပဲ၊ ပြီးတော့ အဲဒီဆင်ရိုင်းကြီးအနားမှာ ချောင်းရေချိုးနေတဲ့ လူရိုင်းနှစ်ယောက်ကိုပါ တွေ့ခဲ့ရသေးတယ်၊ ဒါထက်သေချာတာ ဘာရှိအုံးမှာလဲ"

"ဟင်"

ကိုအုန်းမြင့်မှာ ကြားလိုက်ရသည့်စကားကြောင့် ဟင်ကနဲဖြစ်သွား၏။

ထိုအခါမှ သာစံ၏ဘေးမှ ဓွတ်ပဒါးမှာလည်း ချွေးများနှင့် ရွှဲရွှဲနေသော သူ့အင်္ကျီကြီးကိုချွတ်ကာ…

"ဟုတ်တယ်ဗျို့…အဲဒီအချိန်မှာ ကျုပ်သေနတ်က ထူးထူးဆန်းဆန်း ကျည်ဆံဂျမ်းဖြစ်သွားတယ်နဲ့တူတယ်၊ ဘယ်လိုမှ ပစ်မရတော့ဘူး"

"ဟုတ်မှဟုတ်ရဲ့လား သာစံရယ်၊ ငါဖြင့် ဘယ်လိုမှ ယုံကြည်နိုင်အောင်ဘဲ"

ကိုအုန်းမြင့်မှာ သူ့ခေါင်းကို တမြင်းမြင်းမြည်အောင်ကုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း ဆင်ရိုင်းကြီးနှင့်ပတ်သက်ပြီး အချိန်တစ်ချိန်တည်းမှာ နေရာနှစ်နေရာခွဲပြီး တွေ့လိုက်ရသည့်အဖြစ်ကြောင့် ဇဝေဇဝါတွေ ဖြစ်သွားမိ၏။

ကိုအုန်းမြင့်၏ညီ သာခံမှာလည်း သူအမှန်တကယ် ကြုံတွေ့လာခဲ့သည့် ဆင်ရိုင်းကြီး၏ ပုံပန်းသဏ္ဍာန်ကို အမျိုးမျိုးထပ်ပြီး ပြောပြနေပြန်လေသည်။

"ဪ...သေချာပါတယ်ဆိုမှဗျာ၊ အစွယ်အရှည်က ယောဒီလောက်၊ ပြီးတော့ အစွယ်ဖျားထိပ်မှာ တစ်မိုက်သာသာလောက်က အနီသွေးရောင်ထနေတယ်၊ လူနီနီနှစ်ယောက်ကလည်း တစ်ယောက်က ဆျှောင်ကိုဆံထုံးထုံးထားပြီး နောက်တစ်ယောက်က ချောင်းရေထဲမှာ သူ့ဆံပင်ရှည်ကြီးကို ဖားလျားချပြီးလျှော်နေတာ၊ ကျုပ်မျက်စိနဲ့ တပ်အပ်ကို မြင်ခဲ့တာပါဗျ"

သာခံပြောပြနေသည်များကို ခေါင်းတဆတ်ဆတ်ငြိမ့်ပြီး နားထောင်နေသော ကိုအုန်းမြင့်မှာ နောက်ထပ် ဘာတစ်ခွန်းမှ မပြောသာတော့ဘဲ အဝေးတစ်နေရာသို့သာ တွေတွေကြီးငေးစိုက်ကြည့်နေမိသည်။

ထိုနေ့ညတွင် သူတို့လေးယောက်သားမှာ လျှို့ကြီးအတွင်း ဖြစ်သလို ချက်ပြုတ်စားသောက်ပြီး ညတွင်းချင်းပင် ရိုးမတောကြီးအတွင်းသို့ဝင်ကာ ဆင်ရိုင်းကြီးကို ပစ်ခတ်ကြရန် ပြင်ဆင်ကြပြန်သည်။ ဂေါ်ရခါးစစ်ပုလိပ်နှစ်ယောက်မှာ သူတို့၏ကျောပိုးအိတ်အတွင်း ထည့်ယူလာသော မီးကျည်များကိုလည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချက်ပြ ပစ်ဖောက်ရန် အဆင်သင့်ပြင်ဆင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့၏သေနတ်တွေကို တိုက်ချွတ်ဆေးကြော လိုက်ကြပြီး ရေဘူး၊ ဓားမြှောင်နှင့် ခါတ်မီးတို့ကိုပါ တစ်ပါတည်း ထည့်ယူလိုက်ကြသည်။

●

ညကာလရောင်ကြောင့် မြင်ကွင်းအားလုံးကို ပြတ်ပြတ်ထင် ထင် မြင်နေရသည်ဆိုသော်လည်း သစ်ပင်ဝါးပင်ကြီးများ အုံ့ဆိုင်း နေရာ အောက်ခြေတွင်တော့ မှောင်နှင့်မဲမဲပင်ဖြစ်နေသည်။ ကိုအုန်းမြင့် နှင့် သာစံတို့မှာလည်း ပြီးခဲ့သည့်နည်းတူ အဖွဲ့နှစ်ဖွဲ့ခွဲ၍ ထွက်လာခဲ့ သည်မှာ အတော်အတန်ပင် ခရီးရောက်နေပြီဖြစ်သော်လည်း အခုအချိန် ထိ စွယ်နီဆင်ရိုင်းကြီး၏ အရိပ်အယောင်က မတွေ့ရသေးချေ။

"အူ…ဝူး"

ရုတ်တရက် တောခွေးတစ်ကောင်၏ အူလိုက်သံက ဂုံးပင်တွေ စုပြုံပြီးပေါက်နေသည့် တောကြီးဘက်မှ ကြားလိုက်ရသည်။ ထိုအသံ ကို ကြားလိုက်ရသည်နှင့် ကိုအုန်းမြင့်မှာ…

"ဒါ…တောခွေးတစ်ကောင်ရဲ့ အူသံပဲဗျ၊ ဒီကောင်တွေဟာ အခုလို လသာတဲ့ညဘက်ဆိုရင် ကျုပ်တို့ ဖဒိုရွာနားအထိ အုပ် လိုက်သင်းလိုက် ဆင်းဆင်းလာကြပြီး စပါးခင်းတွေထဲ ဝင်ဖျက်ဆီး ကြတာပဲ ဆရာရေ…၊ ဒီကောင်တွေ ရန်ကလည်း မသေးဘူးဗျ"

ဟူ၍ ရောက်တတ်ရာရာ စကားများကိုပြောကာ ရိုးမတောကြီး အတွင်း ချဉ်းနင်းဝင်ရောက်လာခဲ့ကြ၏။ မကြာမီ…

သူတို့ရှေ့မှ တဖြည်းဖြည်း နိမ့်ဆင်းသွားသော မြောင်တစ်ခု ထဲမှ သစ်ပင်သစ်ကိုင်းကြီးများ လှုပ်ရှားသွားသည်ကို ပေါ်စီးမှ မြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လရောင်ကလည်း ထိုအပင်ကြီးများရှိရာကို အတားအဆီးမရှိ ကျရောက်နေသည်ဖြစ်ရာ ယိမ်းလှုပ်နေသော သစ်ပင်အဖျားများကို ဖိုပြီး ထင်ထင်ရှားရှား မြင်နေရလေသည်။

"ကိုအုန်းမြင့် အဲဒီနေရာကို သေသေချာချာကြည့်၊ အပင်ကြီးတွေရဲ့အောက်မှာ ဆင်အုပ်တစ်အုပ် ရှိကိုရှိနေလိမ့်မယ်"

ဆင်းဗဟာဒူး လက်ညှိုးထိုးပြနေသည့်နေရာက သူတို့နှစ်ယောက်၏ အောက်တည့်တည့်တွင် ရှိနေသည်ဖြစ်ရာ ကျပ်ကျပ်ညပ်ညပ် အုပ်မိုးနေသော သစ်ပင်သစ်ကိုင်းတွေကြောင့် အောက်ခြေမှ ဆင်အုပ်ကို ဘယ်လိုမှမမြင်ရပေ။ သို့သော် တစ်ချက်တစ်ချက် သစ်ပင်သစ်ကိုင်းများကို ဝင်တိုးနေသည့်အသံနှင့် တဂျွမ်းဂျွမ်း တက်နင်းမိသံတွေကို ကြားနေရ၏။

ထို့နောက် ကိုအုန်းမြင့်နှင့် ဆင်းဗဟာဒူးတို့ နှစ်ယောက်မှာ ထိုနေရာနှင့် အနီးကပ်ဆုံးနေရာသို့ရောက်ရန် မတ်စောက်နေသော တောင်ကြောကြီးအတိုင်း ဖြည်းဖြည်းချင်း ဆက်ပြီးဆင်းသွားကြ၏။ သူတို့နှစ်ယောက် တောင်ကြော၏ အလယ်မရှိတရှိလောက် ရောက်သောအခါ နားရွက်နှစ်ဖက်ကို တဖျတ်ဖျတ်လှုပ်ခတ်နေသော ဆင်ကြီးတစ်ကောင်၏ ကျောကုန်းမည်းမည်းကြီးကို တွေ့လိုက်ရလေသည်။

ထိုအချိန်မှာပင် ကိုအုန်းမြင့်ကို ဆင်းဗဟာဒူးက ထိုနေရာသို့ အသံတိတ်လက်ညှိုးထိုးပြလိုက်၏။ ပြီးနောက် သူ၏ပါးစပ်နားတွင် လက်ညှိုးနှစ်ခုကိုကပ်ကာ စွယ်နီဆင်ကြီးဖြစ်သည်မှာ သေချာကြောင်း အမူအရာနှင့် လုပ်ပြနေ၏။

သိပ်မကြာလိုက် ကိုအုန်းမြင့်၏ရှေ့မှ ဖြည်းဖြည်းချင်း ဆင်



www.burmeseclassic.com

www.burmeseclassic.com



သွားသော ဆင်ဗဟာဒူးမှာ သူ့ခါးတွင် ချိတ်ဆွဲထားသည့် မီးကျည်ကို လက်နှင့်ဆွဲဖြုတ်နေ၏။ တစ်ချိန်တည်းမှာပဲ ပခုံးတွင် ချိတ်ယူလာသော မော်စာရိုင်ဖယ်ကြီးကိုလည်း သစ်ဆုံခွကြားမှနေ၍ ဆင်ကြီး၏ ဦးကင်းဆီသို့ ထိုးဆိုက်ချိန်ရွယ်ထားလိုက်သည်။ ထို့နောက် ကိုအုန်းမြင့်ကို ဆင်ဗဟာဒူးက ခြေဟန်လက်ဟန်ဖြင့် မီးကျည်မှ မီးစာကို မီးခြစ်နှင့်တို့ပြီး အပေါ်သို့ထောင်ကာ ပစ်ဖောက်ခိုင်းလိုက်၏။

ထိုသို့ မီးကျည်မီးပန်းများ မိုးပေါ်သို့ထောင်ပြီး ပစ်လွှတ်လိုက်ခြင်းမှာ စွယ်နီဆင်ရိုင်းကြီးကို သူတို့အဖွဲ့က တွေ့ရှိနေပြီဖြစ်ကြောင်း သာဓုတို့ကို အချက်ပြလိုက်ခြင်းပင်ဖြစ်၏။ ဒါကို သာဓုတို့အဖွဲ့က မြင်သွားပြီး ကိုအုန်းမြင့်တို့နှစ်ယောက်နှင့် လာပေါင်းကာ ဆင်ရိုင်းကြီးကို ဝိုင်းဝန်းပစ်ခတ်ကြရန်ပင်ဖြစ်သည်။

ထိုအချိန်မှာပင် ကိုအုန်းမြင့်တို့နှစ်ယောက်၏ လက်ယာဘက် တောင်ကြောကြီးပေါ်မှ...

"ရှူး...ဖရူး...ဖန်း...ဖန်း..."

ဟူသော မီးကျည်မီးပန်းကြီးတစ်ခုက ကောင်းကင်ထဲတွင် ရဲရဲနီလျက် တဖန်းဖန်းနှင့် ဖွာလန်ကျဲပြီး လင်းလက်သွားလေသည်။

"ဟင်...ဒါ သာဓုတို့ဘက်က အချက်ပြတဲ့ မီးကျည်ပဲ၊ ဒါ ဒါဆိုရင် သူတို့လည်း စွယ်နီဆင်ရိုင်းကြီးကို တွေ့နေပြီပေါ့"

ထိုအချိန်မှာပင် ကိုအုန်းမြင့်၏လက်ထဲမှ ဆုပ်ကိုင်ထားသည့် မီးကျည်၏မီးစာမှာ မီးစွဲသွားပြီး ရှူးခနဲအပေါ်သို့ ထောင်တက်သွားကာ သာဓုတို့အဖွဲ့က ပစ်လွှတ်လိုက်သော မီးကျည်နှင့်အတူ ကောင်းကင်ထဲတွင် တဖန်းဖန်းနှင့် ဖြာထွက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံတွေနှင့်အတူ တောကြီးတစ်ခုလုံးမှာ မီးရောင်တွေ ဖြာထွက်နေပြီး ကိုအုန်းမြင့်ဘေးမှ ဆင်ဗဟာဒူးထံမှ ဒိန်းကနဲသေနတ် သံကြီးကို နားကွဲလုမတတ် ကြားလိုက်ရသည်။

"ဒိန်း"

ထို့အတူ သူတို့၏ လက်ယာဘက်တောင်ကြောဆီမှလည်း သာခံတို့အဖွဲ့၏ သေနတ်သံတစ်ချက်ကိုပါ ကြားလိုက်ရတော့၏။

"ဟင်..."

●

ကိုအုန်းမြင့်တို့ဘက်မှ အသေအချာချိန်ရွယ်ပြီး ပစ်ခတ်လိုက် သည့် မော်စရိုင်ဖယ်ကြီး၏ ကျည်ဆံက စွယ်နီဆင်ရိုင်းကြီးဘေးမှ ကညင်ပင်စည်ကြီးအတွင်းသို့ ဖောက်ထွင်းဝင်ရောက်သွား၏။ တစ်ချိန် တည်းမှာပဲ စွယ်နီဆင်ရိုင်းကြီးမှာ ဓာနဲဖိပြီး အော်သံနှင့်အတူ ကိုအုန်းမြင့် တို့ အကာအကွယ်ယူထားသည့် တောင်စောင်းဆီသို့ တဟုန်ထိုး ပြေးဝင်လာလေသည်။ သို့သော် ဆင်ရိုင်းကြီးမှာ မတ်စောက်နေသော တောင်ကြောကြီးပေါ်သို့ အလွယ်တကူ မတက်နိုင်သဖြင့် ကိုအုန်းမြင့်တို့ နှစ်ယောက် အသက်ဘေးမှ သီသီကလေးပင် လွတ်မြောက်သွားရသည်။

မတ်စောက်နေသော တောင်စောင်းကြီးအောက်မှ သစ်ပင် သစ်ကိုင်းတို့မှာ တဖျမ်းဖျမ်းကျိုးကြေလျက် ဒေါသထွက်နေသော ဆင်ရိုင်းကြီး၏ ခြေထောက်အောက်တွင် စိစိညက်ညက် ဖြစ်နေ၏။ ကိုအုန်းမြင့်တို့နှစ်ယောက်မှာ ပါးစပ်က ပြေး...ပြေး ဟူသော အော်သံ တွေနှင့်အတူ တွေ့ရာ သစ်ကိုင်းသစ်ခက်တွေကို လက်နှင့်ဆွဲကိုင်ကာ တောင်နံရံမြင့်မြင့်ကြီးပေါ်သို့ ကုတ်ခြစ်ပြီး တက်ကြလေသည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



အသက်လုပြီးပြေးရင်းလွှားရင်းနှင့် တစ်ချက်ကလေး ခြေချော်လက်ချော်ဖြစ်ပြီး တောင်အောက်သို့ လျှောကျသွားလျှင်တော့ သူတို့အဖြစ်က မတွေးဝံ့စရာပင်။

"တောက်...အသေချာကြီး ချိန်ပစ်တာတောင် ဘာဖြစ်လို့ မထိရတာလဲ"

တောင်စောင်းကြီးအပေါ်သို့ သူတို့နှစ်ယောက် မောကြီးပမ်းကြီးနှင့် ပြန်ရောက်လာကြသောအခါ ဆင်ဗဟာဒူးက သူ့ကိုယ်သူအပြစ်တင်ပြီး တဖျစ်တောက်တောက်တွေ ပြောဆိုနေ၏။ ကိုအုန်းမြင့်မှာလည်း တစ်ကြိမ်တစ်ခါမက အလွဲလွဲအချော်ချော်တွေဖြစ်ပြီး အသက်လုပြေးလာခဲ့ရသည့် အဖြစ်တွေကြောင့် စွယ်နီဆင်ရိုင်းကြီးအပေါ် အနည်းငယ်ပင် သံသယဖြစ်လာခဲ့သည်။ ပြီးတော့ သာစံတို့နှစ်ယောက်ဘက်မှ မီးကျည်ပစ်ဖောက်ပြီး သေနတ်သံကြီး တစ်ချက်ကြားလိုက်ရသည်မှာလည်း စွယ်နီဆင်ရိုင်းကြီးနှင့် သူတို့အဖွဲ့ ပက်ပင်းတိုးမိနေ၍သာ ဖြစ်လိမ့်မည်ဟု တွေးမိလေသည်။

"ဆင်တစ်ကောင်တည်းကို နှစ်နေရာခွဲပြီး မြင်နေရတယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲ၊ ပြီးတော့ ဒီလောက်အနီးကပ်ပစ်ခွင့်ရရဲ့သားနဲ့ ကျည်မထွက်တဲ့အဖြစ်တွေ၊ အလွဲလွဲအချော်ချော်ဖြစ်ရတဲ့ အဖြစ်တွေကရော...ရိုးမှရိုးရဲ့လား"

ထိုအတွေးများနှင့်အတူ ကိုအုန်းမြင့်မှာ နဖူးပေါ်မှ ချွေးသီးချွေးပေါက်တွေကို လက်ဖြင့် သပ်ပြီးချနေလေသည်။ တစ်ချိန်တည်းမှာပဲ ဖဒိုရွာမှ ဦးသာဒွန်းနှင့် အခြားဆင်သမားတွေရှေ့တွင် အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းဝါးပြခဲ့သော သူ၏မာနစကားတွေကြောင့် ဆင်ရိုင်းကြီးအပေါ် မခံချင်စိတ်တွေ ဖြစ်လာပြန်၏။

"တောက်..."

အံကို ခဲ့ခဲ့ကြိတ်ပြီး တောက်ခေါက်လိုက်ရုံမှလွဲ၍ သူတို့ဘာတွေဆက်ပြီး လုပ်ကြရမည်ကိုပင် စဉ်းစားရခက်နေကြလေသည်။

ထိုအချိန်မှာပင် သာစံနှင့်အတူ ဆင်းဂွတ်ပဒါးတို့မှာ အလဲလဲအကွဲကွဲနှင့် ပြန်ရောက်လာကြသည်။ သူတို့၏ မျက်လုံးများမှာလည်း အလွန်အမင်း ကြောက်လန့်နေကြသလို အသားများပင် တဆတ်ဆတ်တုန်ရင်နေကြလေသည်။

BURMESE CLASSIC

"ကျုပ်...ကျုပ်တော့...တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ထူးဆန်းတဲ့အဖြစ်တွေ မကြုံဖူးဘူးဗျို့၊ ဘယ်နှယ်ဗျာ...ဒီဆင်ရိုင်းကြီးကို အဖွဲ့နှစ်ဖွဲ့စလုံးက နှစ်နေရာခွဲပြီး မြင်နေရတယ်ဆိုကတည်းက ဘာထွေးသာဒွန်းပြောသလို တန်ခိုးဣဒ္ဓိပတ်တွေ ဘာတွေရှိနေသလားမပြောတတ်တော့ပါဘူးဗျာ"

"ဟုတ်တယ်ဗျို့...ကျုပ်အသေအချာကြီး ချိန်ပစ်တာတောင်လွဲဖြစ်အောင်လွဲသွားတာ၊ ကျုပ်တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ အခုလောက် ပစ်ချက်မလွဲခဲ့ဘူး၊ အံ့ရောဗျာ"

သူတို့နှစ်ယောက်၏ အံ့သြဘနန်းစကားတွေကြောင့် ကိုအုန်းမြင့်နှင့် ဆင်းဗဟာဒူးတို့မှာ ပိုးလိုးပက်လက်လန်ပြီး အမောဖြေနေကြရာမှ မြင်းခွာသံတွေကို ကြားလိုက်ရပြီး ခေါင်းထောင်ကာ ကြည့်လိုက်ကြလေသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးယောက်နှင့် မလှမ်းမကမ်းတွင်တော့ မြင်းနက်ကြီးတစ်ကောင်ကိုစီးလျက် ရှမ်းဘောင်းဘီကို ကျနစွာဝတ်ဆင်ထားပြီး ရှမ်းခမောက်တစ်လုံး ဆောင်းထားသော အသက်သုံးဆယ်အရွယ်လူငယ်တစ်ယောက်ကို တွေ့လိုက်ကြရလေသည်။

အစကတည်းက သွေးပျက်မတတ် ထိတ်လန့်ခြောက်ခြားနေသော သာစံမှာ ထိုလူရွယ်ကို မြင်လိုက်သည်နှင့် သူ့ဘေးမှ ဂေါ်ရခါး၏လက်ထဲမှ သေနတ်ကိုဆွဲလုယူပြီး ချိန်ရွယ်လိုက်လေသည်။

"နေ…နေအုံး သာစံ၊ အရမ်းမလုပ်နဲ့"

သာစံ၏လက်ထဲမှသေနတ်ကို ကိုအုန်းမြင့်က ဆောင့်ဆွဲယူလိုက်ပြီး မြင်းပေါ်မှလူရွယ်အနားသို့ တိုးကပ်သွားကာ အကဲခတ်သလိုနှင့်ကြည့်လိုက်ပြီး…

"ဒီကမိတ်ဆွေက တောလည်ထွက်လာတာလား"

"မဟုတ်ပါဘူး အဆွေတို့၊ ကျုပ်က ဒီတောကြီးထဲမှာပဲနေတာပါ"

ထိုလူရွယ်၏စကားကြောင့် ကိုအုန်းမြင့်ရော ကျန်သူများအားလုံးကပါ တအံ့တဩနှင့် ဖြစ်ကုန်ကြသည်။ ထို့နောက် လူရွယ်က မြင်းပေါ်မှဆင်းလိုက်ရင်း…

"ဒီကမိတ်ဆွေတွေကို ကျုပ်တစ်ခုပြောပါရစေ၊ ဒီတောကြီးထဲမှာရှိနေတဲ့ အစွယ်အနီနဲ့ဆင်ကို မိတ်ဆွေတို့ လုံးဝမပစ်ခတ်ကြဖို့ ကျုပ် အနူးအညွတ် တောင်းပန်ပါရစေ"

"ဟင်…"

"ဘာ…"

ဖ

www.burmeseclassic.com



ထိုလူရွယ်၏ တားမြစ်စကားကြောင့် သူတို့အားလုံးမှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ အံ့သြရှေ့ရွတ်မိလိုက်ကြသည်။

"ဒီမှာ မိတ်ဆွေ ကျုပ်တို့က ဒီဆင်ရိုင်းကြီးကို သတ်ချင်လို့ တမင်လိုက်သတ်နေတာ မဟုတ်ဘူးဗျ၊ ဒီဆင်ရိုင်းကြီးကြောင့် ကျုပ်တို့လူနှစ်ယောက် အသေဆိုးနဲ့ သေခဲ့ရပြီ၊ ဒါကို ဒီအတိုင်းဆက်ထားရင် တစ်နေ့ ကျုပ်တို့ ဆင်စခန်းက လူတွေအကုန်လုံး ဆင်အနင်းခံရပြီး သေဖို့ပဲရှိတယ်"

ကိုအုန်းမြင့်က စွယ်နီဆင်ရိုင်းကြီး နင်းသတ်ခဲ့သည့် မုဆိုးစံပီးနှင့် ဆင်ဦးစီးကိုထွန်းကြိုင်တို့၏ အဖြစ်တွေကို ထိုလူရွယ်သိအောင် ပြန်ပြောပြလိုက်၏။

ထိုလူရွယ်ကလည်း...

"အလကားနေရင်းတော့ ခင်ဗျားတို့လူတွေကို ဒီဆင်က မနင်းပါဘူး၊ အဲ...ခင်ဗျားတို့ဘက်က အမှားတစ်ခုခုလုပ်မိလို့၊ ဒါမှမဟုတ် သီလတစ်ခုခု ချိုးဖောက်ကျူးလွန်ထားလို့ အခုလို အနင်းခံရတာဖြစ်မှာပါ"

"ဘာ...ဟေ့လူ၊ ခင်ဗျားဘာပြောလိုက်တယ်၊ ကျုပ်တို့လူတွေက ဘာကိုအမှားလုပ်ပြီး ဘယ်သီလကို ကျူးလွန်ရမှာလဲ"

"အောင်မာ...ဟေ့လူ၊ ခင်ဗျားက ဘာမို့လို့ ကျုပ်တို့ကို လာပြီး ကာဆီးကာဆီး လုပ်နေရတာလဲ"

ထိုအခါမှ သူတို့လေးယောက်စလုံးနှင့် ထိုလူရွယ်မှာ တောအခြေအတင်တွေ အတိုက်အခံတွေ ပြောကြလေ၏။ လူရွယ်မှာလည်း...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဘာလဲဆိုတာ ခင်ဗျားတို့သိအောင် ပြောပြရသေးတာပေါ့"

ဟုဆိုကာ သူ၏ဘယ်ဘက်လက်သူကြွယ်တွင် ဝတ်ဆင်ထားသော ငွေအနားကွပ်ထားသည့် လက်စွပ်အား ညင်သာစွာပွတ်သပ်ပြီး ဂါထာတစ်ခုခုကို ရွတ်ဆိုနေလေတော့သည်။ ကိုအုန်းမြင့်တို့ လူစုမှာလည်း ထိုလူရွယ်ကို နားမလည်နိုင်သည့် အကြည့်တွေနှင့် ငေးကြည့်နေမိကြသည်။

မကြာမီ...

"ဖြောင်း...ဝရော...ဖြုန်း...ဖြုန်း..."

ဆိုသည့် တောတိုးသံကြီးနှင့်အတူ ကိုအုန်းမြင့်တို့လူစု ပစ်စတ်သတ်ဖြတ်ချင်နေသည့် စွယ်နီဆင်ရိုင်းကြီးမှာ နှာမောင်းကြီးကို ဘယ်ညာယိမ်းလျက် တောထဲမှ တလှုပ်လှုပ်နှင့် ထွက်လာလေသည်။

"ဟာ..."

"ဟင်...ပြေး...ပြေး...စွယ်နီဆင်ရိုင်းကြီး...ဟာ"

"ပစ်...ပစ်..."

ဟူသော အသံတွေနှင့်အတူ ဂေါ်ရခါးစစ်ပုလိပ်နှစ်ယောက်တို့မှာလည်း သူတို့၏သေနတ်တွေကို ချက်ချင်းပင် မောင်းတင်ပြီး ချိန်ရွယ်လိုက်ကြသည်။

"ယေား ရပ် ရပ် မလုပ်နဲ့၊ မလုပ်ကြပါနဲ့"

ရှမ်းဘောင်းဘီဝတ် လူရွယ်မှာလည်း ချက်ချင်းပင် ရှေ့သို့ထွက်သဲသဲနှင့် ကြောက်ကြောက်လန့်လန့်တွေ ဖြစ်ကုန်ကြသော ကိုအုန်းမြင့်တို့လူစုကို အတင်းဝင်တားလိုက်လေသည်။ ထို့နောက် လူရွယ်က...



www.burmeseclassic.com

www.burmeseclassic.com



"မလန့်ကြပါနဲ့၊ ခင်ဗျားတို့ကို သူဘာမှမလုပ်စေရပါဘူး၊ ကျုပ်တာဝန်ယူပါတယ်"

ဟုဆိုကာ အနားသို့ရောက်လာသော စွယ်နီဆင်ရိုင်းကြီး၏ နှာမောင်းကို ပွတ်သပ်ပေးလေသည်။ ထို့နောက် ဆင်ကြီးကြားနိုင်အောင် နားရွက်အောက်သို့ တိုးဝင်ကပ်သွားပြီး…

"ဒီလူတွေဆီမှာ အပြစ်ရှိရင် ခွင့်လွှတ်ပါ၊ အမှားတစ်စုံတရာရှိရင်လည်း ကျေအေးပေးပါ"

ထိုစကားကြောင့် ကိုအုန်းမြင့်တို့လူစုမှာ ဆင်ရိုင်းကြီးကို မဝံ့မရဲနှင့် ကြည့်နေကြရာမှ ထိုလူရှုယ်ကို နားမလည်နိုင်အောင် ဖြစ်သွားကြသည်။ ထိုလူရှုယ်ကလည်း ကိုအုန်းမြင့်တို့ဘက်သို့လှည့်ကာ…

"ဒီကနောင်ကြီးတို့လည်း သူ့ကို မပစ်ခတ်ကြဖို့ ကျုပ်ထပ်ပြီး တောင်းဆိုချင်ပါတယ်"

ထိုအချိန်မှာပင် စွယ်နီဆင်ရိုင်းကြီးမှာ လူရှုယ်၏စကားကို နားလည်သလိုနှင့် နောက်သို့တဖြည်းဖြည်း ပြန်ဆုတ်သွားကာ တောကြီးအတွင်းသို့ ပြန်ဝင်သွားလေတော့သည်။ ကိုအုန်းမြင့်တို့လူစုမှာလည်း သူတို့မျက်လုံးများကိုပင် သူတို့မယုံကြည်နိုင်လောက်အောင် ဖြစ်သွားကြကာ မှင်သက်ငေးကြောင်နေမိကြလေသည်။

အချိန့်မတော် တောကြီးမျက်မည်းထဲတွင် တွေ့လိုက်ရသော လူထူးလူဆန်းတစ်ဦးကြောင့် အလိုလို သံသယမကင်းဘဲ ကြောက်လန့်နေသည့် သာဓိမှာ မျက်နှာက ဖီးရွက်လောက်သာ ရှိတော့သည်။ ကိုအုန်းမြင့်က…

"ဒါနဲ့ နေစမ်းပါအုံး၊ ခင်ဗျားက ဒီဆင်ရိုင်းကြီးကို အမိန့်



www.burmeseclassic.com

www.burmeseclassic.com



ပေးခိုင်းစေနိုင်လောက်အောင် စွမ်းလှချေလား၊ မဟုတ်မှလွဲရော ခင်ဗျား ဆီမှာ မိုးကြိုးသွားတွေ ဘာတွေများ ရှိနေလို့လား"

ကိုအုန်းမြင့်မှာ သူကြားဖူးနား၀ ရှိထားသော မရေမရာ မေးခွန်းများနှင့်အတူ လူရွယ်အနားသို့ တိုးကပ်သွားပြီး မေးမြန်းလိုက်၏။ ထိုအခါမှ ဂေါ်ရခါးနှစ်ယောက်နှင့် သာဗံတို့မှာလည်း အရိုင်းအစိုင်းစိတ်ဝင်နေပြီး ထူးထူးဆန်းဆန်းဖြစ်နေသည့် စွယ်နီဆင်ရိုင်းကြီးကို ကျောသပ်ရင်သပ်နှင့် ခိုင်းစေညွှန်ကြားလိုက်သော ရှမ်းဘောင်းဘီဝတ် လူရွယ်ကို ပိုပြီးစိတ်ဝင်စားသွားကြ၏။

ထိုလူရွယ်မှာ ကိုအုန်းမြင့်၏ အမေးစကားကြောင့် တစ်ချက်ပြုံးရောင်သန်းပြလိုက်ရင်း...

"မဟုတ်ပါဘူး နောင်ကြီး၊ ကျုပ်အခုလို ဆင်တွေကို စိတ်ထဲရှိရာ လိုသလို ခိုင်းစေနိုင်တာဟာ ဟောဒီက ဆင်အံလက်စွပ်လေးကြောင့်ပါပဲ"

"ဟင်"

"ဘယ်လို...ဆင်အံလက်စွပ်ကြောင့်ဟုတ်လား"

"ထူးဆန်းလှချေလားဗျာ"

အားလုံးက လူရွယ်မြှောက်ပြနေသောလက်မှ ငွေနှင့်ကွပ်ထားသော ဆင်အံလက်စွပ်ကို စိုက်ကြည့်လိုက်ကြပြီး အသက်မဲ့သူတွေလို အံ့သြမင်သက်မိသွားကြ၏။

"ဟုတ်တယ် ကိုယ့်လူတို့၊ ဒီလက်စွပ်ဟာ နယ်ရရ လက်စွပ်တော့မဟုတ်ဘူး၊ ကျုပ်အဘိုးလက်ထက်ကတည်းက ဒီရိုးမ



www.burmeseclassic.com

www.burmeseclassic.com



ဘောကြီးထဲမှာ ရှိတဲ့ ဆင်သရိုင်းလိုလို ဂူပျက်ကြီးတစ်ခုက ရလာတဲ့ ဆင်အံလက်စွပ်ပဲ"

"ဘာ…ဆင်…ဆင်သရိုင်းဟုတ်လား"

ကိုအုန်းမြင့်၏ အမေးစကားကြောင့် ရှမ်းဘောင်းဘီဝတ်လူရွယ်မှာ…

"ဟုတ်တယ်၊ အဲဒီတုန်းက ကျုပ်အဘိုးက တောလည်ထွက်ရင်း ဆင်ကြီးတစ်ကောင်နောက်ကို လိုက်ရာကနေ မျက်စိလည်လမ်းမှားပြီး ဆင်သရိုင်းလို ဂူပျက်ကြီးတစ်ခုအနားကို ရောက်သွားတယ်။ အဲဒီနေရာမှာပင် မြုန်းဆို ဂူပျက်ထဲကနေ ရသေ့တစ်ပါးနဲ့ မိန်းကလေးတစ်ယောက်ထွက်လာပြီး ဆင်ကိုမပစ်ခတ်ဖို့ပြောတယ်၊ ပြီးတော့ ရသေ့ကြီးက ကျုပ်အဘိုးကို အဲဒီဂူပျက်ကြီးကို ပြန်ပြုပြင်ပြီး ဟောဒီဆင်အံလက်စွပ်ကို ဌာပနာလုပ်ဖို့ တာဝန်ပေးတယ်ဆိုပါတော့ဗျာ၊ ဒီလိုနဲ့ ကျုပ်အဘိုးလည်း ဒီဆင်အံလက်စွပ်ကို လောလောဆယ်ယူထားပြီး ထိန်းသိမ်းပေးထားခဲ့တာပေါ့။ ဒီဆင်အံလက်စွပ်ပိုင်ရှင်ကလည်း ရသေ့ကြီးဘေးမှာ ရပ်နေတဲ့ မိန်းကလေးဆိုပဲ။ သူ့နာမည်က မနန်းပုံတဲ့။ မိန်းကလေးက စကားမပြောတတ်ဘူးဗျ၊ ဒါနဲ့ ကျုပ်အဘိုးလည်း ဆင်တွေကို ဒုက္ခမပေးပါဘူးလို့ ကတိပေးပြီး ဆင်အံလက်စွပ်ကို ယူလာခဲ့တာ"

"ဒါနဲ့ နေပါအုံးဗျ၊ အဲဒီဆင်အံလက်စွပ်က ဌာပနာရလောက်အောင် ဘယ်လောက်တန်ဘိုးကြီးပြီး အစွမ်းထက်နေလို့လဲ"

ကိုအုန်းမြင့်၏ဘေးမှ ဆင်းဗဟာဒူးမှာ ထိုလူရွယ်၏လက်မှ ဆင်အံလက်စွပ်ကိုကြည့်ရင်း လှမ်းမေးလိုက်ပြန်သည်။ ထိုအခါမှ ရှမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီဝတ်လူရွယ်က…

“တန်ဘိုးကြီးပါပြီလား ကိုယ့်လူရယ်၊ ဒီဆင်အံလက်စွပ်ဟာ ဘယ်လောက်အရိုင်းစိတ်ဝင်ပြီး ခက်ထန်ကြမ်းတမ်းနေတဲ့ ဆင်ရိုင်းကိုမဆို သာယာပျော့ပြောင်းသွားအောင် အမျိုးမျိုးနိုင်းစေလို့ရတယ်၊ ဒါ့အပြင် တခြားသမိုင်းဝင် ဂမ္ဘီရရှေးဟောင်း အမွေအနှစ်တစ်ခု ဖြစ်ချင်လည်းဖြစ်နေမှာပေါ့”

ထိုအခါမှ ကိုအု[illegible] ခေါင်းကို ဖြည်းဖြည်းချင်း ညိမ့်ကာ…

“ဩော်…ဒီလိုကိုး၊ ကျုပ်တို့ စောစောက ခင်ဗျားအပေါ်မှာ စိတ်လွတ်ကိုယ်လွတ် ပြောလိုက်မိတာကို တောင်းပန်ပါတယ်ဗျာ၊ နောက်ပြီး ခင်ဗျားကိုကြည့်ရတာ သတ္တဝါတွေအပေါ် မေတ္တာစိတ်ကြီးကြီးမားမားလည်း ထားပုံရရဲ့”

“ဟုတ်ပ ကိုအုန်းမြင့်ရယ်၊ ကျုပ်တို့လည်း စောစောက ဒီကဆရာ ဆင်ကြီးကို ကြင်ကြင်နာနာနဲ့ ပွတ်သပ်ပေးနေတာတွေ့တော့ ဒီလူဟာ သာမန်လူတစ်ယောက် မဟုတ်နိုင်ဘူးဆိုတာ သိလိုက်မိတာပဲဗျို့”

ကိုအုန်းမြင့်ဘေးမှ ဆင်းဗဟာဒူးကပါ ကိုအုန်းမြင့်၏စကားကို ထောက်ခံသလိုနှင့် ထိုလူရွယ်ကို ချီးမွမ်းပြောဆိုလိုက်လေသည်။ ထို့နောက် ဆင်းဗဟာဒူးက…

“ဒီက ဆရာရဲ့လက်စွပ်ကို ကျုပ်သေသေချာချာ ကြည့်ခွင့်မရနိုင်ဘူးလားခင်ဗျာ”

ဟု ပြောလိုက်လေရာ ထိုလူရွယ်မှာလည်း သူ့လက်သူကြွယ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝတ်ဆင်ထားသော ဆင်အံလက်စွပ်ကို ချွတ်ပြီးပြလိုက်လေသည်။ တစ်ချိန်တည်းမှာပဲ ကိုအုန်းမြင့်သေးမှ ဆင်းဗဟာဒူးမှာ ဆင်အံလက်စွပ်ကို ကြည့်နေရာမှ…

"ဒီလောက် တန်ဘိုးကြီးပြီး အစွမ်းထက်တယ်ဆိုတဲ့ ဆင်အံလက်စွပ်ဟာ တို့ဝန်ထောက်မင်း လိုချင်နေတဲ့ ဆင်စွယ်ထက်တောင် ပိုပြီးတန်ကြေးရှိမယ်ထင်တာပဲ၊ မဟုတ်ဘူးလား ဥတ်ပဒါးရဲ့၊ ပြီးတော့လည်း ဒီဆင်အံလက်စွပ် ရှိနေပြီဆိုမှဖြင့်…ဟဲ…ဟဲ…ဟဲ"

ဟုဆိုကာ ဆင်းဥတ်ပဒါးဘက်သို့ မျက်ရိပ်မျက်ကဲ လှမ်းပြလိုက်လေသည်။ ရှမ်းဘောင်းဘီဝတ် လူရွှယ်မှာလည်း ထိုအခါမှ အခြေအနေကို ရိပ်မိသွားကာ…

"ဒီ…ဒီမှာ…ခင်…ခင်ဗျားတို့ ကျုပ်လက်စွပ်ကို မတရားယူ…"

စကားမဆုံးခင်မှာပင် ဆင်းဥတ်ပဒါးမှာ လက်ထဲမှသေနတ်ကို လူရွှယ်ဘက်သို့လှည့်ပြီး မောင်းဖြုတ်ချလိုက်လေသည်။

"ဒိန်း"

"အား…"

ဟူသော အော်သံကြီးနှင့်အတူ လူရွှယ်မှာ နောက်သို့ပက်လက်လဲကျသွား၏။ ကိုအုန်းမြင့်နှင့်သာဖဲတို့နှစ်ယောက်မှာလည်း မထင်မှတ်ထားသော အဖြစ်အပျက်ကြောင့်…

"ဟာ…"

"ဟင်…ဘယ့်နှယ့်လုပ်လိုက်တာလဲ"

လူရွှယ်မှာ သေနတ်ဒဏ်ရာကြောင့် နောက်သို့ပက်လက်လန်



www.burmeseclassic.com

www.burmeseclassic.com



ပြီး လဲကျသွားသော်လည်း သူ့ကိုယ်သူ သတိရှိပြန်ဖြင့် ကညင်ပင်ကြီး အနီးသို့ ဒရွတ်တိုက်ပြေးကပ်လိုက်ပြီး မလှမ်းမကမ်းမှ သူ့မြင်းနက်ကြီး၏ ကျောပေါ်သို့ သွေးစက်လက်ဖြင့် လွှဲခိုကာ ကုတ်ခြစ်ပြီး တက်လိုက်၏။ လူရွယ်မြင်းပေါ်သို့ ရောက်သည်နှင့် မြင်းနက်ကြီးမှာ သခင့်အလိုကျ ခုန်းစိုင်းပြီး ပြေးလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

ကိုအုန်းမြင့်၊ သာစံနှင့် ဂေါ်ရခါးစစ်ပုလိပ်နှစ်ယောက်တို့မှာ နောက်တစ်နေ့ညနေ နေဝင်ရီတရောအချိန်မှ ဖဒိုရွာသို့ ပြန်ရောက်လာကြသည်။ ဖဒိုရွာသို့ ခြေချလိုက်မိသည်နှင့် ဆင်ပိုင်းမှ ဆင်လုပ်သားများ၊ ဆင်ဦးစီးများနှင့် ကလေးလူကြီးများပါမကျန် ကိုအုန်းမြင့်တို့ကို သတင်းမေးရောက်လာကြလေသည်။ သူတို့လေးယောက်စလုံးမှာလည်း ဖဒိုရွာသို့ ပြန်မရောက်မီကတည်းက ဆင်အံ့လက်စွပ်ကို ရလာပုံနှင့် ရှမ်းဘောင်းဘီဝတ်လူရွယ်ကို သေနတ်နှင့်ပစ်သတ်လိုက်ပုံတို့ကို မပြောမိကြရန် ကြိုတင်ပြီး နှုတ်ပိတ်ထားကြလေသည်။

ဆင်အံ့လက်စွပ်ကို ဝတ်ဆင်ထားသော ဆင်းဗဟာဒူးမှာလည်း ကိုအုန်းမြင့်တို့ ပစ်ခတ်သတ်ဖြတ်ချင်နေသည့် စွယ်နီဆင်ရိုင်းကြီးကို မကြာမီရက်အတောအတွင်း ပစ်ခတ်ပေးနိုင်မည်ဖြစ်ကြောင်း ကိုအုန်းမြင့်ကို အပြန်လမ်းတစ်လျှောက်လုံး ကတိစကားများ ပြောဆိုလာခဲ့လေသည်။

ထိုနေ့ ညဦးပိုင်းတွင် ကိုအုန်းမြင့်တို့အိမ်၌ လူကြီးရောလူငယ်ရောမကျန် ဆင်ရိုင်းကြီးကို ပစ်ခတ်ကြပုံတို့ကို စိတ်ပါဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ရွာ လာရှားဘောင်ကြသည်။ ထိုအထဲမှ ဆင်ခေါင်းဦးသာဒွန်းက…

"မင်းတို့က ငါ့အတန်တန်ပြောတဲ့ စကားကိုမှ အလေးမထား ကြဘူး၊ အခုတော့ အသက်မသေဘဲ ပြန်ရောက်ကြတာပဲ ကံကောင်း တယ်မှတ်"

ထိုအချိန်မှာပင် ကိုအုန်းမြင့်က အရက်ခွက်ထဲမှ အရက်တစ်ငုံ ကို မော့သောက်လိုက်ရင်း…

"ဒီမှာ ဘထွေးသာဒွန်း…၊ ကျုပ်ဆိုတဲ့ကောင်က အသက်သာ သေချင်သေသွားစမ်းပါစေ၊ အဲဒီ စွယ်နီကြီးကိုတော့ ကမ္ဘာမကျေပဲဗျို့"

ထိုစကားနှင့်အတူ တစ်ဝိုင်းတည်းဝိုင်းဖွဲ့ကာ အရက်သောက် နေကြသော ဆင်းဗဟာဒူးနှင့် ဆင်းဥတ်ပဒါးတို့၏ မျက်နှာများကိုလည်း တစ်ချက်လှမ်းကြည့်လိုက်၏။ ထိုသူတွေမှာလည်း ကိုအုန်းမြင့်၏ စကားတွေကို ထောက်ခံသလိုနှင့် ခေါင်းကိုသာ တွင်တွင်ကြီးငြိမ့် နေကြသည်။

ကိုအုန်းမြင့်ဘေးမှ ဆင်းဗဟာဒူးမှာ ရေနံဆီမီးခွက်အရောင် အောက်တွင် ဆင်အံလက်စွပ်ကို ဝတ်ဆင်ထားသည့် သူ၏လက်အား ကြောခံထောဆိုသလို မြှောက်မြှောက်ပြီးကြည့်ကာ သဘောကျနေလေ သည်။

အချိန်တွေကြာလာသည်နှင့်အမျှ ကိုအုန်းမြင့်တို့မှာ အတော် အလေးပင် မူးနေကြပြီဖြစ်ရာ ရွာထဲမှ သတင်းမေးရောက်လာကြသူ တွေ အလျှိုလျှိုပြန်ကုန်ကြလေသည်။ ကိုအုန်းမြင့်၏ညီ သာခံထဘော ကြီးအတွင်းမှ ပြန်ရောက်လာကတည်းက မကြုံစဖူး ထူးထူး ဆန်းဆန်း အဖြစ်တွေကြောင့် တွေတွေငိုင်ငိုင်ကြီးပင်ဖြစ်နေရာ အရက်

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းတွင် ဘာစကားတစ်ခွန်းမှ ဝင်ပြီးမပြောတော့ဘဲ အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေလေသည်။

ပြီးတော့ ဘတွေးသာခွန်း ပြောပြသည့် ဖွယ်နီဆင်ရိုင်းကြီးမှာ သာမန်ဆင်တစ်ကောင် မဟုတ်မှန်းလည်း သူကိုယ်တိုင်ပင် အထင် အရှား တွေ့မြင်လာခဲ့သည်ဖြစ်ရာ အရာရာက သူ့အတွက် ခြောက်ခြား စရာတွေ ဖြစ်နေလေသည်။ ဒီကြားထဲ သေနတ်နှင့်ပစ်သတ်ပြီး လုယူ ထားလိုက်သည့် ဆင်အံလက်စွပ်ကလည်း ဘယ်လိုလက်စွပ်မှန်း ဂဃနဏ ပင် မသိရဘဲ သူတို့အားလုံးအတွက် ရှေ့လျှောက်ဒုက္ခရောက်လာနိုင်သည့် အဖြစ်တွေကို တွေးရင်းကြောက်လန့်နေမိ၏။

ထိုအချိန်မှာပင် ကိုအုန်းမြင့်နှင့် ဂေါ်ရခါးစစ်ပုလိပ်နှစ်ယောက် တို့မှာ အရက်ခွက်များကို မြှောက်ကိုင်လိုက်ကြရင်း ဟေးကနဲ ဝါးကနဲ ပွဲကျလျှက်ရှိနေလေသည်။

"ဒီမှာ ကိုအုန်းမြင့်၊ ခင်ဗျား သတ်ချင်နေတဲ့ ဖွယ်နီဆင်ရိုင်း ကြီးဟာ မနက်ဖြန်၊ ဒါမှမဟုတ် သန်ဘက်ခါတော့ ကိစ္စတုံးပြီလို့သာ သဘောထားလိုက်တော့ဗျို့၊ ဟောဒီက ကျုပ်ရိုင်ဖယ်ကြီးနဲ့ ဟောဒီက ဆင်အံလက်စွပ်က ခင်ဗျားဖြစ်စေချင်တဲ့အတိုင်း လုပ်ပေးကြလိမ့်မယ်၊ ဟဲ...ဟဲ...ဟဲ"

"ဟုတ်မှလည်းလုပ် ကိုယ့်ဆရာရေ၊ တော်ကြာ ဆင်အံ လက်စွပ်ဝတ်ပြီးပစ်ကာမှ ကျည်ဆံက ကျုပ်တို့ဘက် ပြန်လှည့်ပြီး ဘုံး မယ်ဗျို့...ဟား...ဟား...ဟား"

တစ်ယောက်တစ်ပေါက် ရယ်မောပြောဆိုနေသည့် စကား တွေက ကိုအုန်းမြင့်၏ တဲတစ်ခုလုံး ကျွတ်ကျွတ်ညံနေ၍ တသိမ့်သိမ့်

www.burmeseclassic.com



ပင် လှုပ်ခါနေလေသည်။ သူတို့ပါးစပ်မှ မွှးမွှးရှူးရှူးနှင့် ဆင်ရိုင်းကြီးကို ပြောဆိုကြိမ်းမောင်းနေသည့် စကားတွေက ဘေးမှနှုတ်ဆိတ်ပြီး နားထောင်နေသည့် သာဓံအဖို့ ကြက်သီးဖျန်းဖျန်းထအောင်ပင် စိုးရိမ်ထိတ်လန့်နေမိသည်။

ခဏအကြာ သာဓံက အပေါ်သွားရန် ကိုအုန်းမြင့်တို့တဲအနောက်ဘက်ဆီသို့ တစ်ယောက်တည်း ထွက်လာခဲ့၏။ အနောက်ဘက် ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း လဆုတ်ရက်ဖြစ်သဖြင့် ကြယ်ရောင်နှင့်သာ လင်းနေလေသည်။

ထိုအချိန်မှာပင် သာဓံ၏ မကျည်းပင်အုပ်များကြားမှ မဲမဲသဏ္ဌာန်ကြီးတစ်ခုကို ဘွားကနဲတွေ့လိုက်ရပေသည်။

"ဟင်"

အရက်၏အရှိန်ကြောင့် ဝေဝေဝါဝါဖြစ်နေသော မျက်လုံးတွေကို ကမန်းကတန်းနှင့် ပွတ်သပ်ပြီးကြည့်လိုက်သောအခါ ဘယ်လိုမှ ထင်မထားသည့် မြင်ကွင်းကြောင့် ထိုနေရာမှာပင် နှလုံးအိမ်ကို ဆောင့်အဆွဲခံလိုက်ရသလို ဖြစ်သွားပြီး အာခေါင်ကိုခြစ်ကာ ကုန်းအော်လိုက်မိသည်။

"အား…စွယ်…စွယ်နီ ဆင်ရိုင်းကြီး"

ထိုအသံက အပြင်သို့ထွက်မလာ၊ လည်ချောင်းထဲမှာ တစ်ဆို့နေ၏။ တစ်ချိန်တည်းမှာပဲ ခြေဖျားလက်ဖျားတွေက အေးစက်ထုံကျင်သွားကာ နောက်သို့လှည့်ပြေးလေတော့သည်။

"အား…လာ…လာကြပါအုံး၊ ဒီမှာ…ဆင်…ဆင်ရိုင်းကြီး"

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ခုလုံးမှာ သာဓံ၏ အသံ

www.burmeseclassic.com



ပျက်မတတ် အော်လိုက်သံကြီးကြောင့် တစ်ရွာလုံး လှုပ်နိုးလိုက်သလို ရှုန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်ကြသည်။ ထိုအချိန်မှာပင် စောစောက တဲပေါ်မှာ အရက်ဝိုင်းဖွဲ့သောက်နေကြသော ကိုအုန်းမြင့်နှင့် ဂေါ်ရခါး နှစ်ယောက်တို့မှာလည်း သေနတ်ကိုယ်စီဆွဲလျက် ပြေးထွက်လာကြ၏။

"လုပ်…လုပ်ကြပါအုံး…အား"

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရင်ပြီး ပြေးဝင်လာသည့် သာခံကို ကိုအုန်းမြင့်က ရှေ့မှဆီးဖမ်းထားလိုက်ပြီး…

"ဘယ်…ဘယ်မှာလဲ…ဘယ်မှာလဲ စွယ်နီဆင်ရိုင်းကြီး"

"ပြေး…ပြေး…နောက်မှာ…နောက်မှာလိုက်လာနေပြီဗျ"

သာခံ၏ ဗလုံးဗထွေးလေသံတွေကြောင့် ကိုအုန်းမြင့်ကော ဂေါ်ရခါးနှစ်ယောက်ပါ သာခံ၏နောက်ဘက်ဆီသို့ လှမ်းကြည့်လိုက် ကြ၏။ ဆင်းဗဟာဒူးနှင့် ဆင်းဂွတ်ပဒါးတို့နှစ်ယောက်မှာလည်း သေနတ် တွေကို ကျည်အသင့်ထိုးကာ ချက်ချင်းပင် အကာအကွယ်ယူထားလိုက် ကြ၏။

ဖဒိုဆင်စခန်းတစ်ခုလုံးမှာ ယောကျ်ားမိန်းမတွေပါမကျန် မီးတုတ်များ၊ ဓားများ လှံများကို ကိုင်ဆောင်ထားကြလျက် ကိုအုန်းမြင့် တို့တဲရှေ့သို့ ဆူဆူညံညံ ရောက်ရှိလာကြသည်။ ထိုသူတွေမှာလည်း…

"ဘယ်မှာလဲ…ဟေ့"

"ဘယ်ဘက်ကို ပြေးသွားသလဲ"

"မလုပ်နဲ့…မလုပ်နဲ့၊ သံပုန်းတွေ တီးကြပါဟဲ့"

တစ်ယောက်တစ်ပေါက် ဝိုင်းအော်နေသည့် အသံတွေက ဖဒို တစ်ရွာလုံး အုံးအုံးကျက်ကျက် ဖြစ်နေကြသည်။ သို့သော် စွယ်နီ

www.burmeseclassic.com

www.burmeseclassic.com



၍

လေသံတွေဖြင့်…

"ဟုတ်တယ်ဗျ၊ သေချာတွေ့လိုက်တာ၊ ကျုပ်က မဟုတ်တဲ့ ဘယ်ပြောမလဲ၊ ဒီကောင်ကြီးက ဟောဟို မကျည်းပင်အုပ်နားကနေ ဒီဘက်ကို စိမ်းစိမ်းကြီးစိုက်ကြည့်နေရာကနေ ကျုပ်ကိုလည်းတွေ့ရော နောက်က ဒလမန်းကြမ်းထိုးလိုက်လာတော့တာပဲ"

သာစံပြန်ပြောပြနေသည့် စကားတွေက ဘာတစ်ခုမှ ပြေပြေ မြစ်မြစ် မရှိသဖြင့် အားလုံးကဝိုင်းပြီး အပြစ်တင်ကြပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့ကလည်း သာခံတစ်ယောက် တောထဲမှပြန်လာပြီး စိတ်ဂယောင် ခြောက်ခြားတွေ ဖြစ်နေသည်လား၊ ဒါမှမဟုတ် အပတွေဘာတွေပဲ မှီလာခဲ့သည်လားဟုပင် ထင်မိကြလေသည်။

ထိုလူအုပ်ထဲမှ ဆင်းဇဟာဒူးနှင့် ဆင်းဂွတ်ပဒါးတို့နှစ်ယောက် မှာလည်း...

"တောက်...မနက်ဖြန်မနက်ကျရင်တော့ ဒီကောင်ကြီး ကျုပ်တို့အကြောင်းကို သိစေရမှာပေါ့"

ဟု ကြိမ်းမောင်းပြောဆိုနေလေရာ သာခံ၏စိတ်ထဲတွင် ထို ဆင်ရိုင်းကြီးကို သတ်ဖြတ်မည်ဟု ကြိမ်းမောင်းပြောဆိုလိုက်မိပါက အမှန်တကယ်ပင် အနားသို့ရောက်လာတတ်သည်ဟူသော ကြားဖူးနားဝ စကားတွေကြောင့် ပိုပြီးသွေးပျက်နေမိလေသည်။

ထိုနေ့ညတစ်ညလုံးမှာ သာခံတစ်ယောက် ဘယ်လိုမှအိပ် မပျော်နိုင်ဘဲ ပါးစပ်က ကယောင်ကတမ်းတွေနှင့် အော်ဟစ်နေကာ ကိုယ်တွေက ခြစ်ခြစ်တောက်အောင်ပူလာပြီး အပြင်းဖျားလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

နောက်တစ်နေ့မနက် ရိုးမတောကြီးထဲသို့ ဆင်ပစ်သွားကြသောအခါ သာဖိုးတစ်ယောက် မပါနိုင်တော့။ ကိုအုန်းမြင့်နှင့် ဂေါ်ရခါး နှစ်ယောက်တို့သာ ဆင်ရိုင်းကို ဘယ်ပုံဘယ်နည်း ပစ်ခတ်ကြမည်ဆိုသည်ကို တိုင်ပင်ပြောဆိုရင်း ထွက်ခွာလာကြသည်။

သူတို့သုံးယောက်၏ ဦးတည်ချက်မှာကား ရိုးမတောကြီး၏ အရှေ့ဘက်မှ ထူထပ်စွာပေါက်နေသည့် ဝါးတောကြီးရှိရာဆီသို့ပင် ဖြစ်သည်။ ထိုဝါးတောကြီးမှာ တောင်ကမ်းပါးရံ မြင့်မြင့်ကြီးနှစ်ဖက် ကြားတွင် ရှိနေပြီး ကျဉ်းမြောင်းသော လျှိုမြောင်ကြီးလည်း ဖြစ်နေသည်။

ကိုအုန်းမြင့်တို့ ရွေးချယ်ထားသည့် ထိုလျှိုမြောင်ကြီးမှာ ကျောက်တုံးကျောက်ခဲများ ပေါများရာဖြစ်သော်လည်း မတ်စောက် စောက်ဖြစ်နေသော တောင်ကြောကြီးပေါ်မှ ဆင်ရိုင်းကို စိတ်ကြိုက် ပစ်ခတ်နိုင်သော နေရာဖြစ်သည်။ ဂေါ်ရခါးနှစ်ယောက်မှာလည်း ဒီ တစ်ကြိမ်တော့ သူတို့လိုချင်နေသည့် စွယ်နီဆင်ရိုင်းကြီး၏ အစွယ် နှစ်ချောင်းကို ကျိန်းသေရရမည်ဟု သဘောထားလျှက် ဓားနှင့်





www.burmeseclassic.com

www.burmeseclassic.com



"ဗျို့…ကိုအုန်းမြင့် ကျုပ်တို့ ဒီနေရာကပဲ ဟိုကောင်ကြီးကို မျှားခေါ်ရင် မကောင်းဘူးလား"

"မလုပ်နဲ့အုံး ဆရာရေ့၊ ဒီကောင်ကြီးက ဉာဏ်သိပ်များတာ၊ တော်ကြာ လက်မတင်အချိန်လေးကြမှ လွတ်ထွက်သွားရင် ကျုပ်တို့သုံးယောက်စလုံး သူ့သတ်ကွင်းထဲ ပြန်ဝင်သွားလိမ့်မယ်"

ကိုအုန်းမြင့်က ပြောလည်းပြော ဆင်ရိုင်းကြီးရောက်လာ

www.burmeseclassic.com



မည့်လမ်းကြောင်းနှင့် သတ်ကွင်းသတ်ကွက်နေရာကို အပေါ်စီးက ရှာဖွေကြည့်နေမိသည်။

လှိုင်ကြီးအတွင်း တဖြည်းဖြည်း နိမ့်ဆင်းလာသည်နှင့် အအေး ဓာတ်က သိသိသာသာကြီး ပိုလာသည်။ တောင်စောင်းတစ်လျှောက် ပေါက်နေသည့် သစ်ပင်မြင့်မြင့်ကြီးများမှာလည်း တစ်ပင်နှင့်တစ်ပင် ရောယှက်နေကာ နွယ်ကြိုးကြီးများက လှိုင်၏အောက်ခြေသို့တိုင် ဖားလျားကျနေကြသည်။ တစ်ခါတစ်ခါ ကိုအုန်းမြင့်တို့ သုံးယောက် သားမှာ ထိုနွယ်ကြိုးနွယ်မျှင်များကို ဟီးလေးခိုလျက် အောက်ခြေသို့ လျှောဆင်းသွားကြရာ မကြာမီမှာပင် နေရောင်နေပျောက်တွေ ခစ်ကျဲ ကျဲဖြာကျနေသည့် လှိုင်ကြီး၏ အခင်းကြမ်းပြင်မှ မြေသားပြောင်ပြောင် နှင့် အလွန်ပင်နီးကပ်လာပြီဖြစ်သည်။

"ကွဲ…ကွီး…ကွီး…"

ထိုနေရာသို့ရောက်ကာမှ မျောက်ညိုတစ်အုပ်က သစ်ပင် မြင့်မြင့်ကြီးတွေပေါ်မှ ဆူဆူညံညံအော်လိုက်ကြပြန်သည်။ ချက်ချင်း ပင် ဆင်းဗဟာဒူးမှာ သူ့လည်ပင်းတွင် ချိတ်ဆွဲထားသော မှန်ပြောင်း ကိုဖြုတ်ကာ လှိုင်ကြီးအတွင်း ဟိုဟိုဒီဒီကို အကဲခတ်ရင်း ကြည့်နေ၏။ ကိုအုန်းမြင့်မှာ သူ့ဖျင်ကြမ်းလွယ်အိတ်ကြီးထဲမှ သနပ်ဖက်ဆေးပေါ့လိပ် ကိုထုတ်ကာ တစ်ဖွာနှစ်ဖွာ ရှိုက်ဖွာလိုက်ရင်း အမောဖြေနေလေသည်။ ထို့နောက် ဆင်းဗဟာဒူးက သူမြင်နေရသည့် မြင်ကွင်းကို ကျေနပ် သလိုနှင့်…

"ကဲ…ကိုအုန်းမြင့်ရေ၊ ဒီနေရာကခို ဟိုကောင်ကြီးကို စောင်းကောင်းပစ်လို့ပြီဗျ။ အခြေအနေ မကောင်းတောင်မှ ဒီနေရာက



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့အတွက် ဆုတ်သာတက်သာရှိတဲ့ နေရာပဲ"

"ကောင်းသားပဲ"

ကိုအုန်းမြင့်မှာ သောက်လက်စ သနပ်ဖက်ဆေးပေါ့လိပ်ကို မီးသတ်လိုက်ပြီး ဝါးဆစ်ပိတ်ဘူးလေးထဲသို့ ပြန်ထည့်ကာ ဂေါ်ရခါး ညွှန်ပြနေသည့်နေရာကို လှမ်းကြည့်လိုက်သည်။

ထိုနေရာမှာ သူတို့နှင့် ကိုက်နှစ်ဆယ်သာသာလောက် ဝေးသည့် နေရာဖြစ်ပြီး အပေါ်စီးက ဖြစ်နေ၍လည်း မြင်ကွင်းအားလုံးက ရှင်းရှင်းလင်းလင်းပင် ဖြစ်နေသည်။ လျှိုကြီးမှာ ကျဉ်းမြောင်းသည်ဟု ဆိုသော်လည်း အောက်ခြေတစ်ဝိုက်လုံးမှာ တလင်းပြင်တစ်ခုလို ပြောင်ရှင်းနေပြီး ညီညာနေ၏။

မကြာမီမှာပင် ဆင်အံလက်စွပ်ဝတ်ထားသော ဆင်းဗဟာဒူးက လက်စွပ်ကို ညင်သာစွာပွတ်သပ်ရင်း စွယ်နီဆင်ရိုင်းကြီးကို ခေါ်လေတော့သည်။ ကိုအုန်းမြင့်နှင့် ကျန်ဂေါ်ရခါးတစ်ယောက်မှာလည်း ဆင်အံလက်စွပ်၏ အစွမ်းကို မယုံရဲယုံရဲနှင့် ဖြစ်နေကြလေသည်။

"ဖြောင်း...ဂျွမ်း..."

လျှိုအစပ် သစ်အယ်ပင်တောတွေဆီမှ သစ်ကိုင်းတွေကို တဖြောင်းဖြောင်း နင်းလာသံတွေကို ကြားနေရပြီ။ သို့သော် အကောင်အထည်ကြီးကိုတော့ သူတို့မမြင်ရသေး။ ဂေါ်ရခါးနှစ်ယောက်မှာ အသက်ပင်မရှုနိုင်ကြဘဲ လျှိုကြီးအတွင်းမှ ကွင်းပြင်ကြီးကိုသာ သေနတ်တွေနှင့် အသင့်ချိန်ရွယ်ထားကြ၏။

ကိုအုန်းမြင့်မှာလည်း ဆင်ရိုင်းကြီး ဘယ်အချိန်တွင်တိုးပြီး ထွက်လာမလဲဆိုသည်ကိုသာ ရင်တထိတ်ထိတ်နှင့် စောင့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း…ရှဲ…ရှဲ…"

မကြာမီ သစ်ကိုင်းသစ်ခက်တွေ တရှဲရှဲ ယိမ်းလှုပ်သွားပြီး စွယ်နီဆင်ရိုင်းကြီး၏ ဦးကင်းမဲမဲကြီးကို ဘွားကနဲ လှမ်းတွေ့လိုက်ရသည်။ ထိုမြင်ကွင်းကို မြင်လိုက်သည်နှင့် ကိုအုန်းမြင့်က ဂေါ်ရခါးနှစ်ယောက်ကို သတိလှမ်းပေးလိုက်၏။ ဂေါ်ရခါးနှစ်ယောက်ဖွာလည်း ကိုအုန်းမြင့် သတိလှမ်းပေးလိုက်သည်ကို သိရှိဟန်ဖြင့် ခေါင်းကို အသာဆတ်ပြလိုက်ကြ၏။

ထိုအချိန်မှာပင် အစွယ်နီဆင်ရိုင်းကြီးမှာ သစ်အယ်တောထဲမှ တောတိုးပြီးထွက်လာလေသည်။ ဒီတစ်ခါ တောတိုးပြီးထွက်လာပုံက ညင်သာလွန်းပြီး နှာမောင်းကြီးကိုလည်း မြေပြင်ပေါ် စိုက်ချထားလျက် ဦးကင်းက ဘယ်ညာလှုပ်ရမ်းနေ၏။

သို့သော် ကြီးမားတုတ်ခိုင်သည့် ခြေလှမ်းတွေက မရဲတရဲနှင့် ဖြစ်နေလေသည်။

"လာ…လာစမ်း…လာစမ်း…ရှေ့ကိုတိုးခဲ့စမ်း"

ဂေါ်ရခါးတစ်ယောက်၏နှုတ်မှ အားမလိုအားမရနှင့် တိုးတိုးကြိတ်ပြီး ကြိမ်းဝါးနေ၏။ ထိုအချိန်အထိ သူတို့သုံးယောက်သားမှာ တုတ်တုတ်ပင်မလှုပ်မိကြဘဲ ဆင်ရိုင်းကြီးကို မမှိတ်မသုန် ချောင်းမြောင်းနေမိကြလေသည်။

တကယ်တမ်းတော့ ကိုအုန်းမြင့်တို့သုံးယောက်မှာ ဆင်အံ့လက်စွပ်၏ အစွမ်းကြောင့် စွယ်နီဆင်ရိုင်းကြီး ရောက်လာခဲ့ပြီဖြစ်သော်လည်း သူတို့ချိန်ရွယ်ထားသည့် သေနတ်တွေက အရင်တစ်ခါလိုပဲ ညည်မထွက်ဘဲ ဖြစ်နေကြမည်ကို ရင်တထိတ်ထိတ်နှင့် ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ဆင်ရိုင်းကြီး၏ ရှေ့လက်နှစ်ချောင်းက တလင်းပြင်ကျယ်ကြီးအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် သေနတ် မောင်းခလုတ်တွေကို ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆွဲဖြုတ်လိုက်ကြ ရာ…

"ဒိန်း…"

"ဒိန်း…"

ဟူသော ကျယ်ကျယ်လောင်လောင် သေနတ်သံကြီးနှစ်ချက် ကို နားကွဲလုမတတ် ကြားလိုက်ရလေတော့သည်။ လျှိုကြီးအတွင်း ဖြစ်နေသဖြင့် သူတို့ထံမှ ယမ်းပေါက်ကွဲသံကြီးက တစ်တောလုံးပွဲတင် ထပ်သွားသည်မှာ သေနတ်သံဟုပင် ပြောရခက်လောက်အောင် ပြင်းထန် ကျယ်လောင်သွား၏။ ထိုအသံတွေနှင့်အတူ ဆင်ရိုင်းကြီး၏ နာနာ ကျင်ကျင် အော်လိုက်သည့်အသံကြီးကလည်း တစ်တောလုံးတစ်တောင် လုံး ကျွတ်ကျွတ်ပင်ညံနေတော့သည်။

"ဝူး…ဟူး…ဟူး…"

"ဝေါင်း…"

ထိုသေနတ်သံ မတိတ်ခင်မှာပင် စွယ်နီဆင်ရိုင်းကြီးမှာ အရုပ် ကြိုးပြတ် ဗုန်းကနဲလဲကျသွားတော့၏။

"ဝေး…"

"ဟေး…"

"ကဲ…ဘယ့်နှယ်ရှိစ၊ ဘယ်လောက်စွမ်းပါတယ်ဆိုတဲ့ ဆင်ရိုင်းကြီး အခုဘာများတတ်နိုင်သေးလဲကွ…ဝေး"

ထိုသို့ ဝမ်းသာအားရနှင့် အော်ဟစ်ခုန်ပေါက်လိုက်ကြသော



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်သားမှာ လှိုဏ်ကြီး၏အောက်ခြေသို့ ဆင်းလိုက်ကြရန် ဟန်ပြင်လိုက်စဉ်မှာပင် စွယ်နီဆင်ရိုင်းကြီးမှာ အစွယ်များကို မြေပေါ်တွင်ထောက်ပြီး အားပြုလျက် ကုန်းထလာ၏။

"ဟင်"

ထိုမြင်ကွင်းကြောင့် သူတို့သုံးယောက်သားမှာ ချက်ချင်းပင် ပါးစပ်တွေအဟောင်းသား ဖြစ်ကုန်ကြသည်။ တစ်ချိန်တည်းမှာပဲ ထို ဆင်ရိုင်းကြီးအနီး ပတ်ဝန်းကျင်တစ်ခုလုံးကိုလည်း သူတို့သုံးယောက် ပြူးပြူးပျာပျာနဲ့ ကြည့်လိုက်မိကြသည်။ ထိုအချိန်ထိတော့ စွယ်နီ ဆင်ရိုင်းကြီးကို စောင့်ရှောက်နေကြသည်ဟူသော လူနီနီနှစ်ယောက်ကို အရိပ်အယောင်ပင် မတွေ့ရချေ။

ဆင်ရိုင်းကြီးမှာလည်း ဒေါသကြောင့် အနီးပတ်ဝန်းကျင်မှ သစ်ပင်ကြီးများကို အရှိန်ဖြင့် တဝုန်းဝုန်းပြေးဆောင့်၏၊ နှာမောင်းနှင့် ရိုက်လှဲ၏၊ အစွယ်နှင့်ပြေးထိုး၏။ ထိုအသံများက လှိုဏ်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်နေကာ တမြုန်းမြုန်းတအုံးအုံးနှင့် မြည်ဟီးနေတော့သည်။

ထိုသို့ အော်ရင်းဟစ်ရင်းနှင့် ဆင်ရိုင်းကြီးမှာ တလင်းပြင်ထဲ တွင် သုံးချောင်းထောက်ကြီးနှင့် လှည့်ပတ်နေကာ တံတောင်ဆစ်ဂွေး မှ သွေးများက ပွတ်နှင့်ပန်းသလို တဖျန်းဖျန်း ဖြာထွက်နေရာ မြေပြင် တွင် သွေးတွေက အကွက်လိုက် အိုင်ထွန်းနေတော့သည်။

ကိုအုန်းမြင့်တို့သုံးယောက်မှာလည်း ထိုအချိန်အထိ လှိုဏ်ကြီး၏ အောက်သို့မဆင်းရဲသေးဘဲ ဆင်ရိုင်းကြီး၏ အခြေအနေကိုသာ စောင့် ကြည့်နေကြလေသည်။

သိပ်မကြာလိုက်၊ ဆင်ရိုင်းကြီးမှာ တလင်းပြင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



တညီးညီးတညျညျနှင့် ဘိုင်းကနဲပစ်လဲသွားလေသည်။ ထိုအခါမှ ကိုအုန်းမြင့်နှင့် ဂေါ်ရခါးနှစ်ယောက်တို့မှာ ဒွယ်ကြိုးဒွယ်မျှင်များကို ဆွဲမိုလျက် လျှိုကြီးအတွင်းသို့ ဆင်းကြလေသည်။ လျှိုကြီး၏ အောက် ခြေသို့ရောက်သောအခါ သူတို့သုံးယောက်မှာ သွေးအိုင်ထဲတွင် ငြိမ် သက်သွားပြီဖြစ်သော ဆင်ရိုင်းကြီး၏ အခြေအနေကို တစေ့တစောင်း အကဲခတ်ရင်း အနားသို့ သတိနှင့်တိုးကပ်သွားကြ၏။

သူတို့သုံးယောက်နှင့် ဆင်ရိုင်းကြီး လေးငါးကိုက်အကွာသို့ ရောက်သောအခါ ဆင်းဂွတ်ပဒါးက ဆင်၏ဦးကင်းဆီသို့ သေနတ်နှင့် ချိန်ရွယ်ပြီး သေချာအောင် ထပ်ပစ်ချလိုက်ပြန်သည်။

"ဒိန်း..."

ဆင်ရိုင်းကြီးမှာ တုတ်တုတ်မျှမလှုပ်တော့ဘဲ လုံးဝငြိမ်ကျ သွားပြီး အသက်ပျောက်သွားတော့၏။ ထိုအခါမှ ကိုအုန်းမြင့်တို့ သုံးယောက်မှာ ဆင်ရိုင်းကြီးအနီးသို့ စိတ်ချလက်ချ တိုးကပ်သွားပြီး အဖျားနီနေသည့် အစွယ်ကြီးနှစ်ချောင်းကို ချွတ်ယူဖို့ ကြိုးစားကြလေ တော့သည်။

ဆင်ရိုင်းကြီး လဲကျသေဆုံးနေရာ မြေပြင်တစ်ခုလုံးမှာလည်း ဓါးသကြောင့် ဝုန်းဒိုင်းကျဲထားသည့်ခြေရာတွေနှင့် ကျိုးကြေနေသော သစ်ကိုင်းတွေက မွစာကျဲနေသည်။ စောစောက ဒဏ်ရာကြောင့် ပတ်ချာလှည့်နေသော နေရာတွင်ကား သွေးများက ပြွတ်နှင့်လှည့်ပြီး ပန်းထားသလို ဖျာရာခန့်သွေးကွက်ကြီးတွေ ဖြစ်နေ၏။

ထိုအချိန်မှာပင် ဂေါ်ရခါးနှစ်ယောက်က သေနတ်တွေကို ပခုံးပေါ်မှာ ချိတ်လွယ်လိုက်ကြပြီး ခါးကြားမှ ဓားရှောက်ကြီးများကို



www.burmeseclassic.com

www.burmeseclassic.com



ဓားအိမ်မှ ဆွဲချွတ်လိုက်ကြသည်။

"ကဲ...ကျုပ်တို့တော့ နယ်ပိုင်ကြီးလိုချင်တဲ့ အစွယ်နှစ်ချောင်းကို ဖြုတ်ယူတော့မယ်ဗျို့၊ ကိုအုန်းမြင့်လည်း ရွာကလူတွေခေါ်ပြီး ဆင်သားလေးဘာလေး ဖျက်ယူချင်ယူပေါ့"

ဟုဆိုကာ စွယ်နီဆင်ရိုင်းကြီး၏ အစွယ်ကို ဖြုတ်ယူဖို့ ကြိုးစားကြလေသည်။ စွယ်နီဆင်ရိုင်းကြီး၏ အစွယ်နှစ်ချောင်းမှာ သစ်ပင်မှ သစ်သားစတွေနှင့် မြေမှုန်မြေစတွေ ကပ်နေသဖြင့် အတော်လေးပင် ဖယ်ရှားနေရသည်။ ထို့နောက် ဂေါ်ရခါးနှစ်ယောက်မှာ ဓားကောက်ကြီးများနှင့် အစွယ်အရင်းရှိ သွားဖုံးများကို အရင်ဆုံး ရစ်လှီးလိုက်ကြသည်။ ထိုအသားစလန်နေသော နေရာမှ အသားစိုင်များကိုလည်း ဓားဦးထက်ထက်ဖြင့် ထိုးခွဲလိုက်ပြီး အစွယ်ရင်းကို နှံ့ကြည့်လိုက်ကြ၏။ ဆင်စွယ်မှာ ကြံ့ကြံ့ခိုင်ခိုင်ပင် ရှိနေသေးသည်။ ဆင်စွယ်၏ ဘေးပတ်ပတ်လည်မှ အသားစများကို လှီးပစ်သော်လည်း ဆင်စွယ်မှာ မနုံ့၊ အသားစိုင်များကို အရိုးပွတွေနှင့် ရစ်ပတ်ထားသည်ကို တွေ့ရပြန်သည်။

ကိုအုန်းမြင့်မှာလည်း တစ်ကြိမ်တစ်ခါမှ တောကောင်တွေကို အသားဖျက်ဖူးသူ မဟုတ်ဘဲဖြစ်လေရာ ဂေါ်ရခါးနှစ်ယောက်နှင့်အတူ ချွေးဖြိုင်ဖြိုင်ကျရလေသည်။

ထိုစွယ်နီဆင်ရိုင်းကြီး၏ အစွယ်နှစ်ချောင်းကို အချိန်တော်တော်ကြာအောင် သူတို့သုံးယောက် ဖြုတ်ယူလိုက်ကြရပြီး မကြာမီ နှစ်တောင်နီးပါးရှိသော ဆင်စွယ်ကြီးမှာ အပြင်သို့ကျွတ်ထွက်လာ၏။ ဆင်ရိုင်းကြီး၏အစွယ်မှာ အတွင်းတွင်တစ်တောင်သာသာ နှစ်ဝင်နေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သုံးတောင်ခန့်ရှိသော ဆင်စွယ်ကြီးဖြစ်နေပြီး အလေးချိန်က ရှစ်ပိဿာနှင့် အချိန်တစ်ဆယ်ကြားတွင် ကောင်းကောင်းရှိလိမ့်မည်ဟု ခန့်မှန်းမိကြလေသည်။ ထို့နောက် ဆင်စွယ်အတွင်းမှ ချည်ဆီကဲ့သို့ ဖြူဖြူဖွေးဖွေး ပျော့စိစိနှင့် ဆင်စွယ်နှစ်ခုကို ဆွဲထုတ်လိုက်ရာ အစွယ် ရင်းမှ အခေါင်းမှာ တစ်တောင်မျှပင် မရှိတော့ပေ။

"ဟာ...ဆွဲကြီးတော့ ကောင်းကောင်း ကျော်လိမ့်မယ်ဗျို့"

ဆင်းဗဟာဒူးမှာ ဆင်စွယ်တစ်ချောင်းကို လက်ဖြင့်မွှေ့ပိုက် ရင်း အလေးချိန်ကို ခန့်မှန်းပြီး ဝမ်းသာအားရနှင့် ပြောလေသည်။ သူပြောနေသည့် ဆွဲကြီးဆိုသည်မှာ ဆင်စွယ်နှစ်ချောင်းလုံး ပိဿာ တစ်ဆယ်နှင့် အထက်စီးခြင်းကိုခေါ်ပြီး ဆွဲကြီးဝင်မှ တန်ဖိုးပိုပြီးရှိ လေသည်။

ကိစ္စဝိစ္စတွေပြီးသွားချိန်တွင် ကိုအုန်းမြင့်မှာ ဆင်ဖြီးအနည်း ငယ်ကိုနှုတ်ယူကာ နေကိုမော့ကြည့်လိုက်ရာ ညနေလေးနာရီခန့်ပင် ရှိနေပြီဖြစ်၏။

"ကဲ...ဆရာတို့၊ ပြန်ကြစို့ဗျာ၊ ကျုပ်လည်း ဆင်သားလာ ဖျက်ဖို့ ရွာကလူတွေ ပြန်ခေါ်ရအုံးမှာဆိုတော့ အချိန်က သိပ်မရှိတော့ ဘူး"

ပြောရင်းဆိုရင်း ကိုအုန်းမြင့်မှာ လွယ်အိတ်ကိုကောက်လွယ် လိုက်ပြီး ဂေါ်ရခါးနှစ်ယောက်နှင့်အတူ အလာတုန်းကလို တောင် ကြောကြီးပေါ်မှ မပြန်ဘဲ သစ်အယ်တောများ၊ အင်တိုင်းတောများရှိ ရာ ရိုးမတောကြီးအတွင်းမှ ဖြတ်လမ်းအတိုင်း ဖြတ်ပြီး ပြန်လာခဲ့ကြ လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆင်စခန်းမှ ဆင်သမားများအားလုံးလိုလိုမှာ ဒီချောင်းကလေးကိုရောက်မှ ဆင်တွေကို ရေချိုးပေးလေ့ရှိသဖြင့် ဒီနေရာတစ်ပိုက်က သူတို့နှင့် အစိမ်းသက်သက်တော့ မဟုတ်ချေ။

"ဟေး…မောင်ဘတူ…ဆာနဲ့ ဆဖွင်းကော ထည့်ယူ လာခဲ့သေးလားကွ"

ရှေ့ဆုံးကသွားနေသော မောင်ဘတူကို ဖဒိုဆင်စခန်းမှ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



အိုးသူကြီး ကိုဖိုးခွားက သတိတရနှင့် လှမ်းမေးလိုက်၏။

"ဘယ်နေလိမ့်မလဲ ကိုကြီးဖိုးခွားရယ်၊ ဘောအရက်ကလေး တစ်လုံးတောင်ထည့်ယူခဲ့သေး‥"

ဆင်သားဖျက်ရန် လိုက်ပါလာကြသူတွေထဲတွင် တချို့က ထိုဆင်သားကို အစိုအတိုင်း ရွာသို့ပြန်သယ်ယူမည့်သူတွေ ရှိသလို မောင်ဘတူတို့၊ ကိုဖိုးခွားတို့တစ်သိုက်ကတော့ ထိုနေရာမှာပင် အရက် ကလေးတမြမြနှင့် ဆင်သားကို ကျပ်စင်ဆောက်၊ ကျပ်တိုက်ပြီးမှ ရွာသို့ပြန်သယ်ကြမည်ဖြစ်သည်။

"ဒါနဲ့ ကိုဖိုးခွားရဲ့၊ နေစမ်းပါအုံး ခင်ဗျားတို့ ကျပ်စင် ဆောက်တာနဲ့ ကျပ်တိုက်တဲ့အချိန်က နောက်တစ်နေ့တောင် ကူးလိမ့် မယ်ထင်တာပဲ၊ တော်ကြာ ခင်ဗျားမရှိလို့ ဆင်ပိုင်းကလူတွေ ထမင်း ငတ်နေကြပါအုံးမယ်ဗျာ"

ကိုအုန်းမြင့်က ဖဒိုဆင်စခန်းမှ အိုးသူကြီး ကိုဖိုးခွားကို လှမ်းမေးလိုက်၏။ ကိုဖိုးခွားမှာလည်း ကရင်လူမျိုးပီပီ သားကောင် ဖျက်ရာတွင်သာမက ချက်ပြုတ်ကြော်လှော်သည့်နေရာတွင်လည်း ဆင် စခန်းတစ်ခုလုံးက ချီးကျူးလောက်အောင်ပင် ကျွမ်းကျင်လှသည်။ ကိုဖိုးခွားက…

"ကိုအုန်းမြင့်နယ်…၊ အသားကျပ်တင်တာ အလွယ်ကလေး ပါ။ ကျပ်စင်ကို အကြမ်းဆောက်လိုက်၊ ပြီးရင် ဖောင်တွေ၊ ဆင့်တွေ၊ ကြမ်းတွေခွာချလိုက်၊ ထင်းတုံးကြီးကြီးတွေနဲ့ အောက်ကမီးရှို့၊ မီးတောက်ငြိမ်ကျသွားမှ စောစောက ဖောင်တွေ၊ ဆင့်တွေပြန်ခင်း၊ အဲဒီပေါ်မှာ အသားတွေတင်ပြီး သစ်ခက်ထူထူနဲ့ အမိုအောင်ဖုံးထား



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ အောက်ဘက်က ကျက်ပြီဆိုတော့ ပေါက်ပြီးသားဝါးခြမ်းတွေကို အပေါ်မှာ ဖြန့်ခင်းပြီး တက်နင်းလိုက်။ အဲဒီအခါ အသားက အရေတွေစစ်ပြီး ကျသွားလိမ့်မယ်။ ပြီးရင် အသားကို တစ်ဖက်ပြန်လှန်ပေးလိုက်၊ အဲဒီနည်းဟာ အကျက်လည်းညီတယ်၊ မြန်လည်းမြန်တယ်၊ အစအဆုံးမှ သုံးနာရီလောက်ပဲကြာတယ်"

ခြေဟန်လက်ဟန်တွေနှင့် လမ်းလျှောက်ရင်းပြောနေသည့် ကိုဖိုးခွား၏ ကျပ်တိုက်ပုံအဆင့်ဆင့်ကို နားထောင်ရင်း လိုက်ပါလာကြသူတွေမှာ သွားရည်တမျှားမျှားပင် ကျနေကြသည်။ သို့သော် ကိုအုန်းမြင့်တစ်ယောက်ကတော့ သူတို့အားလုံးကို ဆင်သေနေရာသို့ ရောက်အောင်ပို့ပြီးသည်နှင့် ဖဒိုဆင်စခန်းသို့ လှည့်ပြန်မည်ဖြစ်သည်။ ဖဒိုစခန်းမှာ ကိုအုန်းမြင့်၏ တဲတွင်လည်း ထိုနေ့ညအဖို့ ဂေါ်ရခါးနှစ်ယောက်နှင့် အောင်ပွဲခံရန် တောအရက်နှင့်ကြက်ကြော်တို့ကို စီစဉ်ထားပြီးဖြစ်လေသည်။

မကြာမီမှာပင် ဖြတ်လမ်းအတိုင်း တက်သုတ်ရိုက်ပြီး မနားမနေ လျှောက်လာခဲ့ကြသဖြင့် သူတို့အားလုံးမှာ ဆင်သေကြီးရှိရာ လျှိုကြီးအနီးသို့ ရောက်လာခဲ့ကြသည်။

ထိုနေရာသို့ ရောက်သောအခါ ဘယ်လိုမှ ထင်မထားသည့် အဖြစ်ကြောင့် ကိုအုန်းမြင့်၏ ခေါင်းတွေက သွက်သွက်ခါအောင်ပင် လည်သွားတော့၏။

"ဟင်"

နေ့လည်က သူတို့သတ်ကွင်းတလင်းပြင်ထဲတွင် သေအလိမ်းလိမ်းနှင့် လဲကျသေဆုံးသွားသော စွယ်နီဆင်ရိုင်းကြီးမှာ အစအနပင်



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

"အမယ်လေး…ဗျ…ကယ်ကြပါအုံး…ဆင်…ဆင်ရိုင်းကြီး၊ လာကြပါအုံးဗျို့…ဒီ…ဒီမှာ…လူနီနီနှစ်ယောက် ကျုပ်ကိုလာသတ်နေပြီဗျ…လာကြပါအုံး…အား"

ကိုအုန်းမြင့်မှာ သူ့တဲသို့ပြန်ရောက်လာသည်နှင့် တဲအတွင်းမှကြားလိုက်ရသော သာဖံ၏အသံကြောင့် မျက်လုံးမျက်ဆံတွေ ပြူးသွား၏။ ထို့နောက် တဲပေါ်သို့ ကပျာကယာ ပြေးတက်သွားသောအခါ သာဖံမှာ စောင်အနီကွက်ကြားကြီးကို မြှုထားရင်း ပါးစပ်က ကယောင်ကတမ်းတွေနှင့် အော်ဟစ်နေသည်ကို တွေ့လိုက်ရသည်။ သာဖံ၏ဘေးမှ ဆင်းဗဟာဒူးနှင့် ဆင်းဂွတ်ပဒါးတို့မှာလည်း ဘာလုပ်လို့ဘာကိုင်ရမှန်း မသိဖြစ်နေသည့် မျက်နှာတွေနှင့် ကိုအုန်းမြင့်ပြန်ရောက်လာမှ စိတ်သက်သာသလို ရှိသွားကြပြီး…

"လုပ်ပါအုံး ကိုအုန်းမြင့်ရယ်၊ သာဖံတစ်ယောက် တစ်ကိုယ်လုံး ကိုယ်တွေခြစ်ခြစ်တောက်ပူနေပြီး ပါးစပ်က ကယောင်ကတမ်းတွေ တစ်ချိန်လုံးအော်နေတာ၊ ကျုပ်တို့လည်း ဘာလုပ်လို့လုပ်ရမှန်းကိုမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သာခံမှာ အပြင်းဖျားသည့်ဒဏ်ကြောင့် နှုတ်ခမ်းများပင် ဖြူဖတ်ဖြူရော်ဖြစ်နေပြီး မျက်လုံးတွေက ကြောင်စီစီတွေဖြစ်နေသည်။

"ဟို…ဟိုမှာ…လူနီနီနှစ်ယောက် ဒီကိုလာနေပြီ၊ လုပ်ပါအုံး…ကျုပ်ကို သူတို့လုံ့နဲ့ ထိုးတော့မယ်…အ…အား"

သာခံ လက်ညှိုးထိုးပြရာ နေရာဆီသို့ ကြည့်လိုက်သော်လည်း ဘာအရိပ်အယောင်မှ မတွေ့ရ။ ထို့နောက် တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေကျပြီး ပါးစပ်က မရပ်မနားတွေ အော်ဟစ်နေသည့် သာခံကို ကိုအုန်းမြင့်က ပွေ့ထူလိုက်ကာ မေးဖျားကိုဆွဲခါလှုပ်ရမ်းလိုက်ပြီး…

"သာခံ…သာခံ၊ သတိလေးဘာလေး ထားပါအုံးကွ၊ မင်းဘာမှမဖြစ်ဘူး၊ မင်းဘေးမှာ ငါတစ်ယောက်လုံး ရှိနေတယ်၊ ဘာမှမကြောက်နဲ့"

ထိုအချိန်မှ သာခံမှာ သတိလက်လွှတ်ဖြစ်နေရာမှ မျက်လုံးပြူးမျက်ဆံပြူးနှင့်…

"အင်…ကျုပ်…ကျုပ် မနေရတော့ဘူးထင်ပါတယ် ကိုအုန်းမြင့်ရယ်၊ ပြီးတော့ ဟိုလူ့ဆီက ယူလာတဲ့ ဆင်အံလက်စွပ်ကိုလည်း ဆင်သင်္ချိုင်းမှာ ပြန်ထားလိုက်ဖို့ လူနီနီနှစ်ယောက်က လာခြိမ်းခြောက်နေကြတယ်၊ အဲဒါ မြန်မြန်ပြန်ပြီး သွားထားလိုက်ကြပါ…ကျုပ်…ကျုပ်…ကြောက်လာပြီ"

"ဟင်…ဘယ်လို"

ကိုအုန်းမြင့်ပါးစပ်မှ တအံ့တဩ ရေရွတ်မိလိုက်သလို ဆင်းဗဟာဒူးနှင့် ဆင်းဥတ်ပဒါးတို့ နှစ်ယောက်မှာလည်း တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ချုက်နှာကို တစ်ယောက်ကြည့်လိုက်မိကြသည်။

ထိုအချိန်မှာပင် ဖဒိုဆင်စခန်း၏ အပြင်ဘက်ရွာစည်းရိုး ဖတ်ပတ်လည်မှ ဆင်အော်သံတွေကိုကြားလိုက်ရသည်။

"ဝူး…"

"ဝူး…ဟူး…ဟူး"

"ဝေါင်း…"

ထိုအသံတွေမှာ အုပ်လိုက်သင်းလိုက် အော်လိုက်ကြသည့် အသံတွေဖြစ်နေကြသဖြင့် ကိုအုန်းမြင့်တို့သာမက ဖဒိုတစ်ရွာလုံးမှာ နားမခံသာအောင်ပင် ကြားလိုက်ကြရသည်။

"ဟင်…ဆင် ဆင်အော်သံတွေပါလား၊ ဒီအော်သံတွေဟာ ကျုပ်တို့ဆင်ပိုင်းထဲက ဆင်အော်သံတွေတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ထိုအချိန်မှာပင် ကိုအုန်းမြင့်တို့ တဲအပြင်ဘက်မှ လူသံတွေကို ပါ ရုတ်ရုတ်သဲသဲနှင့် ကြားလိုက်ရသည်။

"ဆင်ရိုင်းတွေဟေ့…ဆင်ရိုင်းတွေဝင်လာကြပြီ"

"အသံတွေက ရွာမြောက်ပိုင်းဘက်က လာတဲ့အသံတွေဟေ့"

"ဝိုင်းကြပါဟ…သံပုံးတွေ တီးကြပါဟ"

ဖဒိုဆင်စခန်းမှ ဆင်သမားများသာမက ရွာရှိလူကုန်တို့မှာ ပြေးကြလွှားကြရင်း တစ်ခဏအတွင်းမှာ ကာလပျက်သလို ရုန်းရင်း ဆန်ခတ်တွေ ဖြစ်ကုန်ကြသည်။

"ဝုန်း…ဒုန်း…ဒုန်း"

"ဒေါင်…ဒေါင်"



www.burmeseclassic.com

www.burmeseclassic.com



သံပုံးတီးသံတွေ၊ ဝါးပိုးဝါးကို တုတ်နှင့်ခေါက်သံတွေက ဆူဆူညံညံနှင့် ဖြစ်ကုန်ကြ၏။ ဆင်အော်သံတွေကြားရာ ရွာမြောက်ဖက် ဆီသို့ အပြေးအလွှားသွားနေကြသော လူအုပ်ကြီးမှာ မီးတုတ်များကိုင် ဆောင်ထားကြလေရာ တစ်ရွာလုံး ထိန်ထိန်ပင်လင်းနေတော့၏။

တချို့ရွာသားတွေမှာလည်း ဆင်ခေါင်းဦးသာဒွန်းကို ပြေးခေါ် သူကခေါ်၊ တုတ်၊ ဓားလှံတွေကို ဆွဲသူကဆွဲနှင့် တစ်ရွာလုံး အုံးအုံး ကျက်ကျက်ဖြစ်နေကြသည်။ ဆင်ခေါင်းဦးသာဒွန်းမှာလည်း တစ်သက် နှင့်တစ်ကိုယ် အခုလို အုပ်စုဖွဲ့ပြီး ရွာကိုပိုင်းပတ်အော်နေသည့် ဆင်သံ တွေကို မကြုံဘူး မကြားဘူးလေရာ…

"သတိထားကြဟေ့…ကိုယ့်ကလေးတွေကို ကိုယ်ကြည့်ကြ၊ အပြင်မထွက်ကြစေနဲ့၊ ဝါးဆစ်တွေကို မီးရှို့ပြီးဖောက်ကြဟေ့"

ထိုအချိန်မှာပဲ ဖဒိုဆင်စခန်း၏ ဆင်တင်းကုတ်များဆီမှ သစ်ဆွဲ ဆင်တွေကပါ ရှန်းရင်းဆန်ခတ်တွေ ဖြစ်ပြီး အော်လိုက်ကြသည်။

"ရှူး…"

"ဝေါင်း…"

ရွာမြောက်ပိုင်းဆီမှ မီးတုတ်တွေ တဝင့်ဝင့်နှင့် ပြန်ပြေး ဝင်လာကြသော လူအုပ်ကြီးမှာလည်း ရွာထဲမှ ပြေးထွက်လာကြသူတွေ နှင့် မျက်နှာချင်းဆိုင် တိုးဝင်တိုက်မိကြကာ…

"မဟုတ်ဘူး…မဟုတ်ဘူး…ဒီအော်သံတွေက တောင်ဘက်က ရိုးကြီးဘက်က ကြားရတာ"

"မြန်မြန်ပြေးကြပါဟ အဲဒီနေရာကို၊ တော်ကြာ ဒီကောင်တွေ ရွာထဲဝင်လာရင် တစ်ရွာလုံး ဖိဖိညက်ညက်ကျေကုန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဝေး...ဟေး...ဟေး"

တစ်ရွာလုံး လူအော်သံတွေ၊ ခွေးဟောင်သံတွေ၊ အော်ဟစ် ငိုယိုနေကြသည့် ကလေးတွေ၏ အသံတွေအပြင် ဆင်ရိုင်းတွေ၏ အော်သံဟစ်သံကြီးတွေကလည်း နည်းနည်းမှ ပျောက်မသွားဘဲ ပိုပြီးပင် ကျယ်လောင်လာသည်။ တစ်ရွာလုံး သံပုန်းတီးသူကတီး၊ သံချောင်း ခေါက်သူကခေါက်၊ ဝါးဆစ်တွေကို မီးရှို့ပြီး ဖောက်သူကဖောက်နှင့် ကျွတ်ကျွတ်ပင်ညံနေတော့၏။

"ဖောင်း...ဒိန်း...ဒိန်း"

"ဒေါင်...ဒေါင်...ဒေါင်"

"ဘုန်း...ဘုန်း၊ ဖြုန်း...ဖြုန်း"

"ဗွမ်...ဗွမ်...ဗွမ်"

ကိုအုန်းမြင့်နှင့်အတူ ဂေါ်ရခါးနှစ်ယောက်မှာလည်း အဖျား တက်ပြီး ကယောင်ကတမ်းတွေ အော်ဟစ်နေသည့် သာစံကိုထား ခဲ့ကာ ဆင်သံကြားရာနောက်သို့ ပြေးလိုက်နေကြသော လူအုပ်ကြီးနှင့် ရောပြီး တောင်ပြေးလိုက် မြောက်ပြေးလိုက်နှင့် ဖြစ်နေကြသည်။

ဂေါ်ရခါးနှစ်ယောက်မှာလည်း သူတို့၏ သေနတ်တွေကို မိုးပေါ်သို့ထောင်ကာ မကြာမကြာ ပစ်ဖောက်ခြောက်လှန့်ပေးကြလေ သည်။ သို့သော် ဆင်အော်သံတွေကတော့ ရပ်မသွား။

တချို့လူတွေကလည်း သူတို့ရွာနှင့် အနီးဝန်းကျင်ရှိ တောင်ပေါ် ဆယ့်လေးရွာမှ ရွာသားတွေကိုပါ ဆင်ရိုင်းတွေကို ခြောက် လှန့်ရာမှာ ကူညီပေးကြစေလိုသဖြင့် တစ်ယောက်တစ်ပေါက်သွား ပြောဆိုနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ဝှန်းဖိုင်းဆန်နေတဲ့ အသံတွေကို ကြားရဲ့သားနဲ့ တောင်ပေါ်ဆယ့်လေးရွာက ရွာသားတွေ ဘာကြောင့် လာမကူကြတာလဲ၊ တကယ်ဆိုရင် သူ့ရွာကိုယ့်ရွာ ကူညီရိုင်းပင်းတဲ့ စိတ်ကလေး ထားကြမှပေါ့"

"ဟုတ်တယ်ဗျို့…ကျုပ်တို့လည်း ဒင်းတို့ရွာတွေ ဒုက္ခရောက်ရင် မကူညီကြရုံဘဲ ရှိတာပေါ့"

ပြေးရင်းလွှားရင်းနှင့် အပြစ်တင် ပြောဆိုကြသူတွေမှာလည်း လက်သီးလက်မောင်းတွေပင် တန်းကုန်ကြသည်။ မကြာမီ သူတို့ လှူအုပ်ကြီးမှာ ဆင်အော်သံတွေ ကြားရပါသည်ဟုဆိုသော ရွာတောင်ဖျားမှ ရိုးကြီးဘက်သို့ ရောက်သောအခါ ဘာတစ်ခုမှ အရိပ်အယောင် မတွေ့ရတော့ဘဲ ဆင်အော်သံတွေက ရုတ်ခြည်းပျောက်ကွယ်သွား၏။

"ဟင်…"

"ဒီဘက်က ကြားရတာ မဟုတ်ပြန်ဘူး ဗျို့…"

"စောစောက အော်သံတွေက အသေအချာကြီးကို ဒီဘက်က ကြားရတာပါ…ဘယ်နှယ့်ဖြစ်တာလဲ"

"ဟုတ်တယ်၊ တကယ်ဆို အုပ်စုလိုက်ကြီး အော်နေကြတာပဲ၊ အရိပ်အယောင်တော့ တွေ့ရမှာပေါ့"

ထိုအချိန်မှာပင် အားလုံး၏ မျက်နှာတွေက တွေတွေဝေဝေနှင့် ဖြစ်ကုန်ကြပြီး ပျောက်ကွယ်သွားသော ဆင်အော်သံတွေကို နားစိုက်ထောင်နေမိကြပြန်သည်။ ဆင်ခေါင်းဦးသာဒွန်းမှာလည်း အခေါမှ တစ်ခုံးခုံး တစ်ဖိုင်းဖိုင်းနှင့် သံပုံးတီးနေကြသော ရွာသားများကို ငြိမ် လိုက်ကြရန် လက်ထောင်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးသာဒွန်းက တိတ်ဆိတ်ငြိမ်သက်သွားကြသော လူအုပ်ကြီးကို…

"ဒါ…ရိုးရိုးသားသားတော့ မဟုတ်ဘူး…ကွ"

ဟု ဆိုလိုက်ပြီး ကိုအုန်းမြင့်နှင့် ဇော်ရခါးတို့နှစ်ယောက် ဘက်သို့ ကြည့်လိုက်ကာ…

"ကေနွ…ကိုအုန်းမြင့်တို့ တောထဲမှာ စွယ်နီဆင်ရိုင်းကြီးကို သတ်ခဲ့ရုံတင်မဟုတ်ဘဲ တစ်ခြားအမှားတစ်ခုခုကိုများ ကျူးလွန်မိခဲ့ကြသလားမသိဘူး"

ကိုအုန်းမြင့်မှာ အလိုလိုမှ ဆင်အံ့လက်စွပ်ကြောင့် စိတ်က မသိုးမသန့်ဖြစ်နေလေရာ ဦးသာဒွန်းပြောလိုက်သည့် စကားကြောင့် အနည်းငယ်ပင် ထိတ်လန့်သွားမိသည်။

ထိုအခါမှ တောထဲသို့ ဆင်သားဖျက်ရန် လိုက်ပါသွားကြသူတွေထဲမှ ဆင်ရိုင်းကြီးကို သံသယဖြစ်ထားမိကြလေရာ တစ်ယောက်တစ်ပေါက်နှင့် ဝင်ပြောကြပြန်၏။

"ဟုတ်ချင် ဟုတ်မှာဗျ…ကျုပ်တို့ ဆင်သားဖျက်ဖို့ လိုက်သွားတော့ တောထဲမှာ အဲဒီဆင်သေကြီးကို မတွေ့ရတော့ဘူး၊ ဒါဟာ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စပဲ"

"သေချာတာကတော့ အဲဒီစွယ်နီဆင်ရိုင်းကြီးဟာ နာနာဘာဝ ဆင်ရိုင်းကြီးဖြစ်သွားပြီး ကျုပ်တို့ရွာကိုလာပြီး ခြောက်လှန့်တာ ဖြစ်မှာပေါ့"

အခြေအနေတွေကတော့ တစ်စထက်တစ်စ ဆိုးရွားလာနေပြီ။ ကိုအုန်းမြင့်မှာလည်း ဆင်ခေါင်းဦးသာဒွန်း တားမြစ်နေသည့်ကြားက



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ဦးဆောင်ပြီး စွယ်နီဆင်ရိုင်းကြီးကို နှိမ်နင်းသတ်ဖြတ်ခဲ့သည့်အတွက် နောက်ဆက်တွဲဖြစ်လာမည့် ပြဿနာတို့က အချိန်မရွေး သူ့ခေါင်းပေါ်သို့ ကျလာတော့မည်ဖြစ်ရာ နှုတ်ဆိတ်၍သာ နေလိုက်ရသည်။ တစ်ချိန်တည်းမှာပင် ရှမ်းဘောင်းဘီဝတ်ထားသော တောတွင်းမှာ နေထိုင်သူလူရွယ်ထံမှ လုယူလာကြသည့် ဆင်အံလက်စွပ်ကြောင့်

'မဟုတ်မှလွဲရော...ဟိုဂေါ်ရခါးတွေ ယူလာတဲ့ ဆင်အံလက်စွပ်ကြောင့် ဆင်အော်သံကြီးတွေ ကြားရတာပဲဖြစ်မယ်။ နောက်ပြီး သာခံ ကယောင်ကတမ်း ပြောတဲ့စကားတွေထဲမှာလည်း ဆင်အံလက်စွပ်ကို မြန်မြန်ပြန်သွားထားလိုက်ပါလို့ ပြောနေတယ်၊ ဒါတွေဟာ တိုက်ဆိုင်လို့လား၊ တကယ်ပဲ ဟုတ်များနေသလား'ဟု တွေးမိလေသည်။

ဆင်းဗဟာဒူးနှင့် ဆင်းဂွတ်ပဒါးတို့၏ အတွေးတွေကတော့ ထိုသို့မဟုတ်၊ ယခုကဲ့သို့ ဆင်များ အုပ်စုဖွဲ့ပြီး ရွာအပြင်မှာ လာအော်နေကြသည်မှာ သူတို့သေနတ်နှင့် ပစ်ခတ်လိုက်သည့် ရှမ်းဘောင်းဘီဝတ် လူရွယ်က မသေဘဲ တောထဲမှဆင်များကို ခေါ်လာပြီး ခြောက်လှန့်ခြင်းသာဖြစ်လိမ့်မည်ဟု တွေးမိကြသည်။

ထိုအချိန်မှာပင် ကိုအုန်းမြင့်တို့ လူစုလူဝေးကြီးရှိရာဆီသို့ သစ်ခုတ်သမားတစ်ယောက် ကမူးရှူးထိုးနှင့် ပြေးဝင်လာပြီး...

"ဗျို့ ကိုအုန်းမြင့်၊ ခင်...ခင်ဗျားညီ သာခံတစ်ယောက် အသက်မရှိတော့ဘူးဗျ"

"ဟင်..."

ကိုအုန်းမြင့်နှင့်အတူ ဖနီဆင်စခန်းမှ လူစုလူဝေးကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ခုလုံးမှာ ထိုသစ်ခုတ်သမား၏ စကားကြောင့် ဟာကနဲ ဟင်းကနဲ ဖြစ်ကုန်ကြလေသည်။

၈



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

သာစံတစ်ယောက် ယခုကဲ့သို့ အပြင်းဖျားပြီး သေဆုံးရသည်ကို ဖဒိုတစ်ရွာလုံးက စွယ်နီဆင်ရိုင်းကြီးကို ကိုအုန်းမြင့်တို့သတ်ခဲ့၍ တောပိုင်တောင်ပိုင်တွေက လက်စားပြန်ချေသည်ဟု ယုံကြည်နေကြသည်။ တစ်ဖန် ပြီးခဲ့သည့်ရက်တွေက ညစဥ့်ရက်ဆက်ဆိုသလို ရွာစည်းရိုးပတ်ပတ်လည်တွင် ကြားနေရသည့် ဆင်အော်သံတွေကလည်း ဦးသာခွန်းပြောသလို ကိုအုန်းမြင့်တို့လူစု တောထဲမှာ အမှားအယွင်း တစ်ခုခု ပြုလုပ်လာခဲ့၍သာ ဖြစ်မည်ဟု ထင်မြင်ယူဆကြလေသည်။

နယ်ပိုင်ဝန်ထောက် လွှတ်လိုက်သော ဂေါ်ရခါးနှစ်ယောက်က သူတို့သေနတ်နှင့် ပစ်လိုက်သည့် တောတွင်းမှ လူရှုယ်မှာ ချက်ကောင်းကိုမထိလိုက်၍ မသေဘဲ လက်စားချေလိုသည့်သဘောနှင့် ဖဒိုတစ်ရွာလုံးကို တောထဲမှ ဆင်ရိုင်းတွေခေါ်လာပြီး ခြိမ်းခြောက်နေသည်ဟု ထင်မြင်နေကြ၏။

ကိုအုန်းမြင့်မှာလည်း သာစံမသေဆုံးစင်က ပြောသွားခဲ့သော စကားတွေကြောင့် ဆင်အံလက်စွပ်ကို ဆင်သင်္ချိုင်းတွင် ပြန်သွားထားလိုက်ရန် စိတ်က မတင်မကျဖြစ်နေမိသည်။ ပြီးတော့ ဦးသာခွန်းပြော



www.burmeseclassic.com

www.burmeseclassic.com



သလို အစောင့်အရှောက်တွေ ရှိသည်ဟူသော စကားကိုလည်း တဖြည်းဖြည်းနှင့် လက်ခံယုံကြည်သလို ဖြစ်လာမိ၏။

ထို့နောက် ကိုအုန်းမြင့်က ဆင်းဗဟာဒူးနှင့် ဆင်းဂွတ်ပဒါးတို့ ဒေါ်ရခါးနှစ်ယောက်ကို…

“ဒီမှာ…ဆရာတို့၊ ကျုပ်တစ်ခုတော့ ပြောချင်တယ်၊ ဆရာတို့လည်း လိုချင်တဲ့ဆင်စွယ်ကြီးကို ရပြီပဲ၊ ဟိုလူ့ဆီက ရလာတဲ့ ဆင်အံလက်စွပ်ကိုတော့ သူ့နေရာသူ ပြန်ပြီး ထားစေချင်တယ်၊ ဒီဆင်အံလက်စွပ်ဟာ ဘယ်လိုအစီအရင်တွေနဲ့ လုပ်ထားတဲ့ လက်စွပ်မှန်း သိတာမဟုတ်ဘူး၊ ပြီးတော့ ဆရာတို့သိကြတဲ့အတိုင်း ဘယ်တုန်းကမှ မကြုံဘူးတဲ့ ဆင်အော်သံတွေက အခုတလော ကျုပ်တို့ရွာမှာ ညညဆိုရင် ကြားနေရတယ်၊ ဒါဟာ ဒီဆင်အံလက်စွပ်ကြောင့်လို့ ကျုပ်ထင်တယ်ဗျာ”

“ဒါဟာ မဖြစ်နိုင်ပါဘူး ကိုအုန်းမြင့်၊ ဒီဆင်အော်သံတွေ ကြားနေရတယ်ဆိုတာ ကျုပ်တို့သေနတ်နဲ့ ပစ်လိုက်တဲ့ ဟိုလူကြောင့်ပဲ ဖြစ်မယ်။ အဲဒီတုန်းက ကျုပ်တို့ပစ်လိုက်တဲ့ ဒဏ်ရာနဲ့ မြင်းနက်ကြီးပေါ်တက်စီးပြီး တောထဲဝင်သွားတာ ခင်ဗျားလည်း အမြင်ပဲ၊ ဒီလူဟာ ချက်ကောင်းကို မမှန်ရင်တော့ ဘယ်နည်းနဲ့မှ သေမှာမဟုတ်ဘူး”

ဆင်အံလက်စွပ်ဝတ်ထားသော ဆင်းဗဟာဒူးက ကိုအုန်းမြင့်၏ ထင်မြင်ယူဆချက်တွေကို ဘယ်လိုမှလက်မခံဘဲ တောထဲမှာ သူတို့ သေနတ်နှင့်ပစ်ခတ်လိုက်သည့် လူရှုယ်ကြောင့်သာ ယခုကဲ့သို့ ဖြစ်နေရသည်ဟု ပြောဆိုလေသည်။ ထိုအချိန်မှာပင် ဆင်းဂွတ်ပဒါးက…

“ကဲ…ဒီလိုဆိုလည်း ဟိုလူသေ မသေ သိရအောင် ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



တောရင်းပြီး ပြန်ရှာရင်မကောင်းဘူးလား"

ဟု ပြောဆိုလေရာ ကိုအုန်းမြင့်က အတန်ကြာအောင် စဉ်းစား လိုက်ပြီး...

"အေးလေ...ဆရာတို့သဘောပဲ၊ ကျုပ်တော့ ဒီဆင်အံ လက်စွပ်ကြောင့် တစ်ရွာလုံး ဒုက္ခရောက်လာမှာတွေးပြီး ကြောက်နေပြီ ဗျို့...၊ နောက်ပြီး ဆရာတို့သေနတ်နဲ့ ပစ်ခဲ့တဲ့ လူရှုယ်ရဲ့အတိုးရလာ တဲ့ ဆင်အံလက်စွပ်ကလည်း ဆင်သခိုင်းလို ဝှပျက်ကြီးတစ်ခုက ရလာတာဆိုတော့ အဲဒီနေရာကို တွေ့အောင်ရှာပြီး ပြန်ထားလိုက်ဖို့ပဲ"

ထိုအချိန်မှာပင် ဆင်အံလက်စွပ်ကို ဝတ်ထားသော ဆင်းဗဟာဒူးမှာ လက်စွပ်ကို ဖြည်းဖြည်းချင်း ပြန်ချွတ်ကြည့်လိုက်၏။

"ဟင်"

ဆင်အံလက်စွပ်မှာ ဆင်းဗဟာဒူး၏ လက်ချောင်းအတွင်း တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေလေရာ ဟိုဘက်ဒီဘက်ပင် လှည့်၍ မရအောင် ဖြစ်နေ၏။

ငွေရောင်အနားကွပ်ထားသော လက်စွပ်မှာ အမွေးအမျှင်များ ကြမ်းတမ်းစွာပေါက်နေသော လက်ချောင်းအတွင်း မြုပ်ဝင်နေပြီး ဘေး ပတ်ပတ်လည်မှ အသားများက ဖောင်းဖောင်းအစ်အစ်ကြီးပင် ဖြစ်နေ လေသည်။

●

သည်လိုနှင့် ကိုအုန်းမြင့်နှင့် ဂေါ်ရခါးနှစ်ယောက်တို့မှာ ချိုး တောကြီးအတွင်းသို့ ဝင်ရောက်ခဲ့ရပြန်သည်။ သူတို့ ဒီတစ်ကြိမ် ထပ်ရောက်လာခဲ့သည်က သေနတ်နှင့်အပစ်ခံလိုက်ရသော ရှင်ဘောင်းဘီ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်လူ သေမသေကို သိချင်သည့်ကတစ်ကြောင်း၊ ဆင်အဲလက်စွဲကို နေရာမှန်မှာ ပြန်ထားဖို့အတွက် ဆင်သချိုင်းကို ရှာဖွေကြရန်က တစ်ကြောင်း ဖြစ်လေသည်။

သူတို့လျှောက်လာသည့်ခရီးက တစ်နာရီသာသာလောက်ရှိသောအခါ တောက တဖြည်းဖြည်းနက်လာ၏။ ဒေါင်းတွန်သံ၊ တောကြက်တွန်သံနှင့် ငှက်မျိုးစုံတို့၏အသံက အလွန်တရာမှ လျှို့ဝှက်နက်နဲပြီး ထူးခြားဆန်းကျယ်သည့် ရှေးမတောကြီးတစ်ခုလုံးနှင့် မလိုက်ဖက်ဘဲ ရှိနေသည်ဟုပင် ထင်ရလေသည်။

ကိုအုန်းမြင့်နှင့် ဧကါရခါးနှစ်ယောက်တို့မှာ ဒီတောကြီးအတွင်းသို့ ပထမအကြိမ် ရောက်လာခဲ့ကြတုန်းလိုမဟုတ်ဘဲ ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်နေကြကာ စကားပင် တစ်ယောက်နှင့်တစ်ယောက် မပြောမိကြ။ အတန်ကြာမှ ဆင်းဗဟာဒူးက…

"ကျုပ်တော့ ကျန်တာတွေကို ဒီလောက်မအံ့သြဘူး၊ ကျုပ်တို့ သေသေချာချာကြီးကို ပစ်သတ်ခဲ့တဲ့ ဆင်ရိုင်းကြီး ပျောက်ခြင်းမလှ ပျောက်သွားတာကိုဘဲ အံ့သြတယ် ကိုအုန်းမြင့်၊ ပြီးတော့ ခင်ဗျား ပြောပုံအရဆိုရင် ကျုပ်တို့လက်ချက်ကြောင့် သွေးတွေတဖြန်းဖြန်း ကျထားတဲ့နေရာမှာ ဘာတစ်ခုမှ စွန်းထင်းကျန်မနေတော့တာက ပိုပြီး အံ့သြစရာပါဗျာ"

"ကျုပ်အထင်ပြောရရင် ကျုပ်တို့ အစွယ်ဖြုတ်ယူလာခဲ့တဲ့ ဆင်ကြီးဟာ ဆင်သချိုင်းကို သွားတာရော မဖြစ်နိုင်ဘူးလား။ ကြားဖူးတာတော့ ဆင်တွေဟာ သူတို့သေခါနီး၌ကို မြင်ကြသည်။ နေရာကို သွားကြတယ်ဆိုလားပဲ" ၏။

www.burmeseclassic.com



ကိုအုန်းမြင့်၏စကားကြောင့် မျက်လုံးပြူးပြူးနှင့် ဆင်းဖွတ်ပဒါးမှာလည်း…

"ကျုပ်လည်းကြားဖူးတယ် ကိုအုန်းမြင့်၊ အခုနေသာ ရိုးမတောကြီးထဲမှာ ဆင်နာကြီးကိုတွေ့လိုက်ရင် ဆင်သချိုင်းကို ကျုပ်တို့ ခဲခဲယဉ်းယဉ်းတောင် လိုက်ရှာနေစရာ မလိုတော့ဘူး၊ နောက်က အသာလေးလိုက်သွားရုံပေါ့"

ရွက်ကြွေရွက်ခြောက်များကို ဖြူးဖြူးဖျောက်ဖျောက် နင်းလျှောက်လာသော ခြေသံများနှင့်အတူ သူတို့သုံးယောက်၏ စကားပြောလာကြသံတွေကြောင့် အနီးအနားမှ တောတိုးပြေးသွားသော ကျီ၊ ဝက်နှင့် အခြားတောကောင်ငယ်လေးများကို တွေ့နေရ၏။

ဂေါ်ရခါးနှစ်ယောက်တို့မှာလည်း သေနတ်များကို ကျည်အသင့်ထိုးကာ တောကြီးအတွင်း ဟိုဟိုဒီဒီကိုကြည့်ရင်း ရှမ်းဆောင်းဘီဝတ်လူရွယ်ကို ရှာဖွေကြသည်။ တစ်ခါတစ်ခါ သူတို့နောက်ကျောဆီမှ တစ်စုံတစ်ယောက်က ကပ်ပြီးလိုက်ချောင်းနေသည့် ခြေသံလိုလို၊ ဟိုမှ ဒီမှ ချိုးချိုးချွတ်ချွတ် ပြေးလွှားသွားကြသည့် သားကောင်များ၏ ခြေသံလိုလို ကြားနေရသည်။

ထိုအခါမှာ သူတို့သုံးယောက်သားမှာ စကားပြောရပ်သွားကြပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို သတိထားပြီး လှည့်ပတ်ကြည့်နေမိကြသည်။

တောကြီးအတွင်းသို့ ်ခဲ့တွေက သူတို့နှင့်ပိုပြီး နီးလာသလားဟုပင် ထင်ရ၏။ ဝင်ရောက်လာခဲ့သည်က ညီခြေသံကို အသေအချာ နားစိုက်ထောင်ရိုက်သော ်ကောင်၏ ခြေသံမျိုးမဟုတ်သဲ့ သူတို့ရှိရာသို့

အိမ်

အိပ်မက်အသစ်

www.burmeseclassic.com



လူတစ်ယောက် ဖြည်းဖြည်းချင်း ချဉ်းကပ်လာနေသလိုလိုပင် ဖြစ်နေ၏။

ကိုအုန်းမြင့်နှင့် ဂေါရခါးနှစ်ယောက်တို့မှာ 'ဘယ့်နှယ့်လဲ' ဆိုသည့် သဘောဖြင့် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြ၏။ စောစောက ကြားနေရသော ဒေါင်းတွန်သံ၊ ကြက်တွန်သံနှင့် ကျေးငှက်သံတို့မှာ တစ်ကောင်တစ်မြီးမှ မြည်တွန်ခြင်းမပြုတော့သည့် အပြင် တောကြီးတစ်ခုလုံးမှာ ခြောက်ခြားစရာကောင်းအောင် တိတ်ဆိတ်သွားသည်။

ထိုအခါမှ ပတ်ဝန်းကျင်တစ်ခုလုံးကို မျက်လုံးဝှေ့ယမ်းပြီး ကြည့်လိုက်လေရာ မျက်စိလည်ပြီး လမ်းများမှားကုန်ကြပြီလားဆိုသည့် အတွေးတွေကလည်း သူတို့သုံးယောက်စလုံး၏ စိတ်ထဲတွင် ဖြစ်မိကြလေသည်။ ဒီနေရာကို သူတို့ တစ်ကြိမ်တစ်ခါမှ ရောက်ဖူးခြင်းမရှိသည်ကတော့ သေချာ၏။

သိပ်မကြာလိုက်၊ တစ်တောလုံး တစ်တောင်လုံးမှာ လေကြီးမိုးကြီး ကျလာသလို ဆူညံလာပြန်သည်။

"ဝေါ…ဝေါ…မြုန်း"

"ဟင်"

ပိုပြီးထူးဆန်းသည်က အဆက်တွေအောကြားရပြီး သစ်ပင်သစ်ကိုင်းများ လှုပ်ရှားယိမ်းထိုးနေသည်ကိုလည်း လုံးဝမမြင်ကြရ။ အမှန်တကယ်သာ လေကြီးမိုးကြီးကျလာလျှင် တစ်တောလုံးတစ်တောင်လုံးရှိ သစ်ပင်သစ်ကိုင်းတွေ လှုပ်ခါယိမ်းထိုးလာသည်ကို မြင်ကြရမည်။ [illegible] သစ်ပင်သစ်ကိုင်းတွေက မဏာတိအတိုင်း။

www.burmeseclassic.com



"တော…တောခြောက်တာထင်တယ်"

မနေနိုင်သော ဆင်းဂွတ်ပဒါးက ကိုအုန်းမြင့်ကို ကြောက်ကြောက်လန့်လန့်နှင့် တီးတိုးပြောလိုက်၏။ ကိုအုန်းမြင့်မှာလည်း ဟိုကြည့် ဒီကြည့်နှင့်သာ အသံကြားရာဆီငေးနေသည်။ သို့သော် လေကြီးမိုးကြီး ကျလာသံက စောစောကခြေသံများလို အရပ်ရှစ်မျက်နှာလုံးက ကြားနေရသဖြင့် ဂေါ်ရခါးနှစ်ယောက်မှာ ဘယ်ဘက်ကို ကြည့်ရမှန်း မသိဖြစ်နေကြသည်။

ကိုအုန်းမြင့်မှာ ဂေါ်ရခါး၏ အမေးစကားကို ဘာတစ်ခုမှ ပြန်မဖြေနိုင်သေးဘဲ ဝေဝေဝါးနှင့်ပင် အသံတွေကို နားစွင့်နေမိသည်။

မကြာမီ ထိုအသံကြီးတွေ ငြိမ်ကျသွားပြီး တစ်တောလုံး တစ်တောင်လုံး မြူလိုလို မီးခိုးငွေ့လိုလို အခိုးအငွေ့တွေက လေနှင့်အတူ လွင့်ပါလာပြီး နေရောင်ခြည်ပါ ချက်ချင်းပျောက်ကွယ်သွားတော့၏။

အချိန်က မွန်းတိမ်းခါစရှိသော်လည်း ယခုကဲ့သို့ တစ်တောလုံး ချက်ချင်းမှောင်ကျသွားသည်မှာ အံ့ဩစရာပင်။ ဂေါ်ရခါးတစ်ယောက်က…

"မှိုင်းကျတာလား…တောမီးပဲလောင်နေတာလား"

"အေးလေ ဟုတ်ချင်လည်းဟုတ်မှာပေါ့၊ ကျုပ်တို့ရောက်နေတဲ့ ဒီနေရာက ပင်လယ်ရေမျက်နှာပြင်အထက် ပေသုံးလေးထောင်လောက်မှာ ရှိနေတော့ မြူလိုလို မှိုင်းလိုလို အခိုးအငွေ့တွေ ကျတဲ့သဘောနေမှာပါ"

ထိုအတွေးများနှင့်အတူ သူတို့သုံးယောက်သားမှာ မသဲမကွဲ မြင်နေရသော ရိုးမတောကြီးအတွင်း ဆက်လျှောက်သွားကြ၏။

www.burmeseclassic.com



တဖြည်းဖြည်းနှင့် သူတို့ဆက်လျှောက်နေစဉ်မှာပဲ တောကြီးက ပိုပိုပြီးမှောင်ကျလာလေသည်။ ထိုသို့ မှောင်ကျလာသည်မှာ ရှေ့နှင့်နောက်တန်းစီကာ လျှောက်နေကြသော သူတို့ အချင်းချင်းပင် မမြင်ရလောက်အောင် မှောင်လာ၏။ ထိုအခါမှ သူတို့သုံးယောက်စလုံးမှာ ကြောက်စိတ်တွေ ပိုပြီးဝင်လာကြတော့သည်။

"မှိုင်း...မှိုင်းကျတာတော့ ဘယ်လိုမှမဖြစ်နိုင်ဘူးဗျို့၊ မှိုင်းကျရင် ဒီလောက်ကြီးကို မှောင်လာစရာ အကြောင်းမရှိဘူး၊ ဒါတောမှောင့်တာ သေချာတယ်ဗျို့"

အမှောင်ထဲတွင် ကြောက်စိတ်နှင့်ပြောလိုက်သော ကိုအုန်းမြင့်၏ စကားကို ကျန်ဂေါ်ရခါးနှစ်ယောက်ထံမှ စကားပြန်မရ၊ သူတို့သုံးယောက်သားမှာလည်း တစ်ယောက်ကိုတစ်ယောက်ပင် မမြင်ရတဲ့ဖြစ်နေလေရာ အားလုံးက တစ်စထက်တစ်စ ပိုပြီးခြောက်ခြားလာကြသည်။

'ထိုအချိန်မှာပင် စောစောက ကြားရသော လေကြီးမိုးကြီးကျသံလိုလို အသံကြီးကို ကြားလိုက်ရပြန်သည်။ အသံကြီးက ဒီတစ်ခါ သူတို့ရှိရာတစ်ဝိုက်ဆီသို့ တန်းတန်းမတ်မတ်ကြီး လာနေသံလိုဖြစ်နေ၏။

"ဝေါ...ဝေါ...ဖြုန်း...အုန်း"

ထိုအသံတွေနှင့်အတူ သစ်ပင်သစ်ကိုင်းတွေ ပြိုလဲသံ၊ ဟီးဟီးတုန်ခါနေသည့် မြေပြင်မှအသံတို့ကြောင့် ကိုအုန်းမြင့်တို့ သုံးယောက်မှာ ဘယ်ကိုပြေးလို့ပြေးရမှန်းပင်မသိ၊ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း အမှောင်အတိ ကျလျက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ ဆရာတို့ ဘယ်နားမှာလဲဗျို့"

"ဒီမှာ...ဒီမှာ...ဒီဘက်မှာ"

အသံတွေက တစ်ယောက်နှင့်တစ်ယောက် အတော်ကလေး ပင် ခပ်လှမ်းလှမ်းရောက်သွားကြသည့် အသံတွေဖြစ်နေသည်။ ကိုအုန်းမြင့်၏အသံကို ကြားနေရသော်လည်း တစ်ယောက်တစ်နေရာ ဆီ ရောက်ကုန်သဖြင့် ဒီမှာ ဒီမှာဟု အသံပေးသော်လည်း မတွေ့ရ၊ ထိုအော်သံတွေက သစ်ကိုင်းတွေ သစ်ပင်တွေ တဝုန်းဝုန်း ပြိုလဲသံတွေ ကြားတွင် မသဲမကွဲတွေနှင့် ဖြစ်နေ၏။

ထိုအခါ ဂေါ်ရခါးနှစ်ယောက်မှာ ဓာတ်မီးတွေကို ထိုးပြီး လှုပ်ရမ်းကာ တစ်ယောက်နှင့်တစ်ယောက် အချက်ပြကြ၏။ သို့သော် သူတို့ဓာတ်မီးရောင်က ပိန်းပိတ်အောင် မဲမှောင်အုံ့ဆိုင်းနေသည့် တောကြီးအတွင်း ပိုးစုန်းကြူးသာသာလောက်ပင် လင်းလက်၍မလာ။ အမှောင်ထုကို ဘယ်လိုမှ မထိုးဖောက်နိုင်ဘဲ ရှိနေလေသည်။

"မြုန်း...မြုန်း...ဝုန်း...အုန်း"

"အား..."

သစ်ပင်သစ်ကိုင်းတွေနှင့် ဝင်တိုက်မိ၍ လဲကျသည့်အသံတွေ ကျောက်တုံးကျောက်ခဲတွေကြားတွင် ခြေချော်ကျသည့် အသံတွေနှင့် သူတို့အားလုံးမှာ ဒုက္ခတွေ အကြီးအကျယ်ပင် တွေ့နေကြလေသည်။

"အ...အား...ဘာကြီးလဲ...လုပ်ကြပါဦး...ကျုပ်နောက် ကိုလိုက်နေတယ်"

ရုတ်တရက်ကြားလိုက်ရသော ဆင်းဝှတ်ပဒါး၏ အသံက မှောင်မိုက်နေသော တောကြီးအတွင်း အထိတ်တလန့် ကြားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ချိန်တည်းမှာပဲ ထိုအသံကြားရာနေရာဆီမှ…

"ဖျောင်း…ခုန်း…ဖြုန်း…"

ဟူသော သစ်ကိုင်းကျိုးကျသံတွေ၊ ပြေးလွှားသံတွေကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။ ထိုအသံတွေ ကြားလိုက်သည်နှင့် ကိုခုန်းမြင့်မှာလည်း အမှောင်ထဲတွင် ပြေးမိပြေးရာကို စွတ်ပြေးတော့၏။ ဆင်းဗဟာဒူးမှာ ထိုအခါမှ သူ့လူ၏နာမည်ကို အော်ဟစ်ခေါ်ကာ လက်ထဲမှ သေနတ်ကို မိုးပေါ်သို့ တဒိန်းဒိန်းနှင့်ရမ်းပြီး ပစ်တော့သည်။

"ဗွတ်ပဒါး…ဗွတ်ပဒါး"

"ဒိန်း…"

"ဒိန်း…"

သူတို့အားလုံးမှာ ဘယ်ကိုရောက်လို့ ရောက်မှန်းမသိအောင်ပင် မြေရှိတိုင်းပြေးနေရသည်။ တစ်ခါတစ်ခါ ပြေးရင်းနှင့် သစ်ကိုင်းတွေ သစ်ပင်တွေနှင့် ဝင်တိုက်မိကြ၏။ ချိုင့်ခွက်ကြီးများ ကျင်းကြီးများအတွင်းသို့ ခြေလွှတ်လက်လွှတ် ကျသွား၏။ တွေ့ရာ နွယ်ကြီးနွယ်မျှင်တွေကို လက်နှင့်ဆွဲမိကြ၏။ ခြုံနွယ်ပိတ်ပေါင်းတွေကြားသို့ တိုးဝင်မိကြ၏။

ပိုဆိုးသည်က ပြေးရင်းလွှားရင်းနှင့် ဘာမှန်းမသိသည့် အရာကြီးတစ်ခုက နောက်ကလိုက်လာသလို တစ်ချက်တစ်ချက် သူတို့ခန္ဓာကိုယ်ကို လေဟာတ်မိနေ၏။

မကြာမီ မိုးသက်လေပြင်းတွေကျသလို တဝေါဝေါ တသုန်းသုန်းမြည်သံကြီးမှာ ရုတ်တရက် ငြိမ်ကျသွားပြီး ချက်ချင်းမှုံသလို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တစ်ခုလုံး ပြန့်လင်းသွားတော့၏။

"ဟင်…"

ကိုအုန်းမြင့်မှာ ခြေကုန်လက်ပန်းကျလျက် အလွန်တရာမှ မောဟိုက်နေသည်ဖြစ်ရာ ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်တရက်ကြီး ပြန့်လင်းသွားသည်ကို မြင်လိုက်ရပြီး မှင်သက်မိနေ၏။

ထိုအခါမှ သူ့လိုပင် သေပြေးရှင်ပြေး ပြေးကြရသော ဂေါ်ရခါးနှစ်ယောက်ကိုလည်း ပြူးပြူးပျာပျာဖြင့် လှည့်ပတ်ရှာဖွေ လိုက်သည်။

ထိုအချိန်မှာပင်…

"အင်း…ဟင်း…ဟင်း…"

ကိုအုန်းမြင့်နှင့် မလှမ်းမကမ်း ချုံနွယ်တောဆီမှ ငြီးငြူသံသဲ့ သဲ့ကို ကြားလိုက်ရလေသည်။ ကိုအုန်းမြင့်မှာ ခြေဗလာဖြင့် တောကြီး အတွင်း ပြေးခဲ့ရ၍ ဒဏ်ရာဒဏ်ချက်တွေက ခြေထောက်တစ်ခုလုံး ရစရာမရှိအောင် ပွန်းပဲ့နေသည်ဖြစ်ရာ ထိုအသံကြားရာဆီသို့ ထော့ နင်းထော့နင်းဖြင့် သွားလိုက်လေသည်။

"ဟင်…ဆရာ…ဗဟာဒူး"

ချုံနွယ်တောအတွင်း တစ်ကိုယ်လုံး ဖွာလန်ကျဲပြီး စုတ်ပြတ် နေသည့် ဆင်းဗဟာဒူးမှာ ပွန်းပဲ့နေသော ဒဏ်ရာဒဏ်ချက်တွေနှင့် တွေ့ရလေသည်။ ဆင်းဗဟာဒူးမှာ ပါးစပ်က ငြီးညူနေသော်လည်း ဆင်အံလက်စွပ်ဝတ်ထားသောလက်က မော်ဇာရိုင်ဖယ်ကြီးကို မချွတ်ကျစ် ပါအောင် ဆုတ်ကိုင်ထားလျက် သူ့မျက်လုံးတွေက အလွန်အမင်း ကြောက်လန့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကို…ကိုအုန်းမြင့် ကျုပ်တို့တော့ ဒုက္ခတွေအကြီးအကျယ် ရောက်ပြီနဲ့တူတယ်…ဟို…ကျုပ်လူ ခါဂျာ…ခါဂျာကော ဘယ်မလဲ"

ဆင်အံလက်စွပ်ဝတ်ထားသူ ဆင်းဗဟာဒူးမှာ ကိုအုန်းမြင့်ကို တွေ့လိုက်သည်နှင့် သွေးရူးသွေးတမ်းတွေ ပြောဆိုကာ သူနှင့်အတူ လိုက်ပါလာသည့် ဆင်းဂွတ်ပဒါးဆိုသော ဂေါ်ရခါးကို မေးမြန်းနေလေသည်။ ကိုအုန်းမြင့်မှာလည်း ချက်ချင်းပင် သူ့ကို ဆုံးဖြတ်တော့ထဲမှ ခဲရာခဲဆစ် ဆွဲထုတ်လိုက်ပြီး…

"ကျုပ်လည်း တောကြီးပြန်လင်းသွားတာနဲ့ ခင်ဗျားအသံ ကြားကြားချင်း ဒီဘက်ကိုလာခဲ့တာပဲဗျ"

ထို့နောက် သူတို့နှစ်ယောက်မှာ ပါလာသော ရေဗူးထဲမှရေကို အငမ်းမရ သောက်လိုက်ကြရင်း တစ်ခဏအတွင်းမှာ မယုံကြည်နိုင်လောက်အောင် ဖြစ်ပျက်သွားသော အဖြစ်အပျက်ကြီးတစ်ခုလုံးကို မြင်ပြောဖို့ အစရှာမရအောင်ပင် ဖြစ်နေကြသည်။ ပြီးတော့ သူတို့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာနေသည့် ဘာမှန်းမသိသည့် အန္တရာယ်ဆိုးကြီးကြောင့်လည်း နေစရာမရှိအောင် ကြောက်လန့်နေမိကြလေသည်။

"ကျုပ်…ကျုပ်တို့တော့ ဆင်သချိုင်းကို အမြန်တွေ့အောင် ရှာပြီး ဆင်အံလက်စွပ်ကို ပြန်ထားလိုက်မှ ကောင်းတော့မယ်ဗျို့၊ နောက်မို့ဆို ကျုပ်တို့ ဒုက္ခအကြီးအကျယ် ရောက်တော့မယ်"

ကိုအုန်းမြင့်မှာ အလွန်အမင်း စိုးရိမ်ထိတ်လန့်နေသည့် မျက်နှာနှင့် ဆင်းဗဟာဒူးကို ပြောလေသည်။ ဂေါ်ရခါးလူမျိုး ဗဟာဒူးသည်လည်း ကိုအုန်းမြင့်ကဲ့သို့ပင် ဆင်အံလက်စွပ်ကြောင့် အမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေကြသည်ကို အစုမှ တဖြည်းဖြည်း သဘောပေါက်လာဟန် ဖြင့်...

"ဟုတ်တယ်၊ ဒီလက်စွပ်ကို ဆင်သချိုင်းမှာ ပြန်သွားထား ရမယ်၊ အစုလောလောဆယ် ဆင်သချိုင်းကို ရှာဖို့ထက် ကျုပ်လူ ဗွတ်ပဒါးကို အရင်ရှာမှဖြစ်မယ် ကိုအုန်းမြင့်"

ပြောပြောဆိုဆို သူတို့နှစ်ယောက်မှာ ထိုနေရာမှ ဆင်းဗွတ် ပဒါးကို တကြော်ကြော်အော်ခေါ်ရင်း ထွက်လာကြ၏။ ခြေကုန်လက် ပန်းကျနေသည့်အပြင် ပွန်းပဲ့နေသော ဒဏ်ရာဒဏ်ချက်တွေကြောင့် သူတို့၏ ခြေလှမ်းများကလည်း လေးလံတုန့်ဆိုင်းနေကြ၏။

မကြာမီ ညင်ညင်သာသာ စီးဆင်းနေသော ရေသံတွေကို သူတို့ကြားလိုက်ရသည်။ ထိုရေသံကြားလိုက်ရသည့် နေရာမှာ သူတို့ နှစ်ယောက်နှင့် မလှမ်းမကမ်း သစ်အယ်ပင်တွေ အလွန်ဆီမှဖြစ်နေပြီး ဖြည်းဖြည်းချင်း အောက်သို့နိမ့်ဆင်းသွားရသော နေရာဖြစ်၏။

ထိုစမ်းချောင်းကလေးအနားသို့ တိုးကပ်လာသည်နှင့် ကိုအုန်းမြင့်နှင့် ဂေါ်ရခါးစစ်ပုလိပ် ဗဟာဒူးတို့မှာ မထင်မှတ်ဘဲ ရလိုက်သည့် အပုတ်နံ့ကြီးကြောင့် နှာခေါင်းများကို လက်နှင့် ပိတ်မိ လျက်သားတွေဖြစ်ကုန်ကြသည်။

ထို့နောက် သူတို့နှစ်ယောက်မှာ ရှေ့သို့ နှစ်လှမ်းသုံးလှမ်း တိုးကပ်သွားလိုက်သည်နှင့်...

"ဟင်...ဟိုမှာ လူသေအလောင်း တစ်လောင်းပါလား"

စမ်းချောင်းကလေးအောက်မှ သဲသောင်နံ့ပေါ်တွင်မှောက် လျက်အနေအထားနှင့် သေဆုံးနေသော လူသေအလောင်းမှာ အသား

www.burmeseclassic.com

www.burmeseclassic.com



တွေက သားရဲတိရစ္ဆာန်တွေ ထိုးဆိတ်ထားသဖြင့် အနည်းငယ် ပျက်စီး နေသည်မှလွဲ၍ အဝတ်အစားနှင့် ပုံပန်းသဏ္ဌာန်ကတော့ ဘာတစ်ခုမှ ဆိုးဆိုးရွားရွား မပျက်စီးသေး။ ထို့နောက် ကိုအုန်းမြင့်တို့မှာ တဖြည်းဖြည်းချင်း တိုးကပ်ပြီး အလောင်းကိုကြည့်လိုက်လေရာ...

"ဟင်"

"ဟာ"

ထိုအလောင်းက ဖြီးခဲ့သည့်ရက်က သူတို့သေနတ်နှင့် ပစ်လိုက်သည့် ရှမ်းဘောင်းဘီဝတ် လူရွယ်ပင်ဖြစ်နေလေသည်။ ထိုလူရွယ်၏ ကျောပြင်မှာလည်း သေနတ်ဒဏ်ရာကြောင့် အပေါက်ရာကြီးနဲ့ ဖြစ်နေပြီး ထိုအပေါက်နေရာမှာ လောက်ကောင်များပင် ကပ်တွယ်၍ နေလေပြီ။

ထိုအချိန်မှာပင် ကိုအုန်းမြင့်နှင့် ဂေါ်ရခါး စစ်ပုလိပ်ဗဟာဒူး တို့မှာ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြရင်း...

"ဒါဟာ ကျုပ်တို့လက်ချက်နဲ့ ဒီလူသေရတာတော့အမှန်ပဲ ကိုအုန်းမြင့်ရေ၊ အလောင်းရဲ့အနေအထားကို ကြည့်ရတာလည်း အဲဒီ ရက်ကတည်းက သေတာဖြစ်မယ်ဗျ၊ ပုတ်တောင်ပုတ်နေပြီ"

"ဒါဆိုလည်း ကျုပ်တို့တွေ သံသယတစ်ခု ရှင်းသွားတာ ပေါ့ဗျာ၊ အရေးကြီးတာက ဂွတ်ပဒါးကို တွေ့အောင်ရှာပြီး ဆင်သိုင်း ကို ရောက်အောင် သွားကြဖို့ပဲရှိတော့တယ်"

ကိုအုန်းမြင့်နှင့် ဗဟာဒူးတို့မှာ ဂွတ်ပဒါးကို တကြော်ကြော် ခေါ်ရင်း ထိုအနားမှ လှည့်ထွက်လာခဲ့ကြသည်။ ထိုအခါမှ အင်္ဂလန်သား လက်စွပ်ကို ဝတ်ဆင်ထားသော ဗဟာဒူးမှာလည်း ဆင်အံလက်စွပ်ကို



www.burmeseclassic.com

www.burmeseclassic.com


နေရောင်တွင် မြှောက်ပြီးကြည့်လိုက်ရာ သူ့လက်ချောင်းအတွင်း ခါတိုင်းထက်ပိုပြီး တင်းကျပ်ကျပ်ကြီး ဖြစ်လာနေသည်ကို တွေ့လိုက်ရလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

တဖြည်းဖြည်း အချိန်တွေကြာလာသည်နှင့် ဓါဂျာကို မတွေ့ကြဘဲဖြစ်လေရာ ကိုအုန်းမြင့်နှင့် ကျွန်ုပ်ါရခါးတစ်ယောက်မှာ အလွန်အမင်း စိတ်ပူသောက ရောက်လာကြသည်။ ပြီးတော့ တောကြီးအတွင်း ဘယ်လိုမှ မထင်မှတ်ထားသော ထူးဆန်းသည့် အဖြစ်အပျက်တွေကြောင့် သူတို့နှစ်ယောက်စလုံးမှာ အလိုလိုနေရင်း ကျောချမ်းနေမိကြ၏။

ထိုအချိန်မှာပင် ရိုးမတောကြီးအတွင်း တရိပ်ရိပ်သွားနေသော မဲမဲသဏ္ဍာန်ကြီးတစ်ခုကို တောင်ရိုးတစ်ခုပေါ်မှ လှမ်းမြင်နေရသည်။ ထိုသဏ္ဍာန်ကြီးမှာ ကွင်းပြင်ထီးထီးကြီးထဲဖြစ်နေ၍ တံလျှပ်တို့က တဖျတ်ဖျတ်လှုပ်ခတ်နေလေရာ မြင်ကွင်းက မသဲမကွဲနှင့် ဖြစ်နေ၏။

"ကိုအုန်းမြင့်ရေ ယောပဲ့ိုက မဲမဲနဲ့ တဖြည်းဖြည်းရွေ့နေတဲ့ ဟာကြီးက ကျူပ်အထင် ဟိုဆင်နာကြီးပဲဖြစ်မယ်"

ဆင်အံလက်စွပ် ဝတ်ဆင်ထားသော ဆင်းဗဟာဒူးနားစောစောကပြေးရင်းလွှားရင်းနှင့် ဘယ်နေရာကျကျန်ခဲ့မှန်းမသိသည့်မှန်ပြောင်းကြောင့် မျက်မှောင်ကျုံ့ပြီးကြည့်ကာ ခန့်မှန်းပြောဆိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုအုန်းမြင့်မှာလည်း မျက်ခုံးပေါ်သို့ လက်တစ်ဖက်အုပ်မိုးကာ နေရောင်ကိုကွယ်ပြီး ကြည့်လိုက်လေရာ ထိုမဲမဲသဏ္ဍာန်ကြီးမှာ သူတို့နှစ်ယောက်ရှိရာဘက်ကို ကျောခိုင်းလျက် တရွေ့ရွေ့သွားနေသည်ကို တွေ့နေရသည်။

"အစစ်ပဲဗျို့၊ ကျုပ်တို့ ဒီဆင်နှာကြီးနောက်ကို မြန်မြန်လိုက်မှ ဖြစ်မယ် ဆရာရေ၊ ဒီကောင်ကြီး ဆင်သင်္ချိုင်းကို ဦးတည်ပြီးသွားနေတာပဲဖြစ်မယ်၊ တော်ကြာ ကျုပ်တို့ မျက်ခြေပြတ်သွားမှဖြင့် ဆင်သင်္ချိုင်းကို ရှာဖို့ခက်နေလိမ့်မယ်"

ဆင်အံလက်စွပ်ဝတ်ထားသော ဗဟာဒူးမှာ ကိုအုန်းမြင့်၏ အလျှင်စလိုစကားကြောင့် ပျောက်ဆုံးနေသည့် ဓါဂျာကိုရော ဘယ်လိုဆက်ပြီး လုပ်ကြမလဲဟူသော အကြည့်ဖြင့် ပြန်ကြည့်နေ၏။ ထိုအခါမှ ကိုအုန်းမြင့်ကလည်း...

"ဌတ်ပဒါးမှာ သေနတ်လည်းပါသွားတယ်၊ ဒီတောကြီးထဲ နှစ်ခေါက်သုံးခေါက် ရောက်ဖူးထားတော့ လမ်းလည်းမမှတ်မိမှာ မစိုးရိမ်ရပါဘူး၊ နောက်ပြီး ကျုပ်တို့ရွာဘက်ကို သူပြန်ပြေးတယ်ဆိုရင်တောင် အခုလောက်ဆို ရွာနားတော့ရောက်ရောပေါ့၊ မပူပါနဲ့ဗျာ၊ လာပါ... ဟိုကောင်ကြီးနောက်ကိုသာ မြန်မြန်လိုက်ကြစို့"

ဟုဆိုကာ ရေဗူးထဲမှရေကို တဝကြီးသောက်လိုက်ပြီး တောင်ရိုးကြီးပေါ်မှ ခပ်သုတ်သုတ်ခြေလှမ်းများနှင့် ဆက်လျှောက်သွားလေသည်။ ဓါဂျာခါးမှာလည်း ဘာမှမပြောသာတော့ဘဲ နောင်ထပ်ပေါ်ကြုံလာမည့် အန္တရာယ်တို့ကို အလွန်အမင်း ကြောက်လန့်ရသည်ဖြစ်ရာ ဆင်အံလက်စွပ်ကို နေရာတွင်ပြန်ထားလိုက်ဖို့ ကိုအုန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ အပြေးတစ်ပိုင်းနှင့် လိုက်ပါသွားလေသည်။

တောင်ရိုးကြီးပေါ်မှ သူတို့ အပြေးတစ်ပိုင်းနှင့် ဆင်းရှောက်လာပြီး ကွင်းပြင်ထီးထီးကြီးသို့ ရောက်သောအခါ တစ်နေကုန်အောင် မြစ်မြစ်တောက်ပူနေခဲ့သော မြေပြင်မှာ နေစောင်းသည်အထိ အနိုးအငွေ့တွေ တဟုန်းဟုန်းထနေတုန်းပင်ရှိသေး၏။

တစ်ချိန်တည်းမှာပဲ ကိုအုန်းမြင့်နှင့် ဆင်းဗဟာဒူးတို့၏ မျက်လုံးတွေကလည်း အဝေးမှ တရိပ်ရိပ်သွားနေသည့် ဆင်ရိုင်းကြီးကို မျက်ခြေပြတ်မခံ။ ထိုဆင်ရိုင်းကြီးမှာလည်း တဖြည်းဖြည်းချင်း လှမ်းနေသည့် ခြေလှမ်းတွေက ဒဏ်ရာတစ်စုံတစ်ခု ရထားသလို တုန့်ဆိုင်းဆိုင်းပင် ဖြစ်နေလေရာ ကိုအုန်းမြင့်တို့က မကြာခင်မှာပင် မီလုမီခင် ဖြစ်လာတော့သည်။

●

"အရှး...အမလေး...ဟော...ဟဲ...ဟောဟဲ..."

ပါးစပ်က အမြှုပ်တစီစီထွက်ပြီး သေပြေးရှင်ပြေး ပြေးနေရသော ဗွတ်ပဒါးခြေထောက်တွေက မဲမှောင်နေသော တောကြီးအတွင်း နင်းချင်ရာနင်း၊ ကျော်ချင်ရာကျော်၊ တိုက်ချင်ရာတွေ တဝုန်းဝုန်းပစ်တိုက်နေမိသည်။

သူ့လိုပင် ကိုအုန်းမြင့်နှင့် ဗဟာဒူးတို့မှာ ဘယ်နေရာသို့ ခြေဦးတည်ပြီး ပြေးနေကြမှန်းမသိ။ သူသိသည်က သဲကြီးမဲကြီး နောက်ကလိုက်ပါလာသည့် အသံကြီးတစ်ခုကိုသာ ကြားနေသည်။ ထိုအသံကြီးက သူပြေးနေရာနောက်သို့ နီးကပ်လာတိုင်း မှိုတေမ်းနှင့် လှမ်းဆွဲလိုက်သလို တစ်ချက်တစ်ချက် လေက နောက်ကျော



www.burmeseclassic.com

www.burmeseclassic.com



တွင် လာဟာတ်နေသည်။

"အရေး…အမား…ကယ်…ကယ်ကြပါ"

ကြောက်လန့်တုန်လှုပ်နေသည့် ခန္ဓာကိုယ်ကြီးတစ်ခုလုံးမှာ အလွန်အမင်း မောဟိုက်နေသည်ဖြစ်ရာ တစ်ချက်ကလေး ရပ်နားလိုက်သည်နှင့် သူ့နောက်မှ ဝုန်းဒိုင်းကြဲလိုက်ပါလာသည့် အသံကြီးမှာ ရုတ်တရက်ကွယ်ပျောက်သွားပြီး မိန်းမတစ်ယောက် အော်ဟစ်ငိုယိုပြီး လိုက်ပါလာသည့် အသံကြီးကို ကြားလိုက်ပြန်၏။

"အီး…ဟီး…ဟီး…"

အသံကြားရာကို ဝှတ်ပဒါးတစ်ယောက် ဘယ်လိုမှလှည့်မကြည့်ရဲ၊ သူ့အဖို့ ဒီတောအမှောင်ကြီးမှ လွတ်မြောက်သွားဖို့သာ သေလုမျောပါး ပြေးနေရသည်။

"ဟီး…ဟင့်…ဟင့်"

မိန်းမတစ်ယောက် အော်ဟစ်ငိုယိုပြီး လိုက်ပါလာသည့် အသံကြီးကလည်း စောစောက ဘာမှန်းမသိသည့် အရာကြီးတစ်ခုနောက်က လိုက်ပါလာသလိုပင် အရှိန်အဟုန်က တစ်စက်ကလေးမှ လျော့မသွား…။ သဲကြီးမဲကြီးပင် လိုက်ပါလာတုန်းဖြစ်သည်။

ဆင်းဝှတ်ပဒါးမှာ ပါလာသမျှ ပစ္စည်းပစ္စယတွေသာမက သူ၏ နှစ်လုံးပြူးမောင်းသေနတ်မှာလည်း ဘယ်နေရာတွင် ပြုတ်ကျခဲ့မှန်းမသိ။ အရေးအကြီးဆုံးက သူ့အသက်နှင့်ခန္ဓာ အိုးစားမကွဲဖို့ပင် ဖြစ်သည်။

"ဖြောင်း…ဒုန်း"

"အား…"



www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက် သစ်ပင်ကြီးတစ်ပင်နှင့် ပစ်တိုက်လိုက်သော အရှိန်ကြောင့် သူ့မျက်နှာတစ်ခုလုံး ပူကနဲဖြစ်သွားပြီး နောက်သို့ ပက်လက်လန်ကာ လဲကျသွား၏။ တစ်ချိန်တည်းမှာပဲ ဆင်းဂွတ်ပဒါးမှာ လက်လှမ်းမီရာ အောမှ သစ်ကိုင်းသစ်ခက်တွေကို ကယောင်ကတမ်းနှင့် လှမ်းဆွဲကာ ကုန်းပြီးပြန်ထလိုက်၏။

ထိုစဉ်မှာပင်တောကြီးတစ်ခုလုံးမှာ မဲမှောင်နေရာမှ ဖြန်းကနဲ ပြန်လင်းသွားလေသည်။

"ဟင်"

ဆင်းဂွတ်ပဒါးမှာ ရှတ်တရက်ကြီးဆိုသလို တောကြီးတစ်ခုလုံး ပြန်လင်းသွားသည်ကို တွေ့လိုက်ရပြီး ထိုနေရာမှာပင် မှင်သက်ငေးကြောင်မိနေလေသည်။ စောစောက နောက်ကလိုက်လာသည့် အသံကြီးတွေနှင့် မိန်းမတစ်ယောက်၏ အော်ဟစ်ငိုယိုသံတွေမှာလည်း ချက်ချင်းဆိုသလို ပျောက်ကွယ်သွားကာ အရာရာက ပကတိအတိုင်းပင် ဖြစ်နေလေသည်။

ထိုအချိန်မှာပင် ဆင်းဂွတ်ပဒါး၏ မျက်လုံးတွေက ပတ်ဝန်းကျင်တစ်ခုလုံးကို ကမျာကယာနှင့် ကြည့်လိုက်လေရာ ဒီတောကြီးထဲကို သူတို့သုံးယောက်သား စပြီး ဝင်လာခဲ့သည့်လမ်းကို ကံကောင်းထောက်မစွာနှင့် တွေ့လိုက်ရသည်။

ဆင်းဂွတ်ပဒါးမှာ ထိုလမ်းကို တွေ့လိုက်ရသည်နှင့် ဘာတစ်ခုမှ စဉ်းစားမနေတော့ဘဲ ဖဒိုရွာရှိရာသို့ ဦးတည်ကာ သွေးရူးသွေးတမ်းနှင့် ပြေးလေတော့သည်။

ဖဒိုရွာသို့ ဝင်လိုက်သည်နှင့် သူ့ခန္ဓာကိုယ်ကြီး တစ်ခုလုံးမှာ

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကြိုးပြတ်သလို ဘုန်းကနဲ ပစ်လဲသွားလေသည်။

"ဟာ...ဟိုမှာ ဂေါ်ရခါး တစ်ယောက်ပါလား"

"လာကြဟေ့...ဒီ...ဒီမှာ ဂေါ်ရခါးတစ်ယောက် ရွာထိပ်မှာ လဲကျနေလို့"

"ဟင်...မျက်နှာပေါ်မှာလည်း ဒဏ်ရာတွေနဲ့ပါလား၊ ဝက်ဝံနဲ့ ဒုက္ခတွေ့လာခဲ့ရပြီနဲ့ တူတယ်ဟေ့"

ဖဒိုရွာအတွင်းမှ ပြေးထွက်လာကြသော ဆင်သမားများနှင့် ရွာသားများမှာ သွေးအလိမ်းလိမ်းနှင့် တစ်ကိုယ်လုံး စုတ်ပြတ်ဖွာလန်ကျဲပြီး လဲကျနေသည့် ခါဂျာဆင်းကို မြင်လိုက်ကြသည်နှင့် တစ်ယောက်တစ်ပေါက်တွေ ဝိုင်းအုံပြီးပြောကြသည်။ ထိုအထဲမှ ဆင်ခေါင်းဦးသာဒွန်းက ဥတ်ပဒါးကို ပွေ့ထူလိုက်ပြီး...

"ဒီ...ဒီမှာ ဘယ်လိုဖြစ်လာတာလဲဗျ၊ ဟို...ဟိုလူတွေရော"

ခါဂျာဆင်းမှာ ဦးသာဒွန်း၏လက်ထဲတွင် ဘာစကားမှ မပြောနိုင်တော့။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေက မြင်မကောင်းအောင် တဒီဒီးကျနေပြီး မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့အပြားမှ ဒဏ်ရာဒဏ်ချက်တွေက သွေးစသွေးနတွေနှင့် ဖြစ်နေ၏။

ခဏကြာမှ ဥတ်ပဒါးမှာ မျက်လုံးများပွင့်ဟလာပြီး တုန်ရင်နေသော လေသံဖြင့် အသက်ကို အလုအယက်ရှူကာ အားယူရင်း...

"ဟို...ဟိုလူတွေ တော တောထဲမှာ ကျန်နေခဲ့ပြီ၊ သူတို့လည်း၊ ကျုပ်လို ဒုက္ခတွေ တွေ့နေလောက်ပြီဗျ"

ထိုစကားကိုပြောရင်း ဥတ်ပဒါးမှာ ပျော့ခွေသွတ်ကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ၏ ခြေတွေလက်တွေကလည်း အကြောဆွဲသလို ဆန့်ငင်ဆန့်ငင်ပင် ဖြစ်နေလေသည်။ ထို့နောက် ခါဂျာဆင်း၏ ပါးစပ်က အမြှုပ်တွေ တစီစီထွက်လာပြီး သွေးရူးသွေးတမ်းတွေနှင့်…

"ကျူပ်…ကျူပ်နောက်ကို မိန်းကလေးတစ်ယောက် ငိုပြီး လိုက်လာနေတယ်၊ လုပ်…လုပ်ကြပါအုံးဗျာ…အ…အား"

ဦးသာဒွန်းမှာလည်း ဝွတ်ပဒါးပြောသည့် မိန်းကလေးတစ်ယောက် ငိုယိုပြီး လိုက်ပါလာသည်ဆိုသော စကားကိုကြားလိုက်သည်နှင့် နောက်ထပ်မေးခွန်းတွေကို အလောတကြီး ထပ်မေးလိုက်၏။

"ဘယ်က မိန်းကလေးလဲ ပြောပါအုံး၊ ဘယ်လိုပုံသဏ္ဌာန်မျိုးလဲ"

ဆင်းဝွတ်ပဒါးထံမှ နောက်ထပ် ဘာစကားတစ်ခွန်းမှ ထွက်မလာ၊ စပ်ကြောင်ကြောင်ဖြစ်နေသော သူ့မျက်စိနှစ်လုံးက ခါတိုင်းထက်ပင် ပိုပြီးပြူးကျယ်နေလေသည်။ ဦးသာဒွန်းမှာလည်း နောက်ထပ်မေးခွန်းတွေကို ဝွတ်ပဒါးအား လှုပ်ရမ်းပြီး ဆက်မေးနေပြန်သည်။ သို့သော် ဝွတ်ပဒါးကတော့ ဘာစကားမှ ပြန်မဖြေနိုင်တော့ဘဲ မျက်လုံးပွင့်လျက်သားနှင့် ငြိမ်ကျသွား၏။

"ဆရာ…ဆရာဝွတ်ပဒါး"

"ခေါ်လို့မရတော့ဘူးဗျို့၊ ဒုက္ခပါပဲ"

"ဟဲ့ သေများသေပြီလား၊ လုပ်ကြပါအုံး"

ဝိုင်းအုံကြည့်နေကြသော ရွာသားတွေက ဝွတ်ပဒါးကို အမျိုးမျိုးလှုပ်ရမ်းပြီး ခေါ်နေကြ၏။ သို့သော် ဝွတ်ပဒါးကတော့ ဘာတစ်ခုမှ မလှုပ်တော့။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဆင်ခေါင်းဦးသာဒွန်းမှာ ဂွတ်ပဒါးကို ပွေ့ထူထား သော လက်ကို ဖြည်းဖြည်းချင်းလျှော့ချလိုက်ပြီး…

"ဒီလူ အသက်မရှိတော့ဘူးဟေ့၊ တောထဲမှာ ဘယ်လိုဒုက္ခ တွေနဲ့ တွေ့ခဲ့ကြပြီလဲ မသိဘူး"

ဟု ပြောလိုက်လေရာ ဘေးမှ လူအုပ်ကြီးမှာလည်း…

"ဟင်…"

"ဗျာ…၊ သေပြီဟုတ်လား"

"ဟုတ်တယ်…သူ အသက်မရှိတော့ဘူး"

"ဒါ…ဒါဆို ကျုပ်တို့ ကိုအုန်းမြင့်နဲ့ နောက်ဂေါ်ရခါး တစ်ယောက်လည်း ဒီအတိုင်းဆိုရင် ဒုက္ခတစ်ခုခု တွေ့နေပြီထင်တယ် ဗျ၊ ဘယ်လိုလုပ်ကြမလဲ"

"ဒီအတိုင်းဆိုရင်တော့ ဟိုလူတွေနောက်ကို လိုက်မှဖြစ်မယ် ထင်တယ် ဘတွေးသာဒွန်း"

ဦးသာဒွန်းမှာ ညိုမှောင်အုံ့ဆိုင်းနေသော ရိုးမတောကြီးရှိရာ ဆီသို့ တစ်ချက်ငေးရီကြည့်လိုက်ရင်း စိုးရိမ်ပူပန်သည့် လေသံဖြင့်…

"ငါတို့ ကိုအုန်းမြင့်တို့နှစ်ယောက်ကို တောနင်းပြီး အမြန် ရှာမှဖြစ်တော့မယ်။ ဒီအတိုင်းဆို သူတို့နှစ်ယောက်လည်း ဒုက္ခတွေ အကြီးအကျယ်ရောက်လောက်နေပြီ"

ဟု ပြောလိုက်လေရာ ရွာသားအချို့နှင့် ဆင်သမားများလည်း ကိုအုန်းမြင့်တို့နောက်သို့လိုက်ရန် မီးတုတ်များကို ချက်ချင်းပင် ပွန်းညှိ ပြင်ဆင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

ကိုအုန်းမြင့်နှင့် ဆင်းဗဟာဒူးတို့မှာ တလှုပ်လှုပ်သွားနေသော ဆင်ရိုင်းကြီးနောက်ကို သဲကြီးမဲကြီးနှင့် လိုက်နေကြရာမှ တစ်ခါတစ်ခါ ထိုဆင်ရိုင်းကြီးက သူတို့မြင်ကွင်းထဲမှ ပျောက်ပျောက်သွား၏။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း သူတို့မျက်ခြေ ပြတ်လည်းပြတ်စရာပင်၊ အမှောင်ထုက တဖြည်းဖြည်း လွှမ်းခြုံကျရောက်လာနေပြီဖြစ်၏။

ထိုအချိန်မှာပင် ကိုအုန်းမြင့်တို့ နှစ်ယောက်မှာလည်း ပြိုပျက်နေသော ကျောက်ဂူကြီးတစ်ခုအနီးသို့ ရောက်လာကြလေသည်။ ထိုဂူပျက်ကြီးက ကျောက်သားနံရံဟု ဆိုသော်လည်း ဆင်တစ်ကောင်ဝင်နိုင်သော အခေါင်းကြီးဖြစ်နေသည့် တောင်ပို့ကြီးနှင့်ပင် ပိုပြီးတူနေလေသည်။

"ဟောလူ…ကိုအုန်းမြင့်၊ ကျုပ်တို့မြင်လိုက်ရတဲ့ ဆင်နာကြီးက ဒီကျောက်ဂူကြီးထဲ ဝင်သွားတာဆိုတော့ ဆင်သချိုင်းက ဒီကျောက်ဂူကြီးထဲမှာ ရှိမှာသေချာတယ်။ နောက်ပြီး ဟိုလူပြောတဲ့ သူ့အရင်း ဆင်အံ့လက်စွပ် ရလာတယ်ဆိုတာလည်း ဒီနေရာပဲဖြစ်မယ်ထင်တယ်ဗျ"

www.burmeseclassic.com



သူတို့မြင်နေရသော ကျောက်ဂူကြီးတစ်ခုလုံးမှာ မဲမှောင်နေပြီး ပြောလိုက်သောစကားသံက ထိုကျောက်ဂူကြီး၏ အတွင်းဘက်နံရံများဆီမှ ပဲ့တင်ထပ်ပြီး ပြန်ကြားလိုက်ရသည်။ ထိုအခါမှ ကိုအုန်းမြင့်က…

"ဟုတ်လိမ့်မယ်ဗျို့…ဆင်တွေဟာ သူတို့ရဲ့သင်္ချိုင်းကို အခုလို လူမမြင်သူမမြင် ကျောက်ဂူတွေ၊ လှိုဏ်ကြီးတွေကြားမှာ လုပ်တတ်ကြတယ်လို့ ကျုပ်လည်းကြားဖူးတာပဲ၊ ဒီအတိုင်းဆို ကျုပ်တို့ရှာနေတဲ့ ဆင်သင်္ချိုင်းဟာ ဒီနေရာပဲဆိုတာ သေချာမှတော့ ကျုပ်တို့ခဏတဖြုတ်နားမှ တော်အုံးမယ် ဆရာဗဟာဒူးရေ၊ ကျုပ်တော့ တော်တော် ပင်ပန်းနေပြီ"

ပြောပြောဆိုဆို ကိုအုန်းမြင့်နှင့် ဗဟာဒူးတို့မှာ တစ်လမ်းလုံးအလွန်အမင်း ပင်ပန်းလာကြသည်ဖြစ်ရာ ထိုဂူပေါက်ဝကြီးရှေ့တွင် ခြေပစ်လက်ပစ်တွေနှင့် ထိုင်ချလိုက်ကြသည်။ ထိုအချိန်မှာပင် ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း သိသိသာသာကြီးပင် မှောင်မိုက်လာနေရာ ကိုအုန်းမြင့်က မီးဖိုရန် သူ့ရှေ့မြေပြင်မှ မြေစာခဲတွေကို လက်နှင့်ယက်ထုတ်လိုက်၏။

မြေစာခဲတွေကို လက်ဖြင့် တစ်ချက်နှစ်ချက် ယက်ထုတ်လိုက်သည်နှင့် ပွယောင်းယောင်းဖြစ်နေသော မြေကြီးအောက်တွင် အနီရောင်အုတ်ချပ်လွှာတွေ အစီအရီနှင့် ပေါ်လာသည်ကို ကိုအုန်းမြင့်တွေ့လိုက်ရသည်။

"ဟင်…အုတ်ချပ်တွေပါလား"

ထိုအုတ်ချပ်များမှာ မြေနီအုတ်ချပ်များဖြစ်ပြီး ထုက ခပ်ပါးပါး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဗျက်အကျယ်က လူကြီးလက်ဝါးနှစ်ခုစာလောက်ပင် ရှိလေသည်။

ထို့နောက် ကိုအုန်းမြင့်မှာ မြေပြင်ကို ဓားဦးဖြင့် လေးငါး ဆယ်ချက် ဆက်ပြီးထိုးဆွလိုက်သည်နှင့် အနီရောင်အုတ်ချပ်တွေက အစိလိုက်အတာန်းလိုက်တွေ ဖွေးကနဲဖွေးကနဲ ပေါ်လာ၏။

ထိုအခါမှ ဆင်းဗဟာဒူးက…

"ကြည့်ရတာ ဒီနေရာဟာ အရင်က ဝတ္ထုကမြေတို့ ဘာတို့ပဲ ဖြစ်နေမလား"

"အေးဗျ…ဒီလိုအုတ်ချပ်မျိုးတွေကို ရှေးဟောင်းစေတီပုထိုး တွေ တော်တော်များများမှာ ကျုပ်တော့တွေ့ဖူးတာပဲ"

ကိုအုန်းမြင့်မှာ ပါးစပ်ကသာ ပြောနေသော်လည်း လက်က မြေပြင်ကို ဆက်ပြီးတူးဆွနေ၏။ မကြာမီ ကျောက်ဂူကြီး၏ အတွင်းမှ ဆိုလို ရိုးမတောကြီးဘက်ဆီမှလိုလို လူအော်သံတွေကို ကြားလိုက်ရ သည်။ ထိုအသံတွေက သဲသဲကွဲကွဲ မရှိလှသော်လည်း ထိုအထဲမှ မိန်းကလေးတစ်ဦး၏ စူးစူးရှရှ အော်ဟာစ်နေသည့် အသံကိုတော့ ကိုအုန်းမြင့်တို့နှစ်ယောက်စလုံး နားဖြင့်ဆက်ဆက် ကြားလိုက်ရသည်။

ဆင်းဗဟာဒူးက ထိုအသံတွေလာရာဘက်ဆီကို ငြိမ်ပြီး နားထောင်နေရာမှ…

"ကြားရဲ့လား ကိုအုန်းမြင့်၊ ဒီအသံတွေထဲမှာ မိန်းကလေး တစ်ယောက်ရဲ့အသံကို ကျုပ် အတိုင်းသားကြားနေရတယ်"

"ကျုပ်…ကျုပ်တို့ဆီကို ဘယ်လိုအန္တရာယ်မျိုးတွေ ရောက် လာအုံးမယ် မသိဘူး၊ ကြာပါတယ်ဗျာ၊ ကျုပ်တို့ ဒီကျောက်ဂူကြီးထဲ ဝင်ပြီး ဆင်သင်္ချိုင်းကို ရှာကြစို့၊ ပြီးရင် ဆင်အဲလက်တွေကို အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာထားခဲ့ပြီး မြန်မြန်လှည့်ပြန်တာ အကောင်းဆုံးပဲ"

ကိုအုန်းမြင့်မှာ ဟိုဟိုဒီဒီကိုကြည့်ရင်း အလွန်အမင်း ကြောက်လန့်နေသည့် မျက်နှာနှင့်ဖြစ်နေသည်။ ပြီးတော့ သူတို့ထံသို့ ရောက်လာအုံးမည့် ဘာမှန်းမသိသည့် အန္တရာယ်တွေကိုလည်း အလိုလိုနေရင်းတွေးကာ သွေးပျက်မတတ်ပင် ခြောက်ခြားနေမိလေသည်။

ထိုအချိန်မှာပင် သူတို့နှစ်ယောက်စလုံးမှာ ကျောက်ဂူအပေါက်ဝကြီးဘက်သို့ လှည့်ကြည့်လိုက်လေရာ...

"ဟင်..."

"ဟာ..."

အစိမ်းရောင်ဝတ်ထားသော မိန်းကလေးတစ်ယောက်မှာ ကျောက်ဂူဝတွင် မတ်တပ်ရပ်နေပြီး ကိုအုန်းမြင့်တို့နှစ်ယောက်ကို မျက်လုံးများ ကျွတ်ထွက်မတတ် စိုက်ကြည့်နေလေသည်။

●

"ဟေး...လူတွေ၊ ဘယ်မှာလဲဟေ့...တို့တွေလိုက်လာကြပြီ"

"ဟေး...ဘာမှမကြောက်နဲ့ဟေ့...ငါတို့လာနေပြီ"

ဦးသာဒွန်းဦးဆောင်သည့် ရွာသားအချို့နှင့် ဖဒိုဆင်စခန်းမှဆင်သမားများမှာ မီးတုတ်များ တဝင့်ဝင့်နှင့် တုတ်များ၊ ဓားများ၊ လှံများကို ကိုင်ဆောင်ကာ ကိုအုန်းမြင့်တို့နှစ်ယောက်နောက်ကို ညာသံပေးရင်း လိုက်လာကြသည်။ သူတို့လူစုကြီးမှာလည်း အယောက်နှစ်ဆယ် အစိတ်နီးပါးရှိသဖြင့် တစ်တောလုံးမှာ မီးတုတ်မီးခိုးရောင်တွေက တစ်ထိန်ထိန်နှင့် ဖြစ်နေသည်။

သူတို့ရောက်လာရာ တောကြီးတစ်ခုလုံး မှာ မကြာခင်အချိန်

www.burmeseclassic.com

www.burmeseclassic.com



ထ လေပြင်းမှုန်တိုင်းတစ်ခု ကျသွားခဲ့သလို သစ်ပင်သစ်ကိုင်းကြီးတွေ ထ အလဲလဲအပြိုပြိုဖြစ်နေကြလေရာ ခက်ခက်ခဲခဲနှင့် ရှောင်ကွင်းပြီး သွားနေရသည်။

"ဒါနဲ့ နေပါဦး ဘထွေးသာဒွန်းရဲ့၊ ဟိုလူ ဆင်းရွှတ်ပဒါး ဆိုတဲ့လူ မသေခင်ပြောသွားတဲ့ မိန်းမလေးတစ်ယောက်ဆိုတာက ဘယ်ကမိန်းကလေးလဲဗျ။ ဒီတောကြီးထဲကလား"

ဆင်လုပ်သား မောင်ဘတူက ဦးသာဒွန်းနှင့်မှည့်ပြီး လျှောက်လာနေရာမှ သူ့စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေသော မေးခွန်းကိုမေးလိုက်၏။

"အေး...ငါလည်း အဲဒါကို စဉ်းစားနေတာပဲ ဘတူရဲ့၊ ကျွေ ကိုအုန်းမြင့်တို့တွေ မနန်းပုံဘုရားကို ရောက်ခဲ့ပြီနဲ့တူတယ်"

"ဗျာ...မနန်းပုံဘုရား၊ ဟုတ်လား...ဘထွေးသာဒွန်း၊ ဘယ်က မနန်းပုံဘုရားလဲ...ပြောပါဦး"

မောင်ဘတူ တအံ့တသြ မေးနေသော မေးခွန်းတွေကြောင့် ကျန်သူများအားလုံးကပါ ဘထွေးသာဒွန်းထံမှ ကြားရမည့်စကားတွေ ကို လမ်းလျှောက်နေရင်းနှင့်ပင် နားထောင်ချင်မိကြသည်။ ထို့နောက် ဘထွေးသာဒွန်းက...

"ဒီလိုကွ ဒါက ငါ ခပ်ငယ်ငယ်ကကြားဖူးတဲ့ အဖြစ်အပျက် ပါ၊ ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်ကျော်လောက်က ဒီမိုးမတောကြီးထဲမှ အင်္ဂလိပ်တွေဟာ ကျွန်းသစ်တွေကို စည်းမဲ့ကမ်းမဲ့ ခုတ်ကြတဲ့အချိန်ပေါ့ကွာ၊ အမှန်တော့ ငါတို့အရှင်နှစ်ပါး ပါတော်မူ ထဲတည်းက နိုင်ငံပိုင် အဖိုးတန်ကျွန်းတွေကို ဒီကောင်တွေထ ခုတ်



www.burmeseclassic.com

www.burmeseclassic.com



ချင်တိုင်း ခုတ်နေကြတာ၊ အဲဒါတင် ဘယ်ကမလဲ၊ တို့လူမျိုးတွေကို လည်း သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ မတရားသဖြင့် ခိုင်းစေကြ တယ်။ တောကြမ်း တောင်ကြမ်းဆိုတော့ သေလိုက်ကြတဲ့ လူတွေက လည်း ဒီတောကြီးထဲမှာ မနည်းပါဘူးတဲ့ကွာ…”

ဦးသာဒွန်း၏စကား ခဏပြတ်သွားသည်နှင့် သစ်ခုတ်သမား တစ်ယောက်၏ အသံက အမှောင်ထဲမှ မကျေမနပ်ထွက်လာပြန်၏။

“ဗျို့…ဘတွေးသာဒွန်း၊ ကျုပ်တို့လည်း ဘာထူးလို့လဲဗျ၊ ဒီအင်္ဂလိပ်အစိုးရလက်ထဲမှာ မတရား အလုပ်လုပ်နေရတာပဲ မဟုတ် လား”

“ဟုတ်ပါ့ကွာ၊ ဒါတွေထားပါ၊ အဲဒီတုန်းက အလုပ်ဒဏ်ရော၊ ရာသီဥတုဒဏ်ကြောင့်ပါ လူတွေအသေအပျောက်များလာလို့ အလုပ် သမားတွေအကုန်လုံးက အဲဒီနေရာမှာ ကောင်းမှုကုသိုလ်တွေလုပ်ဖို့နဲ့ စေတီဘုရားတည်ဖို့ အင်္ဂလိပ်အစိုးရကို တောင်းဆိုကြတယ်။ ဒီလိုနဲ့ သစ်ကုမ္ပဏီက အရာရှိတွေကလည်း လုပ်ခွင့်ပြုတယ် ဆိုပါတော့ ကွာ၊ အဲဒီအချိန်မှာ သစ်ထုတ်လုပ်ရေးက ဆင်သမားကိုခဲနဲ့ကိုမြဲဆို တဲ့ ညီအစ်ကိုနှစ်ယောက် စေတီတည်ရာမှာ ဦးဆောင်ပြီး လုပ်ကြ တယ်တဲ့၊ ဒီလူနှစ်ယောက်ကလည်း ကရင်လူမျိုးတွေဆိုပေမယ့် ဗုဒ္ဓ ဘာသာတွေလေ၊ နောက်ပြီး သူတို့တစ်ကိုယ်လုံးမှာလည်း ဆေးနီ မင်ကြောင်တွေ ထိုးထားတာပွလို့တဲ့”

သူတို့လူစုကြီး လျှောက်လာရာတောကြီးထဲမှာ သစ်ရွက်ခြောက် သစ်ရွက်ခြောက်တွေကို တဂျွမ်းဂျွမ်းနင်းလျှောက်နေသံနှင့် ရှေ့ဆုံးမှ ဦးသာဒွန်းပြောပြနေသည့် အသံကလွဲပြီး အားလုံးက ငြိမ်သက်ဆိတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခါတစ်ခါ သစ်ပင်မြင့်မြင့်ကြီးများပေါ်မှ တကီးကီးတဂစ်ဂစ်နှင့် အော်နေကြသော ညဉ့်ငှက်တွေ၏အသံက တူးတူးခါးခါးပင်ကြားနေရသည်။

"ဒါနဲ့ နေပါအုံးဗျ၊ ဒီလူတွေ တည်တဲ့ဘုရားဆိုတာ ဘထွေးသာဒွန်း စောစောကပြောတဲ့ ဘာတဲ့ မနန်း..."

"အေး...ဟုတ်တယ်၊ မနန်းပုံဘုရား၊ ဒါပေမယ့် အဲဒီမနန်းပုံဆိုတာ တကယ်တော့ ဆင်မကြီးတစ်ကောင်ရဲ့ နာမည်ကွ၊ ကိုခဲတို့ ကိုမြဲတို့ဦးစီး ထိန်းကျောင်းနေရတဲ့ ဆင်မကြီး။ လူတစ်ယောက်လို အသိရှိတဲ့ သူတော်ကောင်း ဆင်မကြီးပေါ့ကွာ၊ အဲဒီ မနန်းပုံဆိုတဲ့ဆင်မကြီးဟာ အင်္ဂလိပ်တွေ မတာန်တဆခိုင်းစေတဲ့ အလုပ်တွေသာမက စေတီတည်တဲ့နေရာမှာလည်း အုတ်တွေ သဲတွေကို ပင်ပင်ပန်းပန်းနဲ့လုပ်ရင်း သေရပါလေရော၊ ပိုပြီးအံ့ဩစရာကောင်းတာက အဲဒီဆင်မကြီးမနန်းပုံမှာ အံပွားတစ်ခု ရှိနေတာပဲကွ၊ ကိုခဲနဲ့ကိုမြဲလည်း သေသွားတဲ့ သူတို့ဆင်မကြီးရဲ့အံပွားကို တည်နေတဲ့ဘုရားမှာ ဌာပနာထည့်လိုက်ကြဖို့ လုပ်နေတုန်းမှာ အင်္ဂလိပ်အရာရှိတွေက ဓားပြတွေလို့ မတရားစွပ်စွဲပြီး ကိုမြဲနဲ့ကိုခဲကို လက်နက်နဲ့ထိုးသတ်လိုက်ကြတယ်တဲ့လေ၊ ငါလည်း ဒီအကြောင်းတွေကို ကလေးဘဝက သူများပြောတာ ကြားခဲ့ဖူးတော့ အခု ကိုအုန်းမြင့်တို့အဖွဲ့တွေ တွေ့လာခဲ့တဲ့ မိန်းကလေးက ဒီမနန်းပုံဘုရားနဲ့များ ဆက်စပ်နေမလားလို့"

"ဟင်...မနန်းပုံဆိုတဲ့ ဆင်မကြီးနာမည်နဲ့ တည်တဲ့ဘုရားရယ်၊ ဒီမိန်းကလေးရယ်က ဘယ်လိုပတ်သက်နေလို့လဲ ဘထွေးသာဒွန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဆင်ခေါင်းဦးသာဒွန်းမှာလည်း…

"အေးပေါ့ကွာ…ရှေ့နားရောက်တော့ ခဏနားရင်း ပြောပြမှာပေါ့"

ဟုဆိုကာ ပခုံးပေါ်လွယ်ထားသော ပလိုင်းကြီးထဲမှ ရေဗူးကို ထုတ်ယူပြီး အားရပါးရ မော့သောက်လိုက်လေသည်။

ဆင်ခေါင်းဦးသာဒွန်း၏ စကားတွေကြောင့် ရိုးမတောကြီး အတွင်းသို့ လိုက်ပါလာကြသူတွေ အကုန်လုံးမှာ အတွေးကိုယ်စီနှင့် ဖြစ်ကုန်ကြ၏။ အထူးသဖြင့် တစ်ချိန်က စွယ်နီဆင်ရိုင်းကြီး အလိုက်ခံရပြီး သေပြေးရှင်ပြေး ပြေးလာခဲ့ရသူ ကိုဒေါင်းကိုယ်တိုင်ကပင် အတွေးတွေနှင့် ဖြစ်နေတော့သည်။

●

အစိမ်းရောင်ဝတ်ထားသော မိန်းကလေး၏ မျက်နှာပေါ်မှာ မကျေနပ်ခြင်း၊ ကြေကွဲခြင်းနှင့် တစ်စုံတရာကို လိုချင်တောင့်တနေသော အမူအယာတွေက ဂူပေါက်ဝတွင် ဖိုထားသော မီးဖို၏အလင်းရောင်ကြောင့် အထင်အရှားမြင်နေရသည်။

ထိုအချိန်မှာပင် မိန်းကလေးက လက်ဝါးတစ်ဖက်ကိုဖြန့်ရင်း ကိုအုန်းမြင့်နှင့် ဆင်းဗဟာဒူးတို့ရှိရာသို့ ဆန့်တန်းသလိုလုပ်လိုက်လေသည်။ သူမ၏ မျက်နှာပေါ်မှာလည်း စောစောကလို မဟုတ်တော့ဘဲ ပြုံးရိပ်များသန်းလာလေသည်။

ရုတ်တရက်ဆိုသလို ဆင်းဗဟာဒူး၏ လက်တစ်ဖက်က မိန်းကလေး၏ပခုံးကို လှမ်းဆွဲလိုက်လေရာ သူ၏လက်ချောင်းအတွင်း ကျပ်ညပ်နေသော ဆင်အံလက်စွပ်မှာ အုံ့သြစရာကောင်းလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ချောင်ပြီး မြေပြင်ပေါ်သို့ ကျွတ်ကျလာလေ၏။

တစ်ခဏအတွင်းမှာပင်...

အစိမ်းရောင်ဝတ်ထားသော မိန်းကလေးမှာ လက်စွပ်ကို အလျှင်အမြန်ကောက်ယူပြီး ဂူပျက်ကြီးအတွင်းသို့ လှစ်ကနဲပင် ပြေးဝင်သွား၏။ ဆင်းဗဟာဒူးမှာလည်း ထိုမိန်းကလေး ပြေးဝင်သွားသော ဂူပျက်ကြီးအတွင်း ထပ်ကြပ်မကွာ လိုက်ဝင်သွားပြီး ကိုအုန်းမြင့်ကို လည်း အော်ဟစ်အကူအညီတောင်းနေပြန်သည်။

သူ ဂူကြီးအတွင်းသို့ ရောက်သောအခါ...

"ဟင်...ကိုအုန်းမြင့်လည်း ဒီမှာရှိမနေပါလား၊ ဟို...ဟို... နဲ့မကော ဘယ်ရောက်သွားပြီလဲ"

ဘေးပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ်ရှာဖွေကြည့်သော် လည်း အစိမ်းရောင်ဝတ် မိန်းကလေးကိုတော့ အရိပ်အယောင်မျှပင် မတွေ့ရတော့။ ပိုဆိုးသည်က ကိုအုန်းမြင့်ကိုပါ မတွေ့ရတော့ခြင်း ပင်။ တစ်ချိန်တည်းမှာပင် သူ့စိတ်တွေက ကသောင်းကနင်းတွေ ဖြစ် သွား၏။ ဂူပျက်ကြီးအတွင်းမှာလည်း အစုမှပင် သေချာကြည့်မိလိုက် ရာ တစ်ဖက်ပိတ်ဂူပျက်ကြီးဖြစ်နေလေရာ သူ့အဖို့ စောစောကပြေး ဝင်သွားသော မိန်းကလေးက ဒီဂူပျက်ကြီးအတွင်း ရှိမနေတော့သည်ကို စဉ်းစားရခက်နေ၏။ ထိုအချိန်မှာပင်...

"ဝူး...ဝူး"

ဟူသော ဆင်အော်သံကြီးနှင့်အတူ သူ့တစ်ကိုယ်လုံး ရုတ်တရက် နှာမောင်းနှင့် ပွေ့ယူလိုက်သလို အပေါ်သို့မြောက်တက်သွားပြီး မြေပြင် ပေါ်သို့ ခြေလွှတ်လက်လွှတ် ပစ်ပေါက်ချခံလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း…"

ဆင်းဗဟာဒူးမှာ 'အင့်'ကနဲ ပါးစပ်ကအသံထွက်သွားပြီး မြေပြင်ပေါ်တွင် ခွေခွေကလေး လဲကျသွားသည်။ ထို့နောက် သူ့ခန္ဓာကိုယ်ကြီးမှာ ဘယ်လိုမှပင် မလှုပ်ရှားနိုင်ဘဲ ရှိနေချိန်တွင်တော့ ဆင်ရိုင်းကြီးမှာ ဝင်းဝါနေသော စွယ်စုံကြီးနှင့် ဗဟာဒူးကို အားကုန်ထိုးပက်ချလိုက်လေသည်။

"အား…"

ကိုအုန်းမြင့်နှင့် ဗဟာဒူးတို့၏ ခြေရာကိုကောက်ပြီး လိုက်လာကြသည့် ဆင်ခေါင်းဦးသာဒွန်းတို့အဖွဲ့ကြီးမှာလည်း ဂူပျက်ကြီးအနီးသို့ အော်ရင်းခေါ်ရင်းနှင့်ပင် ရောက်လာကြလေသည်။

ထိုအချိန်မှာပင် တဟုန်းဟုန်းတောက်လောင်နေသော မီးလင်းဖိုအနီးရှိ ဂူပျက်ကြီးတစ်ခုအတွင်းမှ အသံတစ်ခုကို ကြားလိုက်ကြရသည်။

"ရှူး…ရှူး"

"ရှူး…ရှူး"

မဲမှောင်နေသော ဂူပေါက်ဝကြီး၏ အတွင်းဘက်မှ တရှူးရှူးနှင့်အော်နေသော အသံတစ်ခုကို ထူးထူးဆန်းဆန်း ကြားလိုက်ရသည်။ ထိုအသံမှာ ဆင်တစ်ကောင်၏ အော်သံကဲ့သို့ တုပပြီး လိုက်အော်နေသည့်အသံမျိုး။ ထိုအသံကို ကြားလိုက်ရသည်နှင့် ဦးသာဒွန်းတို့ပရိတ်ကြီးမှာ မီးတုတ်များကိုင်ဆောင်ပြီး ဂူကြီးအနီးသို့ ချဉ်းကပ်သွားကြသည်။

"ရှူး…ရှူး…"



www.burmeseclassic.com

www.burmeseclassic.com



"ဝူး…ဝူး…"

ထိုဂူပေါက်ဝကြီးသို့ သူတို့လူစုကြီး ရောက်သောအခါ တဝူးဝူးနှင့်အော်နေသော အသံမှာ တကယ့်လူသံမှ လူတစ်ယောက်၏ အသံစစ်စစ်ဖြစ်နေသည်။

"ဟင်…ထူးထူးဆန်းဆန်းပါလား"

သူတို့အားလုံးမှာလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေကြ၏။ သူတို့လက်ထဲမှ မီးတုတ်များ၏ အလင်းရောင်ကလည်း ထိုဂူပျက်ကြီး၏ အတွင်းဘက်သို့ မသဲမကွဲသာ ကျရောက်နေ၏။ ထို့နောက် ဦးသာဒွန်းက အချက်ပြလိုက်သည်နှင့် လူစုလူဝေးကြီးမှာ ဂူပျက်ကြီးအတွင်းသို့ ပြိုင်တူဆိုသလို တဟုန်ထိုးပြေးဝင်လိုက်ကြသည်။

ထိုဂူပျက်ကြီး၏ အတွင်းဘက်တွင်တော့ ကိုအုန်းမြင့်မှာ မြေပြင်ပေါ် ဒူးနှစ်ဖက်ထောက်ရင်း ခါးဝတ်ပုဆိုးကို ခေါင်းပေါ်တွင် ဆင်နှာမောင်းသဏ္ဍာန် ရစ်ခွေပေါင်းထားပြီး ပါးစပ်က ဆင်တစ်ကောင်ကဲ့သို့ တဝူးဝူးတဝေါင်းဝေါင်း အော်ဟစ်နေ၏။

သူ့ချိုင်းနှစ်ဖက်ကြားတွင်လည်း သွေးများစွန်းပေနေသော လုံတိုနှစ်ချောင်းကို ဆင်၏အစွယ်နှစ်ဖက်ကဲ့သို့ လုံသွားကို ရှေ့သို့ ထိုးစိုက်လျက် ညှပ်ထားလေရာ…

"ဟင်…ကိုအုန်းမြင့်"

မထင်မှတ်ထားသော မြင်ကွင်းကြောင့် ဦးသာဒွန်းတို့ လူစုကြီးမှာ ပါးစပ်က ယောင်ယမ်းပြီးပင် အော်ဟစ်လိုက်ကြသည်။ တစ်ချိန်တည်းမှာပင် ကိုအုန်းမြင့်၏ မလှမ်းမကမ်းနေရာတွင်တော့



www.burmeseclassic.com

www.burmeseclassic.com



လှံတိုနှစ်ချောင်း ထုတ်ခြင်းခတ်စူးဝင်ထားသော ဒဏ်ရာနှင့် ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်နေသော ဆင်းဗဟာဒူးကို သွေးအိုင်ထဲတွင် တွေ့လိုက်ရလေတော့သည်။

"ဟင်"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

ဆင်ခေါင်းဦးသာဒွန်း အပါအဝင် ဖဒိုရွာမှ ရွာသားများနှင့် ဆင်သမားများမှာ သွေးအိုင်ထဲတွင် လဲ့နှင့် ထိုးသတ်ခံလိုက်ရသော ဂေါ်ရခါးလူမျိုး ဆင်းဗဟာဒူး၏ အလောင်းကြီးကိုကြည့်ကာ အတန်ကြာအောင်ပင် မှင်သက်နေမိကြသည်။

တစ်ချိန်တည်းမှာပင် လှံတိုနှစ်ချောင်းကို ချိုင်းနှစ်ဖက်ကြား တွင်ညှပ်လျက် လူစိတ်ကင်းမဲ့စွာ တဝူးဝူးနှင့်အော်ဟစ်နေသော ကိုအုန်းမြင့်ကို အားလုံးက စုပ်တသပ်သပ်နှင့် ဖြစ်ကုန်ကြ၏။

ထိုအခါမှ ဆင်ခေါင်းဦးသာဒွန်းမှာလည်း အရာရာကို နားလည်သဘောပေါက်သွားဟန်နှင့် ခေါင်းတဆတ်ဆတ်ငြိမ့်လိုက်ပြီး...

"အေးပေါ့လေ...မတော်လောဘ သားကောင်တွေရဲ့ နောက်ဆုံးသွားရာလမ်းကတော့ ဒါပါပဲ၊ ဘဝမှာ ဘယ်အရာမဆို ကိုယ်နဲ့ထိုက်တန်မှ ရကြတာချည်းပဲဟေ့၊ အခုလည်း ဒီလူတွေ အသေ ဆိုးနဲ့သေကြရတာဟာ ယောဒီ မနန်းပုံဘုရားမှာ ဌာပနာသို့ ဆင်အံ လက်စွပ်ကြောင့်လို့ပဲ ထင်ပါရဲ့"

www.burmeseclassic.com



"ဟင်…ဆင်အံလက်စွပ်ကြောင့် ဟုတ်လား ဘထွေးသာဒွန်း"

"ဒါဆိုရင် သူတို့ဆီမှာ ဆင်အံလက်စွပ် ရှိနေလို့ပေါ့ ဟုတ်လား"

ထိုလူအုပ်ထဲမှ ဆင်သမားတစ်ယောက်က အံ့ဩတုန်လှုပ်သွားသည့် လေသံနှင့်မေးလိုက်၏။

"အေး…ဟုတ်တယ်၊ လောကကြီးမှာ တစ်ခါတစ်လေတော့လည်း လူဟာ တိရစ္ဆာန်တစ်ကောင်လောက်တောင်မှ အသိဉာဏ်ရှိချင်မှရှိကြတာကိုး၊ အခုလည်းကြည့်လေ၊ မနန်းပုံဆိုတဲ့ ဆင်မကြီးရဲ့အံပွားကို ဌာပနာထည့်မယ်ဆဲဆဲ လောဘသားကောင်တွေရဲ့ လက်ထဲကို အဆင့်ဆင့်ရောက်ပြီး မဖြစ်သင့်တာတွေ ဖြစ်ကြရတာ…"

"ဒါနဲ့ မနန်းပုံဆိုတဲ့ ဆင်မကြီးနဲ့ ဆင်းဂွတ်ပဒါးနောက်ကို ဒိုင်ယိုပြီးလိုက်လာတဲ့ အစိမ်းရောင်ဝတ် မိန်းကလေးကရော ဘယ်လိုပတ်သက်နေလို့လဲ ဘထွေးသာဒွန်း"

ဆင်ခေါင်းဦးသာဒွန်းမှာ ခါးပိုက်ဆောင်အတွင်း ထည့်ယူလာသည့် ကွမ်းတစ်ရာကို ပါးစောင်တွင် ထည့်ငုံလိုက်ရင်း…

"ဒီလိုရှိတယ်ကွဲ့၊ ပြောရမယ်ဆိုရင် ဆင်မကြီးမနန်းပုံရဲ့အံပွားကိစ္စကပဲ စပြောရမှာပဲ၊ အံပွားဆိုတာ မင်းတို့သိတဲ့အတိုင်းပဲ အလွန်တရာမှ ဖြစ်ခဲလှတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုလို့ဆိုရမှာပေါ့၊ အဲဒီအံပွားရှိတဲ့ သတ္တဝါတွေဟာ အများအားဖြင့် တုတ်၊ အင်း လက်နက်တွေ ပြီးတယ်၊ ကုန်ကုန်ပြောရရင်ကွာ၊ ကျည်တောင်ကွင်းတယ်လို့ အဆိုရှိထားတယ်မဟုတ်လား၊ တစ်နည်းအားဖြင့်တော့ အဲဒီအံပွားရှိတဲ့ ဆင်မကြီးမနန်းပုံဟာ ကမ္ဘာဖိဒ္ဓိရှိနေတဲ့ တိရစ္ဆာန်တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ၊ နောက်ပြီး အဲဒီဆင်မကြီးရဲ့ ရှေးတုန်းက ပြုခဲ့တဲ့ ကုသိုလ်ကံ အကြောင်းတရားတွေကြောင့် ဒီဘဝမှာ ဆင်လာဖြစ်တဲ့အခါမှာလည်း လူတွေနဲ့ နီးနီးစပ်စပ် ရှိရုံမက လူ့ဘဝကိုပါ ရဖို့ကံပါလာခဲ့တယ် ပြောရမှာပေါ့ကွာ"

ဆင်ခေါင်းဦးသာဒွန်းမှာ သူ့စကားကို ခဏရပ်ရင်း လည်ချောင်း တစ်ချက်နှစ်ချက် ရှင်းလိုက်၏။ ထို့နောက် ဦးသာဒွန်းက…

"အဲဒီလို လူ့ဘဝကိုရဖို့ ကံပါလာတဲ့ သတ္တဝါတွေဟာ သူတို့ သေဆုံးရင် ဂတိနိမိတ်ထင်ပြတဲ့အနေနဲ့ ငရဲကျမယ့် သတ္တဝါဆိုရင် လည်း မီးတောက်မီးလျှံတို့၊ တိရစ္ဆာန်ပြန်ဖြစ်ရမယ့်ဘဝ ဆိုရင်လည်း တိရစ္ဆာန်တို့၊ နတ်ဘဝကိုရမယ့် သတ္တဝါဆိုရင်လည်း ဘုံဗိမာန်တို့၊ ယန်းရထားတို့ဆိုတဲ့ နိမိတ်ပုံတွေနဲ့ မြင်ရတတ်တယ်ကွဲ့၊ အခုလည်း ဒီဆင်မကြီး မနန်းပုံသေပြီးတဲ့နောက်မှာ လူ့ဘဝကိုရမှာဖြစ်တဲ့အတွက် လူအသွင်သဏ္ဌာန် ဂတိနိမိတ်တွေနဲ့ မြင်ကြရတာ ဖြစ်ကြရတာဖြစ် မှာပေါ့ကွာ၊ ရှင်းရှင်းပြောရရင် ဆင်းဗွတ်ပဒါးနောက် လိုက်လာတဲ့ မိန်းကလေးဟာ ဆင်မကြီးမနန်းပုံပေါ့"

ဦးသာဒွန်း စိတ်ရှည်လက်ရှည်နှင့် ရှင်းပြနေသည့် စကားတွေကို အားလုံးက ခေါင်းတငြိမ့်ငြိမ့်နှင့်ပင် နားထောင်နေကြသည်။ ထိုအခါမှ ဆင်ဦးစီးကိုခေါင်းက သူ့လက်ထဲမှ ကညင်ဆီမီးတုတ်ကို အပေါ်သို့ မြှောက်လျက် ဦးသာဒွန်းအနားသို့ တိုးကပ်လာကာ…

"ဒါ…ဒါဆိုရင် ဟိုဆင်ရိုင်းကြီးပေါ်မှာ ကျုပ်တို့မြင်လိုက် ရတဲ့ လူနီနီနှစ်ယောက်က ဘထွေးသာဒွန်းပြောပုံအရဆိုရင် ပလုလာက သားတွေအသွင်နဲ့ မြင်ရတာနေမှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အေး…ငါလည်း အဲဒါ ပြောမလို့၊ သူတို့တွေဟာ သရဲ ထည်းမဟုတ်၊ ပရလောကသားတွေလည်း မဟုတ်ဘူး၊ သူတို့ကို မြင်ရတဲ့သူကိုယ်တိုင် မကောင်းမှုတစ်ခုခု လုပ်ခဲ့လို့ အကုသိုလ်စိတ်က သူကို ပြန်ခြောက်လှန့်တာပဲ၊ တကယ်တော့ အကုသိုလ်က စေစားတဲ့ အသွင်နဲ့ ပုံစံအမျိုးမျိုး မြင်ရတာပေါ့ကွာ၊ ဥပမာ လူနီနီမျိုးမြင်ရသလို လူဖြူဖြူ၊ လူမည်းမည်းကိုလည်း မြင်ရတာတတ်တာပဲ၊ ဒါတွေဟာ တကယ့် ဗဟိဒ္ဓိသဏ္ဌာန်မဟုတ်ဘူး၊ ကိုယ်လုပ်တဲ့ အကုသိုလ်ကြောင့် အမျိုးမျိုး မြင်ရတာ"

BURMESE CLASSIC

ထိုအချိန်မှ ဦးသာဒွန်းအပါအဝင် ဆင်ရိုင်းကြီးပေါ်မှ လူနီနီ နစ်ယောက်ကို တွေ့လိုက်ဖူးသူတွေအားလုံးမှာ သူတို့ကိုယ်သူတို့ အမျိုးမျိုးမြန်ပြီး ဆန်းစစ်ကြည့်လိုက်ကြသည်။

အမှန်တော့ လူဆိုတာ အကုသိုလ်စိတ်တွေ နည်းနိုင်သမျှ နည်းအောင် ကြိုးစားကြရမည့် သတ္တဝါတွေဖြစ်မှန်း အားလုံး၏ရင်ထဲ တွင် ကိုယ်စီအသိတရားတွေနှင့် ဖြစ်ကုန်ကြသည်။

သို့သော်…ဦးသာဒွန်းကြီး ကိုယ်တိုင်ကမူ ကညင်ဆီမီးတုတ် ကြီးကို ဇော့ယမ်းကိုင်ဆောင်ရင်း ဂူကြီးအတွင်းမှ ဒေးဒေးငိုင်ငိုင်ဖြင့် တစ်လှမ်းချင်း ထွက်သွားလေတော့သည်။

သတိုးဝေဒ

www.burmeseclassic.com